# ခရစ်ဝင်ကျမ်းများ

သင်ခန်းစာငါး

ရှင်ယောဟန်ခရစ်ဝင်ကျမ်း

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘီ၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

နောက်ခံသမိုင်း ........ 2

ကျမ်းရေးသူ ........ 2

အစဉ်အလာအမြင် ........ 2

ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်း ........ 6

အချိန်အခါ ........ 8

တည်နေရာ ........ 8

ပရိသတ် ........ 10

ရက်စွဲ ........ 11

ရည်ရွယ်ချက် ........ 14

ဖွဲ့စည်းပုံနှင့် အကြောင်းအရာ ........ 16

နိဒါန်း ........ 17

ယေရှု၏လူထုဆိုင်ရာဓမ္မအမှုတော် ........ 17

အမှုတော်အတွက် ပြင်ဆင်ခြင်း ........ 18

ပထမပသခါ ........ 20

အမည်မသိပွဲတော် ........ 23

ဒုတိယပသခါ ........ 23

သကေနေပွဲ ........ 24

အဂ်ၢနိပွဲ ........ 24

တတိယပသခါ ........ 25

ယေရှု၏ကိုယ်ပိုင်ဓမ္မအမှုတော် ........ 26

နောက်ဆုံးညစာစားပွဲ ........ 26

အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း ........ 30

နိဂုံး ........ 34

အဓိကအကြောင်းအရာများ ........ 36

ယုံကြည်ခြင်း ........ 36

ခရစ်တော် ........ 38

ဗိမာန်တော် ........ 39

ပွဲတော်များ ........ 42

တရားတော် ........ 44

ဘုရားသခင်၏သားတော် ........ 48




ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်......48
လူသား......51
**အသက်** ......51
**နိဂုံး** ......54



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို
ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

သူမ၏အမည်သည် ဆိုဖီယာဖြစ်သည်။ သို့သော်၊ ၎င်းသည် သူမ၏အမည်အရင်းမဟုတ်ပါ။ ယေရှုကို သူမယုံကြည်သောကြောင့် သူမကိုသတ်ပစ်မည်ဟု ခြိမ်းခြောက်သော သူငယ်ချင်းများနှင့် မိသားစုဝင်များထံမှပုံးကွယ်ရန်ထိုအမည်ကို သုံးခြင်းဖြစ်သည်။ ဆိုဖီယာသည် ယေရှုကိုယုံကြည်ခြင်းကြောင့်နှိပ်စက်ညှဉ်းပန်းခြင်းခံရသည့် နောက်ခံသမိုင်းမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ၎င်းသည် ယနေ့ ကမ္ဘာ့အစိတ်အပိုင်းများစွာ၏အခြေအနေ အမှန်ဖြစ်ပြီး၊ ပထမရာစုတွင်လည်း မှန်ပါသည်။ တမန်တော်ယောဟန်လက်ထက်၊ ဂျူးလူမျိုးယုံကြည်သူများသည် ယေရှုအားဖြင့်သူတို့၏ဘိုးဘေးများအားပေးသော ရှေးကတိတော်များကို ပြည့်စုံခြင်းဖြစ်သည်ဟု ယုံကြည်သောကြောင့် တရားဇရပ်များမှ နှင်ထုတ်ခြင်းခံခဲ့ရသည်။ သူတို့မိသားစု၊ သူတို့၏သမိုင်းနှင့် သူတို့၏ဘာသာရေးများမှ ဖြတ်တောက်ခြင်းခံခဲ့ရသည်။ ယေရှုသည် ခရစ်တော်၊ ဘုရားသခင်၏သားတော် အမှန်ပင်ဖြစ်ကြောင်း ဤညှဉ်းပန်းနှိပ်စက်ခံရသော ယုံကြည်သူများကိုအာမခံရန် ယောဟန်သည် ရေးသားခဲ့သည်။ ကြမ်းတမ်းသောအခြေအနေများတွင်ပင် ယေရှုအပေါ် သစ္စာတည်ကြည်ပြီး ကိုယ်တော်၌ ကြွယ်ဝသောအသက်တာကိုရရှိကြောင်း သူတို့ကို သိစေလိုသည်။

ဤသည်မှာ ကျွန်ုပ်တို့၏ ခရစ်ဝင်ကျမ်းများ အခန်းဆက်ဆောင်းပါးတွင် ပဉ္စမမြောက်သင်ခန်းစာဖြစ်သည်။ ဤအခန်းဆက်ဆောင်းပါးတွင်၊ ဘုရားသခင်၏နိုင်ငံတော်နှင့် ဘုန်းအသရေတော်ကို ကမ္ဘာမြေကြီး၏သမိုင်းသို့ ယေရှုမည်သို့ယူဆောင်လာပုံကိုဖော်ပြသည့် သမ္မာကျမ်းစာလေးကျမ်းကို ကျွန်ုပ်တို့ ရှာဖွေလေ့လာထားပါသည်။ ဤသင်ခန်းစာအား "ရှင်ယောဟန်ခရစ်ဝင်ကျမ်း"ဟု ခေါင်းစဉ်တပ်ထားသည်။ ဤသင်ခန်းစာတွင်၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို ကျွန်ုပ်တို့ပိုမိုနားလည်သဘောပေါက်ကာ ဖတ်ရှုနိုင်စေရန်၊ ဘုရားသခင်ကို ပို၍နက်ရှိုင်းစွာချစ်ရန်နှင့် ခရစ်တော်၌ ကျွန်ုပ်တို့၏ပိုမိုပြည့်ဝသော အသက်တာကိုခံစားနိုင်ရန် ကူညီပေးသည့်နည်းဖြင့် လေ့လာပါမည်။

ကျွန်ုပ်တို့၏သင်ခန်းစာတွင်၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို အရေးကြီးသောနည်းလမ်းသုံးမျိုးဖြင့် လေ့လာပါမည်။ ဦးစွာ၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏နောက်ခံသမိုင်းကို သုံးသပ်ပါမည်။ ဒုတိယ၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာတို့ကို လေ့လာပါမည်။ တတိယ၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏ အဓိကအကြောင်းအရာများကို ကြည့်ရှုပါမည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏ နောက်ခံသမိုင်းကို လေ့လာခြင်းဖြင့် စတင်ပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နောက်ခံသမိုင်း

ကျမ်းရေးသူနှင့် ရေးသားချိန်ကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏ နောက်ခံသမိုင်းကို ကျွန်ုပ်တို့ လေ့လာမည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏ ကျမ်းရေးသူဖြင့်စတင်ကြပါစို့။

## ကျမ်းရေးသူ

အသင်းတော်သမိုင်းတစ်လျှောက် ခရစ်ယာန်များသည် ဤခရစ်ဝင်ကျမ်းကို ယေရှု၏တပည့်တော်ယောဟန်၊ ဇေဗေဒဲ၏သား ယာကုပ်၏ညီ ရေးသားကြောင်းကိုလက်ခံကြသည်။ ယောဟန်သည် ယေရှု၏ယုံကြည်ရဆုံးသောသူများထဲမှ တစ်ဦးဖြစ်ပြီး၊ ကနဦးခရစ်ယာန်အသိုင်းအဝိုင်းတွင် ယုံကြည်ခြင်း၏ဒေါက်တိုင်တစ်ဦးဖြစ်သည်။ သူ၏ဓမ္မသစ်ကျမ်းရေးသားခြင်းတွင် စတုတ္ထမြောက်ခရစ်ဝင်ကျမ်းသာမက ရှင်ယောဟန်ဩဝါဒစာစောင် ၁၊ ၂၊ ၃ နှင့် ဗျာဒိတ်ကျမ်းတို့လည်း ပါဝင်သည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို အဆင့်နှစ်ဆင့်ဖြင့် လေ့လာပါမည်။ ဦးစွာ၊ ဤခရစ်ဝင်ကျမ်းကို တမန်တော်ယောဟန်ရေးသားခဲ့ကြောင်း အစဉ်အလာအမြင်သည် ယုံကြည်စိတ်ချရသည်ကို သိမြင်ရမည်ဖြစ်သည်။ ဒုတိယ၊ ကျွန်ုပ်တို့သည် ယောဟန်၏ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်းကိုလေ့လာမည်။ တမန်တော်ယောဟန်သည် စတုတ္ထမြောက်ခရစ်ဝင်ကျမ်းကို ရေးသားသူဖြစ်သည်ဟူသော အစဉ်အလာအမြင်ကို ကြည့်ကြပါစို့။

### အစဉ်အလာအမြင်

> ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် သမ္မာကျမ်းစာရှိ ကျမ်းရေးသူအမည်မဖော်ပြထားသော ကျမ်းများထဲမှတစ်ကျမ်းဖြစ်သည်။ ၎င်းကို ကျွန်ုပ်တို့စတင်လေ့လာနေသည်ဟုထင်ပါသည်။ သမ္မာကျမ်းစာကို ယုံကြည်သောခရစ်ယာန်များအနေနှင့် ကျွန်ုပ်တို့သည်၊ ကျမ်းကိုရေးသားခဲ့သူနှင့်ပတ်သက်၍ တိကျသေချာသော ထုတ်ပြန်ချက်မရှိခြင်းကို အသိအမှတ်ပြုပါသည်။ ဒုတိယရာစုတွင်၊ Tertullian, Irenaeus နှင့် အခြားသူတို့သည် ၎င်းကို တမန်တော်ယောဟန်ဖြစ်သည်ဟု အတိအကျရည်ညွှန်းခဲ့ကြသည်။ ထို့ကြောင့်၊ သူတို့သည် နောက်ဆုံးအသက်ရှင်သောတမန်တော်အချို့နှင့်လည်းကောင်း၊ နောက်မျိုးဆက်သစ်များနှင့်လည်းကောင်း အနီးကပ်အဆက်အသွယ်ရှိခဲ့သော်လည်း အဘယ်ကြောင့် ခိုင်မာစွာ ယုံကြည်ခဲ့ကြသနည်းဟူသော မေးခွန်းကို သင်မေးရမည်ဖြစ်သည်။ မေးသည့်သူများလည်း ရှိကြသည်။ ခရစ်ဝင်ကျမ်းထဲကိုဝင်လေ့လာပါ။ သင်သည် ကျမ်းထဲမှ အတွင်းပိုင်းအထောက်အထားများကို တွေ့ရမည်ဖြစ်သည်၊ ကျမ်းရေးသူတိုင်းသည် သူတို့ရှိနေချိန် ဖြစ်ပျက်သည့်ဇာတ်လမ်းအကြောင်းကိုရေးခြင်းဖြစ်ပြီး

ၚင်းအဖြစ်အပျက်များကို မျက်မြင်သက်သေမှတ်တမ်းများလည်းရှိသည်။ ဥပမာအားဖြင့်၊ သခင်ဘုရား၏ညစာစားပွဲ၌ ချစ်လှစွာသောတပည့်တော်သည်၊ ယေရှုနှင့်အတူ စားပွဲ၌ရှိနေပြီးၚင်းသည် အလွန်အစွမ်းကြီးသောအရာဖြစ်သည်။

**Dr. Steve Harper**

ကနဦးအထောက်အထားသုံးမျိုးကြောင့် စတုတ္ထမြောက်ခရစ်ဝင်ကျမ်းကို ယောဟန်ရေးခဲ့သည်မှာ ဖြစ်နိုင်ခြေအရှိဆုံးဖြစ်ကြောင်း ကျွန်ုပ်တို့အတည်ပြုနိုင်ပါသည်။ ဦးစွာ၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏ ရှေးခေတ်လက်ရေးစာမူများကိုသုံးသပ်ပါမည်။

**လက်ရေးစာမူများ။** စတုတ္ထမြောက်ခရစ်ဝင်ကျမ်း၏ ရှေးခေတ်လက်ရေးစာမူအများအပြားတွင် ကျမ်းရေးသူ၏အမည်ကို ယောဟန်ဖြစ်သည်ဟု ဖော်ပြထားသည်။ ဥပမာအားဖြင့် Papyrus ၆၆ နှင့် Papyrus ၇၅ နှစ်ခုစလုံးသည် အေဒီ ၂၀၀ ဝန်းကျင်ရက်စွဲပါရှိကာ၊ *euangelion kata Iōannēn* ဟု ခေါ်ဆိုသည်၊ အဓိပ္ပါယ်မှာ "ရှင်ယောဟန်ခရစ်ဝင်ကျမ်း" ဖြစ်သည်။ အေဒီလေးရာစုအလယ်တွင် ရေးသားခဲ့သော Codex Sinaiticus နှင့် Codex Vaticanus နှစ်ခုစလုံးသည် ၚင်းကို "ယောဟန်၏ကျမ်း" ဟု အဓိပ္ပါယ်ရသော kata Iōannēn ဟုခေါ်သည်။

ဟုတ်ပါသည်၊ ယောဟန်သည် သာမန်ဘုံအမည်တစ်ခုမဟုတ်ပါ။ သို့သော် ဤရည်ညွှန်းချက်သည် သမ္မာကျမ်းစာတွင် ဖော်ပြထားသော"ယောဟန်" ခေါ် တမန်တော်ယောဟန်ကို ရည်ညွှန်းကြောင်း ကနဦးအသင်းတော်၏ရေးသားချက်များသည် ထင်ရှားပါသည်။

ယောဟန်သည် စတုတ္ထမြောက်ခရစ်ဝင်ကျမ်းကို ရေးသားခဲ့ကြောင်း ရှေးခေတ်လက်ရေးစာမူများဖော်ပြသည်သာမက၊ ခရစ်ဝင်ကျမ်၏ အတွင်းပိုင်းအထောက်အထားများကိုယ်တိုင်သည် ယောဟန်သည် ဖြစ်နိုင်ခြေအရှိဆုံးကျမ်းရေးသူဖြစ်ကြောင်း ကောက်ချက်ချစေသည်။

**အတွင်းပိုင်းအထောက်အထား။** ခရစ်ဝင်ကျမ်းရေးသားသူသည် ဂျူးပညတ်ချက်များနှင့် ပတ်သက်၍ ယေရှုနှင့် ဂျူးခေါင်းဆောင်များကြား ဆွေးနွေးငြင်းခုံမှုများကို တင်ပြခဲ့သည်။ တမန်တော်ယောဟန်ကဲ့သို့သော ပါလက်စတိုင်းဂျူးလူမျိုးတစ်ဦးဖြစ်နိုင်ကာ၊ ကျမ်းရေးသူသည် ဂျူးလူမျိုးပညတ်အားကောင်းစွာနားလည်ကြောင်း ဤဆွေးနွေးငြင်းခုံမှုများသည် ဖော်ပြသည်။

ထပ်မံလေ့လာပါက၊ ဤခရစ်ဝင်ကျမ်းကို ရေးသားသူသည် ပါလက်စတိုင်း ဂျူးလူမျိုးဖြစ်ကြောင်းခိုင်လုံသည့် အထောက်အထားများ ရှိနေသည်။ ခရစ်ဝင်ကျမ်း၏ ပါလက်စတိုင်းစရိုက်လက္ခဏာကို ယေရှု၏ဓမ္မအမှုတော်ဖော်ပြချက်များတွင် မြင်တွေ့ရသည်။ ဥပမာ၊ ၇:၁၅ တွင် ပါလက်စတိုင်းဂျူးခေါင်းဆောင်များ၏ အမြင်တွင် ဘာသာရေးလေ့ကျင့်မှု၏ အရေးပါပုံကို မှတ်သားထားသည်။

စတုတ္ထမြောက်ခရစ်ဝင်ကျမ်းရေးသားသူသည် ဘာသာရေးဆိုင်ရာအကြောင်းအရာများကို ဖော်ပြခဲ့ပြီး ပထမရာစုပါလက်စတိုင်းဂျူးဘာသာတရားမှ အခြားရေးသားမှုများနှင့် ဆင်တူသော ဝေါဟာရကိုအသုံးပြုခဲ့သည်။ ဥပမာ၊ ပညာရှင်များသည် ရှင်ယောဟန်ခရစ်ဝင်ကျမ်းနှင့် ပင်လယ်သေကျမ်းလိပ်များဟု အများသိကြသော Qumran တွင်၊ ရေးသားမှုများကြား ဘာသာစကားတူညီမှုများကိုထောက်ပြခဲ့ကြသည်။ ဥပမာအားဖြင့်၊ "အလင်း၏သား" ဟူသောအသုံးအနှုန်းသည် Qumran



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

စာတမ်းများနှင့် ယောဟန် ၁၂:၃၆ နှစ်ခုလုံးတွင် ပါရှိသည်။ Qumran နှင့် ယောဟန် ၈:၁၂ တွင် "အသက်၏အလင်း" ဟူသော စကားစုအား တွေ့ရသည်။ ဤကဲ့သို့သော အလားတူဆင်တူမှုများသည် စတုတ္ထမြောက်ခရစ်ဝင်ကျမ်းကို ရေးသားသူသည် ပထမရာစုပါလက်စတိုင်း၏ ဘာသာရေးအသိုင်းအဝိုင်းတွင် ရှိနေကြောင်း ဖော်ပြသည်။

ခရစ်ဝင်ကျမ်း၏ကျမ်းစာသားသည် ပါလက်စတိုင်းဂျူးလူမျိုးတစ်ဦးမှ ရေးသားခဲ့ကြောင်း ဖော်ပြရုံသာမက မျက်မြင်သက်သေတစ်ဦးမှ ရေးသားခဲ့ကြောင်းကိုလည်း ဖော်ပြသည်။ ၎င်းသည် တမန်တော်ယောဟန်၏ကိုယ်ရေးအချက်နှင့် ကိုက်ညီသည်၊ အကြောင်းမှာ သူကိုယ်တိုင်ယေရှု၏ အသက်တာအတွက် မျက်မြင်သက်သေဖြစ်ခဲ့သည်။ ကျမ်းရေးသူသည် မျက်မြင်သက်သေတစ်ဦးဖြစ်ကြောင်း နေရာများစွာတွင်အထောက်အထားများ တွေ့ရသည်။ ဥပမာ၊ ယေရှုသေဆုံးပြီးနောက် ယောဟန် ၁၉:၃၅ သည် ဤသို့ဆိုသည်–

> ထိုအကြောင်းအရာကိုမြင်သောသူသည် သက်သေခံ၏။ သူ၏သက်သေခံချက်သည်လည်း မှန်ပေ၏။ သင်တို့သည်ယုံကြည်မည်အကြောင်း၊ သူပြောသော စကားမှန်သည်ကို သူသိ၏ (ယောဟန် ၁၉:၃၅)။

ဤနေရာတွင် ကျမ်းရေးသူသည် ယေရှု၏သေဆုံးခြင်းကို မျက်မြင်သက်သေဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြသည်။ ထို့အပြင် ယောဟန် ၂၁:၂၀-၂၄ တွင် အလားတူဖော်ပြချက်တစ်ခုကို ကျွန်ုပ်တို့ တွေ့မြင်ရပြီး၊ ၎င်းကို "ယေရှုချစ်တော်မူသောတပည့်တော်" ဟုခေါ်ဆိုခြင်းဖြင့် ဤမျက်မြင်သက်သေကို ခွဲခြားသိမြင်စေကာ ကျမ်းရေးသူသည် ယေရှုနှင့် ရင်းနှီးသောပုဂ္ဂိုလ်ရေးဆက်ဆံရေးရှိကြောင်း ဖော်ပြသည်။

> နောက်ဆုံးညစာစားပွဲတွင် ယောဟန်သည် ယေရှု၏ရင်ခွင်ပေါ် လှဲလျောင်းသည်ကို စဉ်းစားကြည့်ပါ။ ထိုလူနှစ်ဦးကြားရှိ ရင်းနှီးမှုကို စဉ်းစားကြည့်ပါ။ လက်ဝါးကပ်တိုင်ပေါ် သခင်ယေရှုအသေခံချိန်၌ပင်၊ ညီအကိုမောင်နှမများကိုသာမက တမန်တော်ယောဟန်အားလည်း သူ၏မိခင်ကိုစောင့်ရှောက်ရန် မိန့်တော်မူခဲ့သည်။ ထိုလူနှစ်ယောက်ကြားတွင် အလွန်နက်ရှိုင်းပြီး ရင်းနှီးသော ဆက်ဆံရေးရှိရမည်။ မိမိကိုယ်ကိုဖော်ပြချက်တွင်ပင်၊ ယောဟန်သည် ယေရှုချစ်တော်မူသောတပည့်တော်ကဲ့သို့ မာနထောင်လွှားခြင်းမရှိဘဲ ဖော်ပြပါသည်။
>
> **Dr. Thaddeus J. James, Jr.**

ဤ"ယေရှုချစ်တော်မူသောတပည့်တော်"စကားလုံးကို ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် အကြိမ်များစွာဖော်ပြထားသည်။ ဥပမာ၊ ယောဟန် ၁၃:၂၃ အရ၊ နောက်ဆုံးညစာစားပွဲတွင် ချစ်လှစွာသော တပည့်တော်သည် ယေရှု၏ရင်ခွင်တော်နားတွင် လျောင်းနေ၏။ ၁၉:၂၆-၂၇ တွင်၊ ယေရှုသည် လက်ဝါးကပ်တိုင်မှ ချစ်လှစွာသောတပည့်တော်အား စကားပြောဆိုခဲ့ပြီး မိခင်အားစောင့်ရှောက်ရန် သူ့ထံ အပ်နှင်းခဲ့သည်။ ဤတပည့်တော်သည် ၂၀:၂-၈ တွင် ရှင်ပြန်ထမြောက်ခြင်းနံနက်တွင် ပေတရုနှင့်အတူ

သင်္ချိုင်းသို့ပြေးသွားခဲ့သည်။ ၂၁:၇ တွင်၊ ချစ်လှစွာသောတပည့်တော်သည် ကမ်းပေါ်ရှိ ယေရှုကို ဦးဆုံး မှတ်မိခဲ့သည်။

> တမန်တော်ယောဟန်သည် မိမိကိုယ်ကို ယေရှုချစ်မြတ်နိုးသူအဖြစ် ခွဲခြားသိမြင်စေလိုသောကြောင့် သူရေးသော ခရစ်ဝင်ကျမ်းတွင် သူ၏အမည်ကို မည်သည့်အခါမျှ ဖော်ပြခြင်းမရှိပါ။ ထိုသို့လုပ်ဆောင်ခြင်းတွင်၊ သူသည်အလွန်ပီပြင်သည် သို့မဟုတ် သူ၏နှိမ့်ချမှုကို တစ်နည်းတစ်ဖုံထုတ်ဖော်ပြသပြီး၊ သူ၏သခင်နှင့် ဆက်ဆံရေးကို ဂုဏ်ပြုခြင်းဖြစ်သည်။ ခရစ်ဝင်ကျမ်းကို သင်ဖတ်ရာတွင်၊ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ အခြားတပည့်တော်အားလုံးအကြောင်း သူ ဖော်ပြနေချိန်၌ သူသည် သူ၏အမည်ကို မည်သည့်အခါမျှ ရည်ညွှန်းခြင်းမရှိ။
>
> **Rev. Larry Cockrell**

ခရစ်ဝင်ကျမ်းတွင် တစ်ကြိမ်မျှ ယောဟန်အား အမည်နာမဖြင့် ရည်ညွှန်းခြင်းမရှိ။ အခြားခရစ်ဝင်ကျမ်းများတွင် မကြာခဏဖော်ပြခံရသောလူတစ်ဦးကို ဤတစ်ခုတွင် အမည်မဖော်ပြခြင်းသည် အံ့သြစရာကောင်းသည်။ ဖြစ်နိုင်ခြေအရှိဆုံး ရှင်းပြချက်မှာ၊ ယောဟန်သည် ဤခရစ်ဝင်ကျမ်းကို ရေးသားသောချစ်လှစွာသော တပည့်တော်ဖြစ်ပြီး၊ နှိမ့်ချမှုကြောင့် မိမိအမည်ကိုပင် မပြောဘဲနေခဲ့ခြင်း ဖြစ်သည်။ ၎င်းအစား၊ သူ့အတွက် ကယ်တင်ရှင်၏အံ့သြဖွယ်မြင့်မြတ်သောချစ်ခြင်းမေတ္တာမှလွဲ၍ မည်သည့်အခါမျှ ယေရှု၏နောက်လိုက်ဖြစ်မည်မဟုတ်ဟူသောအချက်ကို သူအာရုံစိုက်ခဲ့သည်။

စတုတ္ထမြောက်ခရစ်ဝင်ကျမ်းကိုယ်တိုင် ယောဟန်သည် ၎င်း၏ဖြစ်နိုင်ခြေအရှိဆုံးကျမ်းရေးသူ ဖြစ်သည်ဟူသော ယုံကြည်ချက်ကို အထောက်အပံ့ပေးရုံသာမက ကနဦးအသင်းတော်၏ရေးသားချက်များသည် ထိုကောက်ချက်ကို အတည်ပြုခဲ့သည်။

**ကနဦးအသင်းတော်။** အေဒီ ၁၇၀ မှ ၁၉၀ တွင် စတုတ္ထမြောက်ခရစ်ဝင်ကျမ်းသည် တမန်တော်ယောဟန်ရေးသားခဲ့ကြောင်း အသင်းတော်တွင် အခိုင်အမာခံယူခဲ့သည်။ ဇေဗေဒဲ၏သားယောဟန်သည် ကျမ်းရေးသူဖြစ်ကြောင်း Alexandria, Tertullian နှင့် Irenaeus တို့သည် အတည်ပြုခဲ့သည်။ အေဒီ ၃၂၅ ဝန်းကျင်တွင် အသင်းတော်သမိုင်းပညာရှင် Eusebius သည် Irenaeus ထံမှ အောက်ပါကိုးကားချက်ကို သူ၏ *Ecclesiastical History* စာအုပ် ၅၊ အခန်း ၈၊ အခန်း ၄ တွင် ဖော်ပြထားသည်။

> ရင်ခွင်တော်၌အိပ်ပျော်သော ကိုယ်တော်၏ တပည့်တော်ယောဟန်သည် အာရှိပြည်ဧဖက်မြို့၌ နေတော်မူစဉ် ခရစ်ဝင်ကျမ်းကို ပေးခဲ့သည်။

Irenaeus ၏သက်သေခံချက်သည် အနည်းဆုံးအကြောင်းရင်းနှစ်ခုအတွက် အထူးအရေးကြီးသည်။ ဦးစွာ၊ Eusebius ၏အဆိုအရ Irenaeus သည် Smyrna မှဘုန်းတော်ကြီး Polycarp ၏တပည့်တော်ဖြစ်သည်။ သူတို့၏ဘုန်းတော်ကြီး၏ အာဇာနည်ဖြစ်မှုနှင့် ပတ်သက်၍ Smyrna အသင်းတော်မှ စာတစ်စောင်အရ၊ Polycarp ကိုယ်တိုင်သည် တမန်တော်ယောဟန်၏ တပည့်တော်တစ်ဦးဖြစ်သည်။ ထို့ကြောင့်၊ Irenaeus သည် ယောဟန်၏ရေးသားမှုအကြောင်းကို ယောဟန်အား ကိုယ်တိုင်သိသော



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယုံကြည်ထိုက်သူတစ်ဦးထံမှ လေ့လာခဲ့ဖွယ်ရှိသည်။ ဒုတိယ၊ Irenaeus သည် ကနဦးအသင်းတော်တွင် နေရာအနှံ့ခရီးထွက်ခဲ့သောကြောင့် စတုတ္ထမြောက်ခရစ်ဝင်ကျမ်း၏ ရေးသားမှုနှင့်ပတ်သက်၍ နားလည်မှုကိုပေးနိုင်သည့် အခြားသောအချက်အလက်များစွာနှင့် ရင်းနှီးခဲ့သည်။

ကျမ်းရေးသူအဖြစ် ယောဟန်ကိုသတ်မှတ်ခြင်းအား ဆန့်ကျင်ခြင်းမရှိကြောင်းလည်း ထင်ရှားသည်။ ကနဦးအသင်းတော်၏ရေးသားချက်များတွင် ဇေဗေဒဲ၏သားယောဟန်မှလွဲ၍ ခရစ်ဝင်ကျမ်းအတွက် အခြားကျမ်းရေးသူတစ်ဦးအား အကြံပြုချက်တစ်ခုမျှမရှိပါ။ အမှန်တကယ်၊ သမိုင်းတွင် ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို Alogoi နှင့် Marcionites အုပ်စုနှစ်စုသာ ဆန့်ကျင်သည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏သွန်သင်ချက်များကို ငြင်းပယ်ကြသော်လည်း၊ ကျမ်းရေးသူရှင်ယောဟန်ဖြစ်ခြင်းနှင့် ပါတ်သက်၍အလုံးစုံရှင်းလင်းစွာငြင်းဆိုခြင်းမရှိ။

ဤအမည်မသိသောခရစ်ဝင်ကျမ်းသည် ယောဟန်ရေးသားခဲ့ကြောင်း သံသယများအားလုံးကို သက်သေပြရန်မဖြစ်နိုင်သော်လည်း၊ ယုံကြည်စရာအကောင်းဆုံးအနေအထားမှာ တမန်တော်ယောဟန်သည် ကျမ်းရေးသူဖြစ်ကြောင်း ရှေးထုံးတမ်းစဉ်လာ၏လက်ခံမှုသည် ဆက်လက်တည်ရှိနေခြင်းဖြစ်သည်။

ယခု ကျွန်ုပ်တို့သည် စတုတ္ထမြောက်ခရစ်ဝင်ကျမ်းအား ယောဟန်ရေးသားခဲ့ကြောင်း အစဉ်အလာအမြင်ကို သုံးသပ်ပြီးနောက်၊ ၎င်းသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းပုံရပြီး၊ ယောဟန်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်းကို ဆက်ကြည့်ကြပါစို့။

## ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်း

ယေရှု၏အခြားတပည့်တော်များအကြောင်းသိသည်ထက် ယောဟန်အကြောင်း ကျွန်ုပ်တို့ အမှန်တကယ်သာ၍သိသည်။ ယောဟန်ကို ခရစ်ဝင်ကျမ်းများတွင် သူ၏အစ်ကိုယာကုပ်နှင့်အတူ "ဇေဗေဒဲ၏သားများ" ဟုရည်ညွှန်းသည်။ ယောဟန်သည် ၎င်းတို့နှစ်ဦးအနက်မှ အငယ်ဖြစ်သည်ဟု ရည်ညွှန်းပြီး ဒုတိယဖော်ပြခြင်းခံရသည်။ မာကု ၁:၁၄-၂၁ အရ၊ မိသားစုငါးဖမ်းလုပ်ငန်းသည် ဂါလိလဲပင်လယ်ရှိ ကပေရနောင်မြို့အနီးတွင်ရှိသည်။ အခန်းငယ် ၂၀ အရ၊ လုပ်ငန်းသည် အခြားသူများကို အလုပ်ခန့်ရန် အတွက်ပင် လုံလောက်သည်။ ယေရှုသေဆုံးပြီးနောက်၊ ယောဟန် ၂၁:၁-၁၄ အရ သူတို့သည် ၎င်းလုပ်ငန်းသို့ ပြန်သွားရန် လုပ်ငန်းသည်လုံလောက်စွာ ခိုင်မာဆဲဖြစ်သည်။

မာကု ၁၅:၄၀ နှင့် မဿဲ ၂၇:၅၆ တို့ကို နှိုင်းယှဉ်ကြည့်လျှင် သူတို့၏မိခင်အမည်သည် ရှာလုံ ဖြစ်ပြီး၊ တစ်ချိန်ချိန်တွင် ယေရှုနောက်သို့ လိုက်ခဲ့ကြောင်းလည်း ဖော်ပြသည်။ တစ်ချိန်တွင် သူမသည် မဿဲ ၂၀:၂၁ အရ၊ သူမ၏သားများကို ကိုယ်တော်၏နိုင်ငံ၌ ဦးစားပေးရန် ယေရှုကို တောင်းဆိုခဲ့သည်။ ထပ်မံ၍ ယောဟန် ၁၉:၂၅ နှင့် မဿဲ ၂၇:၅၆ တို့ကို နှိုင်းယှဉ်ကြည့်လျှင်၊ ဇေဗေဒဲ၏သားများ၏မိခင် ရှာလုံသည် ယေရှု၏မိခင်မာရိ၏ညီမ အမှန်တကယ်ဖြစ်ကြောင်း ဖော်ပြသည်။ ဤအရာသည် ယောဟန်ကို ယေရှု၏ဝမ်းကွဲဖြစ်စေခဲ့သည်။ ၎င်းသည် မှန်ကန်ပါက ယောဟန် ၁၉:၂၅-၂၇ တွင် ယေရှုသည် လက်ဝါးကပ်တိုင်၌ သူ့မိခင်ကို ပြုစုရန် ယောဟန်အား အဘယ်ကြောင့်တောင်းဆိုကြောင်း ရှင်းလင်းစေပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မာကု ၃:၁၇ တွင်၊ ယာကုပ်နှင့်ယောဟန်ကို “မိုးကြိုးသား” ဟုခေါ်သည်။ ၎င်းသည် သူတို့၏ စိတ်ဓာတ်ပြင်းထန်မှုကို ရည်ညွှန်းပုံရသည်။ ဥပမာတစ်ခုအနေနှင့်၊ ယေရှုသည် ရှမာရိမြို့တွင် ညအိပ် တည်းခိုရန် ကြိုးစားခဲ့သည့်အချိန်ကို လုကာတင်ပြခဲ့သည်။ ယေရှုနှင့်တပည့်တော်များတည်းခိုရန် မြို့သားများငြင်းဆိုသောအခါတွင် ယာကုပ်နှင့်ယောဟန်တို့သည် ပြင်းထန်စွာ ဒေါသတကြီးတုံ့ပြန်ခဲ့ကြ သည်။ လုကာ ၉:၅၄-၅၆ ကို နားထောင်ပါ_

> ထိုအကြောင်းကို တပည့်တော်ယာကုပ်၊ ယောဟန်တို့သည်မြင်လျှင်၊ သခင်၊ ဧလိယပြုသကဲ့သို့ အကျွန်ုပ်တို့သည် ကောင်းကင်မှမီးကျစေ၍ ထိုသူတို့ကို လောင်းစေခြင်းငှါ အလိုရှိတော်မူသလောဟု လျှောက်ကြသော်၊ ယေရှုသည် လှည့်ကြည့်၍ ဆုံးမတော်မူပြီးမှ၊ အခြားသောရွာသို့ကြွတော်မူ၏ (လုကာ ၉:၅၄-၅၆)။

သခင်ယေရှုနှင့် အတူရှိချိန်အတွင်း၊ ယောဟန်၏ စိတ်ခံစားမှုများသည် မကြာခဏဆိုသလို ပေါက်ကွဲထွက်ပေါ်လုနီး ရှိပုံရသည်။ နောက်ဆုံးတွင် သူသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် ဘုရား သခင့်လူတို့၏ ချစ်ခြင်းမေတ္တာကို အခြားကျမ်းရေးသူများထက် သာ၍အာရုံစိုက်ခဲ့သော ဓမ္မသစ်ကျမ်း ရေးသူတစ်ဦး ဖြစ်လာခဲ့သည်မှာ အံ့သြစရာပင်ဖြစ်သည်။

စတုတ္ထမြောက်ခရစ်ဝင်ကျမ်း၏ သနားညှာတာမှုသဘောသည် အခြားသော ခရစ်ဝင်ကျမ်းများ တွင်ဖော်ပြသောယောဟန်၏ပုံစံနှင့် ဆန့်ကျင်ဘက်ဖြစ်သည်ဟု ဝေဖန်သူအချို့ ယူဆကြသည်။ သို့သော် တွေးခေါ်မှုနှစ်ခု သည် ကွဲလွဲမှုမရှိကြောင်း ရှင်းလင်းပါသည်။ ပထမ၊ ယောဟန်၏ဇာတ်လမ်းသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာဖြင့် ပြောင်းလဲလာသော လူသားတစ်ဦး၏ ဇာတ်လမ်းဖြစ်သည်။ သခင်ယေရှု၏ချစ်ခြင်း ခံရခြင်းသည် ယောဟန်အား ချစ်ခြင်းမေတ္တာ၏တမန်တော်အဖြစ်သို့ ပြောင်းလဲစေခဲ့သည်။ ဒုတိယ၊ ဘုရားသခင်သည် စိတ်လှုပ်ရှားမှုပြင်းထန်သော ယောဟန်ကို ပြောင်းလဲစေသောအခါ၊ ကိုယ်တော်သည် သူ့ကို မလှုပ်မယှက်နိုင်သော အခွံလူသားတစ်ဦးအဖြစ်သို့ မပြောင်းလဲခဲ့ပါ။ သူ့ကို ချစ်ခြင်းမေတ္တာ၏ ဧဝံဂေလိတရားဟောဆရာအဖြစ်သို့ ပြောင်းလဲပေးခဲ့သည်။ ဘုရားသခင်သည် သူ၏ ဖြစ်တည်မှု၏ အဓိကအချက်ကို ထိန်းသိမ်းညွှန်ပြပြီး အသုံးပြုခဲ့သော်လည်း ထိုအဓိကအချက်ကို ဖျက်မပစ်ခဲ့ပါ။

ခရစ်ဝင်ကျမ်း၏ဇာတ်ကြောင်းတွင်၊ ယောဟန်သည် ပေတရုနှင့်ယာကုပ်တို့နှင့်အတူ တပည့် တော်များ၏အတွင်းစည်းအတွင်းရှိ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ သခင်ယေရှု၏အသွင်ပြောင်းခြင်းကဲ့သို့ သော အရေးကြီးသောဖြစ်ရပ်များ၊ အဖမ်းခံရသည့်ညတွင် ဂေသရှေမန်ဥယျာဉ်တွင် ဆုတောင်းပဌနာ ပြုခြင်းတွင် သူတို့သာ ယေရှုနှင့်အတူရှိခဲ့ကြသည်။ တမန်တော်ဝတ္ထုတွင်၊ ပေတရုနှင့် ယောဟန်သည် တပည့်တော်များ၏ ခေါင်းဆောင်နှစ်ဦးဖြစ်သည်။ ဂလာတိ ၂:၉ တွင်၊ ပေါလုသည် ယောဟန်အား ယေရုရှလင်မြို့အသင်းတော်၏ဒေါက်တိုင်တစ်ခုအဖြစ် ခေါ်ဝေါ် ခဲ့သည်။

ကနဦးအသင်းတော်တွင်၊ Irenaeus နှင့် အခြားသတင်းရင်းမြစ်များစွာသည်၊ ယောဟန်သည် ယေရုရှလင်မြို့မှ ထွက်ခွာပြီးနောက် ဖေက်မြို့၌ နှစ်ရှည်လများဓမ္မအမှုတော်ကိုဆောင်ရွက်ခဲ့ကြောင်း ဖော်ပြသည်။ ယောဟန်သည် နောက်ဆုံးတွင် Patmos ကျွန်းသို့ ပြည်နှင်ဒဏ်ခံရကြောင်း ခိုင်မာသော



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အစဉ်အလာအမြင်တစ်ခုလည်း ရှိပါသည်။ အချို့သော သတင်းရင်းမြစ်အရ၊ သူသည် နောက်ပိုင်းတွင် ပြည်နှင်ဒဏ်မှ လွတ်မြောက်လာပြီးဖေက်မြို့သို့ပြန်လာကာ၊ ပထမရာစုအကုန် ဧကရာဇ်မင်း Trajan နန်းတက်စဉ် ထိုနေရာတွင် သေဆုံးသွားခဲ့သည်ဟု ဆိုသည်။

ယခု ကျွန်ုပ်တို့သည် စတုတ္ထမြောက်ခရစ်ဝင်ကျမ်းကို ယောဟန်ရေးသားခဲ့ကြောင်း အစဉ်အလာအမြင်ကို အတည်ပြုခဲ့ပြီး၊ ယောဟန်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်းကြောင်းအနည်းငယ်နှင့် အကျွမ်းတဝင်ဖြစ်နေပြီဖြစ်သောကြောင့်၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်းရေးသားသည့် အချိန်အခါကို ဆက်၍လေ့လာကြည့်ကြပါစို့။

# အချိန်အခါ

ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို ရေးသည့်အချိန်အခါနှင့်ပတ်သက်၍ နည်းလမ်းလေးခုဖြင့်လေ့လာပါမည်။ ပထမဦးစွာ၊ ပရိသတ်နှင့်ကျမ်းရေးသူနှစ်ဦးစလုံး၏ပထဝီဝင်တည်နေရာကိုသုံးသပ်မည်။ ဒုတိယ၊ ကျွန်ုပ်တို့သည် မူလပရိသတ်၏ဝိသေသလက္ခဏာကို အနည်းငယ်ပို၍ အနီးကပ်ကြည့်ပါမည်။ တတိယ အချက်အနေဖြင့် ကျမ်းရေးသည့်ရက်စွဲကို သုံးသပ်ပါမည်။ စတုတ္ထ၊ ခရစ်ဝင်ကျမ်း၏ ရည်ရွယ်ချက်ကို စဉ်းစားပါမည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏တည်နေရာကိုကြည့်ရှုခြင်းဖြင့်စတင်ကြပါစို့။

## တည်နေရာ

ယောဟန်သည် ဖေက်မြို့၌ရှိစဉ် သူ၏ခရစ်ဝင်ကျမ်းကို ရေးသားခဲ့ခြင်း ဖြစ်နိုင်ခြေအရှိဆုံးမှာ၊ ပါလက်စတိုင်းအပြင်ဘက်အာရှမိုင်းနားတွင် နေထိုင်သောပရိသတ်များအတွက် ရေးသားခဲ့ခြင်း ဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည် ဤအရာများကို အတိအကျမသိနိုင်သော်လည်း၊ ဤကောက်ချက်များအား ထောက်ခံသည့်အချက်များစွာရှိပါသည်။ ဥပမာအားဖြင့်၊ ပါလက်စတိုင်း ဂျူးဓလေ့ထုံးတမ်းများနှင့် ပတ်သက်၍ ယောဟန်၏မှတ်ချက်များသည် ပါလက်စတိုင်းပြင်ပတွင်နေထိုင်သည့် ပရိသတ်တစ်ဦးကို ထောက်ပြနေသည်။ ယောဟန် ၄:၉ တွင် ယောဟန်ရေးထားသည်ကိုနားထောင်ပါ_

> ထိုမိန်းမကလည်း၊ သင်သည်ယုဒလူဖြစ်လျက်ပင်၊ ရှမာရိမိန်းမဖြစ်သော အကျွန်ုပ်ကိုအဘယ်ကြောင့် သောက်ဘို့တောင်းသနည်းဟုဆို၏။ ဆိုသည်အကြောင်းကား၊ ယုဒလူတို့သည် ရှမာရိလူတို့နှင့်ပေါင်းဘော်ခြင်း မရှိ (ယောဟန် ၄:၉)။

ဤအခန်းငယ်တွင်၊ ယောဟန်သည် ဂျူးများနှင့် ရှမာရိလူတို့ကြား ရန်လိုမှုနှင့်ပတ်သက်၍ သူ၏ စာဖတ်သူများကို မှတ်ချက်ပေးခဲ့သည်။ ဤရန်လိုမုန်းတီးမှုသည် ပါလက်စတိုင်းရှိလူတိုင်းသိကြမည် ဖြစ်သည်၊ ထို့ကြောင့် ယောဟန်၏မှတ်ချက်သည် သူ၏စာဖတ်သူများသည် အခြားတစ်နေရာတွင် နေထိုင်ကြောင်းဖော်ပြသည်။

ကနဦးအသင်းတော်၏ရေးသားချက်များအရ ပါလက်စတိုင်းပြင်ပရှိလူများအတွက် ခရစ်ဝင် ကျမ်းကို အဓိကရေးသားထားသည်ဟုလည်း အကြံပြုထားသည်။ အစောပိုင်းတွင် ကျွန်ုပ်တို့သည်

အာရှမိုင်းနားရှိဖေက်မြို့တွင် ဤခရစ်ဝင်ကျမ်းကို ယောဟန်ရေးသားခဲ့သည်ဟု Irenaeus ကိုးကားခဲ့သော Eusebius ကို ဖော်ပြခဲ့သည်။ Irenaeus, Polycrates, Alexandria နှင့် Justin Martyr အပါအဝင် ကနဦးအသင်းတော်အားလုံးနီးပါးသည် ဤကောက်ချက်ကို သဘောတူခဲ့ကြသည်။ ထို့အပြင်၊ အာရှမိုင်းနားတွင် နေထိုင်သူများမှလွဲ၍ အခြားမည်သည့်အုပ်စုကိုမျှ စာလက်ခံသူများဟု ရှေးသတင်းရင်းမြစ်မည်သည့်တစ်ခုမှ မဖော်ပြခဲ့ပါ။

ရှင်ယောဟန်ခရစ်ဝင်ကျမ်းနှင့် ဗျာဒိတ်ကျမ်းကြားတွင်လည်း နီးကပ်စွာဆက်စပ်မှုရှိသည်။ ယောဟန်သည် ဗျာဒိတ်ကျမ်းကိုရေးသားခဲ့ပြီး သူ၏ပရိသတ်သည် အာရှမိုင်းနားမှ သေချာပေါက်ဖြစ်သည်—ဗျာဒိတ်ကျမ်းအခန်းကြီး ၂-၃ တွင် ဖော်ပြသောအသင်းတော်ခုနစ်ပါးစလုံးသည် အာရှမိုင်းနားတွင်းမှ ဖြစ်သည်။ ယောဟန်နှင့် ဗျာဒိတ်ကျမ်းကြား ထင်ရှားသောတူညီမှုသည် ပရိသတ်နှင့်ပတ်သက်၍ ခိုင်မာသောတူညီသည့်ယူဆချက် ဖြစ်စေသည်။ ဥပမာ၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် ခရစ်ယာန်ဘာသာသို့ကူးပြောင်းသူများနှင့် ဂျူးတရားဇရပ်များကြား ပဋိပက္ခနှင့်ပတ်သက်သည့် ပြင်းထန်သောသွန်သင်မှုအပိုင်းတစ်ခုရှိသည်။ ဗျာဒိတ်ကျမ်းသည်လည်း ဤပြဿနာကို အသိအမှတ်ပြုသည်။ ဗျာဒိတ် ၂:၉ နှင့် ၃:၉ ၌ အသင်းတော်အား သခင်ဘုရားမိန့်ကြားတော်မူသည်ကို နားထောင်ပါ_

> ယုဒလူဖြစ်ယောင် ဆောင်၍ ယုဒလူမှန်မဟုတ်၊ စာတန်၏ အပေါင်းအသင်းဖြစ်သော သူတို့၏ကဲ့ရဲ့ခြင်းကိုလည်းငါသိ၏...ယုဒလူ ဖြစ် ယောင်ဆောင်၍ အမှန်မဟုတ်ဘဲ ၊ မုသာစကားကိုပြော သောသူတည်းဟူသော၊ စာတန်၏ အပေါင်းအသင်းဝင်သူ အချို့တို့ကို သင်၌ငါအပ်ပေးမည်။— သူတို့သည်လာ၍ သင်၏ခြေရင်း၌ပြပ်ဝပ်စေခြင်းငှါလည်း၊ ငါသည်သင့်ကို ချစ်သည်ဟု သိစေရခြင်းငှါလည်း ငါပြုမည် (ဗျာဒိတ် ၂:၉၊ ၃:၉)။

ခြားနားသောရှုထောင့်မှကြည့်လျှင်၊ တမန်တော် ၁၉:၁-၇ မှ နှစ်ခြင်းဆရာယောဟန်၏နောက်လိုက်များသည် ထိုအချိန်အထိ အနည်းဆုံး ဖေက်မြို့၌ ဆက်လက်ရှိနေကြောင်း ကျွန်ုပ်တို့သိကြသည်။ တမန်တော်ယောဟန်သည် နှစ်ခြင်းဆရာယောဟန်၏နောက်လိုက်များပါဝင်သော ပရိသတ်ထံ စာရေးခဲ့မည်ဆိုလျှင်၊ ၎င်းသည် နှစ်ခြင်းဆရာယောဟန်သည် ယေရှုအားနာခံကြောင်း ခရစ်ဝင်ကျမ်း၏ ရှင်းလင်းသောဖော်ပြမှုကို ရှင်းပြခြင်းဖြစ်ပေမည်။

၎င်းကိစ္စတွင် သေချာမှု မရှိနိုင်သော်လည်း၊ ယောဟန်သည် သူ၏ခရစ်ဝင်ကျမ်းကို ရေးသားချိန်တွင် ဖေက်မြို့၌ ရှိနေကြောင်းနှင့် ၎င်းကို အာရှမိုင်းနားရှိ အခြေအနေများဖြင့် တစ်စိတ်တစ်ပိုင်း ပုံသွင်းထားပုံရသည်။

ယခု ခရစ်ဝင်ကျမ်းကို ရေးသားသည့်နေရာသည် ဖေက်မြို့ဖြစ်နိုင်ခြေအရှိဆုံးဖြစ်ကြောင်း ကျွန်ုပ်တို့အကြံပြုပြီးနောက်၊ ယောဟန်ရေးသားခဲ့သော မူလပရိသတ်၏စရိုက်လက္ခဏာကို ပို၍အလေးအနက်စဉ်းစားကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ပရိသတ်

ခရစ်ဝင်ကျမ်းအားလုံးကဲ့သို့ပင်၊ ယောဟန်ခရစ်ဝင်ကျမ်းသည် ခေတ်ကာလတစ်လျှောက်ရှိ အသင်းတော်တစ်ခုလုံးအတွက် ရည်ရွယ်ထားသည့် သဘောထားတစ်ခုရှိသည်။ ၎င်းသည် ဘုရားသခင်၏လူများအားလုံးအတွက် အဆုံးမရှိတန်ဖိုးရှိသည်။ သို့သော် ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏ အစိတ်အပိုင်းအချို့သည် နေရာနှင့် အချိန်အခါနှင့်ပတ်သက်၍ အသင်းတော်အတွက် အထူးသက်ဆိုင်မှုရှိပုံရသည်။ ခရစ်ဝင်ကျမ်း၏ အစိတ်အပိုင်းများတွင်၊ ယေရှုသည် မေရှိယဖြစ်ကြောင်း ယုံကြည်လာကြသော ဂျူးအသိုင်းအဝန်းကို ယောဟန်သည်စိတ်ထဲတွင် မှတ်သားထားပုံရသော်လည်း၊ တရားဇရပ်တွင် ဆက်လက်ဝတ်ပြုကိုးကွယ်သူ သို့မဟုတ် ဂျူးအသိုင်းအဝိုင်းနှင့် အခြားသိသာထင်ရှားသော အဆက်အသွယ်ရှိသူများဖြစ်သည်။ အခန်းကြီး ၅–၁၂ မှ ခရစ်ဝင်ကျမ်း၏ဗဟိုအလယ်ပိုင်းတစ်ခုလုံးနီးပါးသည်၊ ယေရှုနှင့် ဂျူးများကြား ပြင်းထန်သောပဋိပက္ခများအကြောင်းကို ဖော်ပြသည်။

ဤပဋိပက္ခကို "ဂျူးလူမျိုးများ" ဟူသော စကားစုဖြင့် အကြိမ် ၇၀ ကျော်အသုံးပြုကာ ယောဟန်မီးမောင်းထိုးပြသော်လည်း၊ အခြားသောခရစ်ဝင်ကျမ်းသုံးကျမ်းတွင် အကြိမ် ၂၀ ထက်နည်းကာ ဖော်ပြထားသည်။ သာဓကအများစုတွင် ယောဟန်သည် ယေရှုကိုဆန့်ကျင်သည့်ဘာသာရေးခေါင်းဆောင်များကိုရည်ညွှန်းရန် ဤအသုံးအနှုန်းကိုအသုံးပြုသည်။

ဆန့်ကျင်ဘက်အားဖြင့်၊ ယောဟန်သည် ဘုရားသခင်၏ ဓမ္မဟောင်းလူများအကြောင်း အကောင်းမြင်ပြောဆိုသောအခါ၊ သူသည် ပုံမှန်အားဖြင့် "ဣသရေလ" သို့မဟုတ် "ဣသရေလလူမျိုး" ကဲ့သို့သော စကားလုံးများကို အသုံးပြုသည်။ ဥပမာ၊ ယောဟန် ၁:၄၇ တွင်၊ ယေရှုသည် နာသနေလကို "လှည့်စားခြင်းအပြစ်နှင့်ကင်းလွတ်သော ဣသရေလလူစစ်" ဟုခေါ်ဆိုခဲ့သည်။

ယောဟန်သည် အခြားသောခရစ်ဝင်ကျမ်းရေးသူများထက် ဂရိစကားလုံး ခရစ်တော် ကို မကြာခဏ အသုံးပြုသည်။ "ခရစ်တော်" ဟူသောအသုံးအနှုန်းသည် ဂရိစကားလုံး Christos နှင့် ဟေဗြဲစကားလုံး Mashiach နှစ်မျိုးလုံးကို ဘာသာပြန်ဆိုထားခြင်းဖြစ်သည်၊ နှစ်ခုစလုံးသည် ဘိသိက်ခံဟု အဓိပ္ပာယ်ရသည်။ ခရစ်တော်သည် ဣသရေလလူတို့ကို ၎င်းတို့၏အပြစ်များမှ ကယ်တင်ပြီး တိုင်းတစ်ပါးအုပ်ချုပ်မှုအောက်မှ လွတ်မြောက်စေမည့် ဘုရားသခင်၏ဘိသိက်ခံ ရွေးနုတ်ရှင်ဖြစ်သည်။

"ခရစ်တော်" ဟူသောအသုံးအနှုန်းသည် ဂျူးခရစ်ယာန်များအတွက် အထူးအရေးကြီးပေလိမ့်မည်၊ အကြောင်းမှာ တရားဇရပ်နှင့် ကြီးထွားလာသောခရစ်ယာန်အသင်းတော်တို့အကြား ခြားနားချက်များကို အာရုံစိုက်ရခြင်းမှာ ယေရှုသည် ခရစ်တော်ဖြစ်ပြီး၊ ဘုရားလူမျိုးတော်၏ ကာလကြာရှည်စွာစောင့်ကြိုနေခဲ့သော ကယ်တင်ရှင်ဖြစ်ကြောင်း ဓမ္မဟောင်းတွင် ပရောဖက်ပြုထားသောကြောင့်ဖြစ်သည်။

> ဂျူးလူမျိုးမေရှိယကို နောက်ပိုင်းတွင် "မေရှိယ" ဟူသောအသုံးအနှုန်းဖြင့်သာ သတ်မှတ်ခဲ့သော်လည်း၊ စာတန်နှင့် သူ၏အမျိုးအနွယ်ကို အနိုင်ယူမည့် မိန်းမ၏အမျိုးအနွယ်အတွက် ကတိတော်ကို ကမ္ဘာဦး ၃:၁၅ တွင် ဖော်ပြထားသည်။ ထို့ကြောင့်၊ ရှေ့ဦးစွာမှစ၍ မိန်းမ၏အမျိုးအနွယ်သည်၊ အာဗြဟံ၏အမျိုးအနွယ်ဖြစ်မည်ဟု ထင်ရှားပြီး၊ ယုဒအမျိုးအနွယ်မှဖြစ်မည်ဟု ရှင်းလင်းစွာ

> သိလာသောအခါ၊ မြွေသည်တရားစီရင်ခြင်းခံရမည်၊ အာဗြဟံ၏အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရမည်ဟူသောကတိတော်ဖြစ်သည်၊ ထို့နောက် အုပ်စိုးသောမင်းမျိုးသည် ယုဒထံမှခွာမည်မဟုတ်။ ဤကတိတော်များသည် ဗာလမ်၏ဗျာဒိတ်တော်များနှင့်အတူရောယှက်ပြီး၊ ဘုရားသခင်၏အစီအစဉ်အစတွင်ပါရှိသည့်အတိုင်း မေရှိယသည်မကောင်းမှုများကို အနိုင်ယူပြီး နောက်ဆုံးတွင် ဒေင်ဥယျာဉ်သို့လမ်းပြန်ဖွင့်ကာ၊ ရေသည်ပင်လယ်ကို လွှမ်းမိုးသကဲ့သို့၊ ခြောက်သွေ့သောမြေများကို ယေဟောဝါ၏ဘုန်းတော်ဖြင့် ဖုံးလွှမ်းစေမည်ဖြစ်သည်။
>
> **Dr. James M. Hamilton**

ယောဟန်ဟောပြောသည့်အကြောင်းအရာများနှင့် သူပြောဆိုသည့်နည်းလမ်းများသည် သူ၏အဓိကဖတ်ရှုသူများမှာ ယေရှု၏နောက်လိုက်များအဖြစ် ရုန်းကန်နေရသော ဂျူးခရစ်ယာန်များဖြစ်ကြောင်း ပြသသည်။ သို့သော် သမ္မာကျမ်းစာအားလုံးကဲ့သို့ပင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ယောဟန်၏ကျမ်းကို ခေတ်ကာလတစ်လျှောက် အသင်းတော်တစ်ခုလုံးအသုံးပြုရန် ရည်မှန်းထားသည်။ ယောဟန် ၁:၄၁ နှင့် ၄:၂၅ တွင်၊ ယောဟန်သည် ဟေဗြဲအခေါ်အဝေါ် "မေရှိယ" ကိုပင် သူ၏တစ်ပါးအမျိုးသားပရိသတ်များအတွက် ဘာသာပြန်ဆိုခဲ့သည်။ မှန်ပါသည်၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် ဂျူးများနှင့် တစ်ပါးအမျိုးသားယုံကြည်သူများအတွက် အလွန်တန်ဖိုးရှိကြောင်း သမိုင်းသည်သက်သေပြခဲ့သည်။

ယခု ကျွန်ုပ်တို့သည် ခရစ်ဝင်ကျမ်း၏တည်နေရာနှင့် ပရိသတ်နှစ်ခုစလုံးကို ကြည့်ရှုပြီးနောက်၊ ၎င်း၏ရေးသားသည့်ရက်စွဲကို သုံးသပ်ကြည့်ကြစို့။

## ရက်စွဲ

ယေဘုယျအားဖြင့်၊ ဖြစ်နိုင်ခြေအရှိဆုံးသည် ယောဟန်သည် အေဒီ ၈၅ နှင့် ၉၀ စပ်ကြားတွင် ရေးခဲ့သည်ဟု ဆိုနိုင်သည်။ အကြောင်းရင်းများစွာအရ၊ အေဒီ ၈၅ မတိုင်မီ ခရစ်ဝင်ကျမ်းကို ရေးသားခဲ့ခြင်းမရှိကြောင်းသိနိုင်သည်။ ပထမ၊ ယောဟန်သည် အေဒီ ၇၀ တွင် ဖြစ်ပွားခဲ့သော ယေရုရှလင်မြို့နှင့် ဗိမာန်တော်ပျက်စီးခြင်းဆိုင်ရာ ဟောချက်များမပါဝင်သည့် တစ်ခုတည်းသော ခရစ်ဝင်ကျမ်းဖြစ်သည်။ ဤသည်မှာ ဆိုးရွားသောဖြစ်ရပ်တစ်ခု ဖြစ်ပြီးနောက် သိသာထင်ရှားသောအချိန်ကာလတစ်ခု ကျော်လွန်သွားခြင်းကြောင့် ဖြစ်နိုင်ပါသည်။

ဒုတိယ၊ ခရစ်ဝင်ကျမ်းသည် အသင်းတော်နှင့် တရားဇရပ်ကြား ကွာဟမှုအခါးသီးဆုံးအချိန်ကို ထင်ဟပ်စေသည်။ ယေရုရှလင်မြို့ပြိုလဲပြီးနောက် ဂျူးဘာသာတရားသည် ပိုမိုတင်းမာလာသည်။ အယူမှားခြင်းမှ ခုခံကာကွယ်သည့်အနေဖြင့် ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သည်ဟု ယုံကြည်ကြသော မိစ္ဆာအယူသမားများအပေါ် ကျိန်ခြင်းကို နေ့စဉ်တရားဇရပ်ဆုတောင်းချက်များတွင် ထည့်သွင်းရန် ပြန်လည်ပြင်ဆင်ခဲ့သည်။ ရှောင်ကြဉ်ခြင်း ပို၍ဖြစ်လာခဲ့သည်။ ဤတင်းမာမှုကို ယောဟန်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၉ ကဲ့သို့သောကျမ်းပိုဒ်များတွင် ဖော်ပြထားပြီး၊ ရှောင်ကြဉ်ခြင်းခံရသောမျက်စိကန်းသောသူကို ယေရှု ကုသပေးခြင်းကို ယောဟန်တင်ပြသည့်နေရာဖြစ်သည်။ ယောဟန် ၉:၂၂ တွင် ဤအခြေအနေနှင့် ပတ်သက်၍ ယောဟန်၏မှတ်ချက်ကို နားထောင်ပါ_

> ဘုရားသခင်သည်မောရှေ၌ ဗျာဒိတ်ထားတော်မူကြောင်းကို ငါတို့ သိကြ၏။ ထိုသူသည် အဘယ်က ဖြစ်သည်ကို မသိဟုကဲ့ရဲ့၍ ပြောဆိုကြလျှင်၊ (ယောဟန် ၉:၂၂)။

ဤကျမ်းပိုဒ်တွင်၊ တရားဇရပ်မှ နှင်ထုတ်ခြင်းသည် ဂျူးအသိုင်းအဝိုင်းအတွင်းမှ ဖယ်ထုတ်ခံရခြင်းဖြစ်သည်။

တတိယ၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို အခြားသော ခရစ်ဝင်ကျမ်းသုံးစောင်အပြီးတွင် ရေးသားထားပုံရသည်။ ဤအမြင်သည် စတုတ္ထရာစုသမိုင်းပညာရှင်ဖြစ်သော Eusebius သို့ ပြန်သွားပါသည်။ သူ၏အဆိုအရ၊ နှစ်ခြင်းဆရာယောဟန်ကို မဖမ်းဆီးမီ ယေရှု၏ဓမ္မအမှုတော်ဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ အခြားခရစ်ဝင်ကျမ်းများကို ဖြည့်စွက်နိုင်ရန် ယောဟန်သည်သူ၏ခရစ်ဝင်ကျမ်းကို ရည်ရွယ်ခဲ့သည်။ Eusebius ၏ *Ecclesiastical History* စာအုပ် ၃၊ အခန်း ၂၄၊ အပိုင်း ၁၂ ကို နားထောင်ပါ_

> ထို့ကြောင့်၊ ယောဟန်သည် သူ၏ခရစ်ဝင်ကျမ်းတွင်၊ နှစ်ခြင်းဆရာကို ထောင်မချမီ လုပ်ဆောင်ခဲ့သော ခရစ်တော်၏အမှုတော်များကို မှတ်တမ်းတင်ထားသော်လည်း အခြားဧဝံဂေလိဆရာသုံးဦးသည် ထိုအချိန်နောက်ပိုင်းတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို ဖော်ပြကြသည်။

> ခရစ်ဝင်ကျမ်းလေးစောင်ကို ဖတ်ရှုသူတိုင်းသည် သင့်ထံတွင် ခရစ်ဝင်ကျမ်း သုံးစောင်သာရှိသည်ဟူသောအချက်ကြောင့် ချက်ချင်းပင် ထိတ်လန့်သွားကြသည်_ မဿဲ၊ မာကုနှင့် လုကာတို့သည် တူညီသောဇာတ်လမ်းများစွာရှိသည်။ ယေရှု၏ဓမ္မအမှုတော်နှင့်ပတ်သက်၍ အခြေခံဖွဲ့စည်းပုံသည် တူညီသည်။ ထို့နောက်တွင် သင်သည် အလွန်ခြားနားသော စတုတ္ထမြောက်ခရစ်ဝင်ကျမ်းဖြစ်သည့် ယောဟန်ခရစ်ဝင်ကျမ်းကို ရရှိသည်။ အသင်းတော်သည် ပြင်ပလောကမှ စိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင်နေချိန် ပထမရာစုနှောင်းပိုင်းတွင် ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို ရေးသားခဲ့ပုံရသည်။ ယုဒလူတို့ထံမှဆန့်ကျင်ခြင်း၊ လောက၏ဆန့်ကျင်ခြင်းလည်း ဖြစ်သည်။ တစ်နည်းအားဖြင့် ထိုစိန်ခေါ်ချက်များသည် သခင်ယေရှုမည်သူဖြစ်သည်ဟူသော ကိုယ်တော်၏ပုဂ္ဂိုလ်နှင့် ဆက်စပ်နေသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် ယေရှုသည် အမှန်တကယ်ဘုရားသခင်ဖြစ်သည်ဟု အလေးအနက်ဖော်ပြထားသောကြောင့် ယေရှု၏ဘုရားဖြစ်ခြင်းသည် ရှင်းလင်းနေခဲ့သည်။ Synoptic ခရစ်ဝင်ကျမ်း၊ ၎င်းသည် စိန်ခေါ်ခြင်းမခံရသောကြောင့် ကြီးမားသည့်ပြဿနာမဟုတ်။ အသင်းတော်တွင်

> များယွင်းသောသွန်သင်ချက် ပေါ်ပေါက်နေသောကြောင့် ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် များယွင်းသောသွန်သင်ခြင်းပြဿနာကို ဖော်ပြပုံရသည်။ တတိယအချက်၊ ဂျူးဆန့်ကျင်သူများ၊ ထိုအချိန်၌ ခရစ်ယာန်များနှင့် ဂျူးများကြားတွင် ပြတ်သားစွာ ကွာဟသွားသည်မှာ ထင်ရှားသည်။ မဿဲ၊ မာကု နှင့် လုကာ Synoptic ခရစ်ဝင်ကျမ်းတွင် အပြည့်အဝမတွေ့ရသော ကွာဟချက်ဖြစ်သည်။

**Dr. Mark L. Strauss**

ဤအရာအားလုံးသည် အသင်းတော်၏ရှေးအစဉ်အလာသည် မှန်ကန်သည်ဟု နိဂုံးချုပ်သွားစေပြီး၊ ခရစ်ဝင်ကျမ်းသည် ယောဟန်၏အသက်တာနှောင်းပိုင်း၊ အေဒီ ၈၅ နောက်ပိုင်းတွင် ရေးသားခြင်းဖြစ်နိုင်သည်။

ဇေဗေဒဲ၏သားယောဟန်သည် ဤခရစ်ဝင်ကျမ်းကို ရေးသားသူဖြစ်ပါက၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်းအတွက် နောက်ဆုံးဖြစ်နိုင်သောရက်စွဲကို သူ၏သက်တမ်းအားဖြင့် ဆုံးဖြတ်နိုင်သည်။ ယောဟန်သည် အေဒီ ၃၀ ဝန်းကျင်တွင် ယေရှုနောက်သို့ လိုက်လာသော လူငယ်တစ်ဦးဖြစ်သည်။ ယောဟန်သည် ထိုအချိန်၌ ဆယ်ကျော်သက်အရွယ်ဖြစ်လျှင် အေဒီ ၉၀ တွင် အသက် ၈၀ နီးပါးရှိပေလိမ့်မည်။ ထိုထက်အသက်ပိုရှည်မည်မှာ အလွန်သံသယဖြစ်ဖွယ်ရှိသည်။

အေဒီ ၈၅ သို့မဟုတ် ၉၀ သည် ခရစ်ဝင်ကျမ်းကို ယောဟန်ရေးသားခဲ့ကြောင်း လက်ရေးစာမူအထောက်အထားများနှင့်ကိုက်ညီသည့် ဖြစ်နိုင်သောနောက်ဆုံးရက်စွဲဖြစ်သည်။ ဓမ္မသစ်ကျမ်း၏အစိတ်အပိုင်းများပါဝင်သော ရှေးအကျဆုံးလက်ရေးစာမူသည် Rylands Papyrus ဟုခေါ်သော Papyrus ၅၂ ဖြစ်သည်။ ဤအစိတ်အပိုင်းတွင် ယောဟန် ၁၈ ၏ အစိတ်အပိုင်းတစ်ခုပါရှိသည်။

Papyrus ၅၂ သည် အေဒီ ၁၀၀ နှင့် ၁၅၀ အကြားရက်စွဲဖြစ်သည်။ ဤသေးငယ်သောအစိတ်အပိုင်းသည် မူလက ပြီးပြည့်စုံသော ခရစ်ဝင်ကျမ်းတစ်ခု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ယူဆကာ၊ ဒုတိယရာစုအစောပိုင်းတွင် ကျယ်ပြန့်စွာ ဖြန့်ဝေနိုင်လောက်အောင် ခရစ်ဝင်ကျမ်းကို ရေးသားခဲ့သည်ကို ဖော်ပြသည်။

ဒုတိယရာစုနှောင်းပိုင်းတွင် ခရစ်ဝင်ကျမ်း၏အခြားလက်ရေးစာမူများကို တွေ့ရှိခဲ့သည်။ ဤလက်ရေးစာမူများအားလုံးသည် မူလ၌အီဂျစ်ဘာသာစကားများဖြစ်ပြီး၊ မတူညီသော လက်ရေးစာမူထုံးတမ်းစဉ်လာများကို ကိုယ်စားပြုသည်။ ဤပထဝီဝင်အနေအထားအရ အာရှမိုင်းနားမှ အီဂျစ်သို့ သယ်ယူပို့ဆောင်ရေးအပြင် လက်ရေးစာမူဆိုင်ရာ ဓလေ့ထုံးတမ်းများ ကွဲပြားမှုသည်၊ အနှစ် ၄၀ သို့မဟုတ် ၅၀ ထက်နည်းသော ကာလအတွင်း ဖြစ်ပေါ်လာနိုင်သည်မှာ သံသယဖြစ်ဖွယ်ရှိသည်။ ထို့ကြောင့်၊ အေဒီ ၉၀ သို့မဟုတ် ၁၀၀ ဝန်းကျင်တွင် ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို ရေးသားခြင်းအတွက် နောက်ဆုံးဖြစ်နိုင်သောရက်စွဲကို သတ်မှတ်ခြင်းသည် ကျိုးကြောင်းဆီလျော်သည်။

ယခု ကျွန်ုပ်တို့သည် ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏တည်နေရာ၊ ပရိသတ်နှင့် ရက်စွဲတို့ကို သုံးသပ်ပြီးနောက်၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို ရေးသားရခြင်း၏ရည်ရွယ်ချက်အား အာရုံစိုက်ကြပါစို့။

## ရည်ရွယ်ချက်

ဓမ္မသစ်ကျမ်းရှိ အရွယ်အစားကြီးမားသော ကျမ်းများအားလုံးတွင် ရှုပ်ထွေးသောရည်ရွယ်ချက်များရှိပြီး၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် ကွဲပြားခြင်းမရှိပါ။ ယေရှုသည် သူ၏ဓမ္မအမှုတော်ဆောင်စဉ်တွင် အကြောင်းအရာများစွာကို ကိုင်တွယ်ဖြေရှင်းခဲ့သကဲ့သို့ ယေရှု၏ဓမ္မအမှုတော်ဆိုင်ရာ ယောဟန်၏မှတ်တမ်းသည်လည်း အကြောင်းအရာများစွာကို ဖော်ပြသည်။ သို့သော် ဤရည်ရွယ်ချက်များကို တစ်စုတစ်စည်းတည်း ဖော်ပြဖို့ရန် ဖြစ်နိုင်သည်။ အမှန်တကယ်၊ ယောဟန်ကိုယ်တိုင် ကျွန်ုပ်တို့အတွက် သူ၏ရည်ရွယ်ချက်ကို အကျဉ်းချုပ်ဖော်ပြခဲ့သည်။ အတိအကျအားဖြင့်၊ ယေရှုသည် ခရစ်တော်နှင့် ဘုရားသခင်၏သားတော်နှစ်ခုစလုံးဖြစ်ခြင်းဆိုင်ရာ ယုံကြည်ချက်ကို အတည်ပြုလိုကြောင်း သူပြောကြားခဲ့သည်။ ယောဟန် ၂၀:၃၀-၃၁ တွင် သူရေးထားသည်ကို နားထောင်ပါ_

> ဤကျမ်းစာ၌ ရေး၍မထားသောအခြားနိမိတ်လက္ခဏာအများတို့ကိုလည်း ယေရှုသည်တပည့်တော်တို့ မျက်မှောက်၌ပြတော်မူ၏။ ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည်ယုံမည်အကြောင်း၊ ထိုသို့ယုံ၍နာမတော်အားဖြင့် အသက်ကို ရမည်အကြောင်း၊ ဤမျှလောက် ရေးထားလျက် ရှိသတည်း (ယောဟန် ၂၀:၃၀-၃၁)။

ရိုးရှင်းစွာပြောရလျှင်၊ ဤခရစ်ဝင်ကျမ်းသတင်းစကားကို ယုံကြည်ခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိစေရန်၊ ယေရှုသည် ခရစ်တော်၊ ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို သူ၏ပရိသတ်များ ယုံကြည်စေရန်အတွက် ယောဟန်သည်ရေးသားခဲ့သည်။

> ယောဟန်သည် ခရစ်ဝင်ကျမ်းကို ရေးသားရခြင်း၏အကြောင်းရင်းနှင့် ပတ်သက်၍ အလွန်ရှင်းလင်းပြတ်သားသည်။ ရှင်ယောဟန် ၂၀:၃၁ တွင်၊ ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်ကို သင်တို့သည် ယုံမည်အကြောင်း၊ ထိုသို့ယုံ၍နာမတော် အားဖြင့် အသက်ကိုရမည်အကြောင်း၊ ဤမျှလောက် ရေးထားလျက် ရှိသတည်း ဟု ဖော်ပြထားသည်။ ယခုဖော်ပြမည့်ရည်ရွယ်ချက်သည် နှစ်ပိုင်းရှိသည်။ ပထမနှင့် အရေးကြီးဆုံးမှာ၊ သူ၏ခရစ်ဝင်ကျမ်းသည် ဧဝံဂေလိတရားနှင့် သက်ဆိုင်ပါသည်။ ထင်ရှားသည်မှာ၊ သခင်ဘုရားသည် သူ့ကိုသူယုံကြည်စေလိုသည့်အတိုင်း၊ တစ်ချိန်တွင် သူ၏စာဖတ်သူများကျင့်သုံးနိုင်စေရန်အတွက် သူရေးသားခဲ့သည်မှာ ထင်ရှားပါသည်။ ဒုတိယ၊ ယုံကြည်ခြင်းအား ခုခံကာကွယ်ခြင်းနှင့် သက်ဆိုင်ပါသည်။ ယေရှုသည် အမှန်ပင် လူ့ဇာတိခံယူသော

ဘုရားသခင်-လူသားဖြစ်ကြောင်း သူ၏စာဖတ်သူများကိုလည်း ယုံကြည်စေလိုသည်။

**Rev. Larry Cockrell**

ယေရှု၏ဝိသေသလက္ခဏာကို သင်သိနိုင်စေရန်အတွက် ဤခရစ်ဝင်ကျမ်းကို ရေးခြင်းဖြစ်သည်ဟု ယောဟန်ဆိုသည်။ ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်သည်။ ဘုရားသခင်၏သားတော်ကား မည်သူနည်း၊ သူသည် ခမည်းတော်နှင့်အတူရှိ၍ လူ့ဇာတိခံယူသော နှုတ်ကပတ်တော်ဖြစ်သည်၊ ယေရှုသည် ကတိထားရာမေရှိယဖြစ်ပြီး၊ ၎င်းသည် ကျွန်ုပ်တို့သဘောတူသည့် မမြင်ရသောအချက်အလက်မျှသာမဟုတ်ပါ၊ သို့သော်ခမည်းတော်သည် သူ့အားဖြင့် လွတ်လပ်စွာ ပေးတော်မူသောအသက်ကို ရစေခြင်းငှာ ဤအရာကို ယုံကြည်ကိုးစားမှု ရှိစေလိုသည်ဟု ဆိုသည်။

**Dr. Robert L. Plummer**

သူ၏ခရစ်ဝင်ကျမ်းတစ်လျှောက်လုံးတွင်၊ ယောဟန်၏ဗဟိုရည်ရွယ်ချက်မှာ ယေရှုကိုမေရှိယနှင့် ဘုရားသခင်၏သားတော်အဖြစ် ယုံကြည်ခြင်းကိုမြှင့်တင်ရန်ဖြစ်သည်။ ဤအချက်နှစ်ချက်သည် ဂျူး ခရစ်ယာန်များသည် တရားဇရပ်နှင့် ပဋိပက္ခဖြစ်မှုများ၌ အထောက်အကူပြုစေဖို့ အများဆုံးလိုအပ်သည့် အချက်နှစ်ချက်ဖြစ်သည်။ သူတို့သည် ယေရှုကိုခရစ်တော်နှင့် ဘုရားသခင်၏သားတော်အဖြစ် ယုံကြည်လာခဲ့ကြပြီး၊ ကယ်တင်ခြင်း၏ကောင်းချီးမင်္ဂလာများကို ရရှိလိုပါက ဤယုံကြည်ချက်တွင် ဖွဲ့ရှိရန် လိုအပ်သည်။ ဟုတ်ပါသည်၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် ယုံကြည်သူတိုင်းအတွက်ဖြစ်သည် ဟူသော သဘောလည်းရှိသည်။ ဥပမာအားဖြင့်၊ ယောဟန် ၁၃-၁၇ တွင် ယေရှုသည် မြေကြီးပေါ်တွင် မရှိတော့သော်လည်း၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူ၏လူတို့၏အသက်တာတွင် တည်ရှိနေကြောင်း အလေးပေးခြင်းဖြင့် ယုံကြည်သူအားလုံး၏ယုံကြည်ခြင်းကို ပြုစုပေးနိုင်ရန် ယောဟန်ကြိုးစားခဲ့သည်။ ယောဟန်၏သွန်သင်ချက်အားလုံးသည် ယုံကြည်သူအားလုံး၏အသက်တာကို ကြွယ်ဝစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် "ကလေးငယ်များဆော့ကစားကာ ဆင်များကူးခတ်သည့် ရေကန်" ဖြစ်သည်ဟု ပညာရှင်တို့ ဆိုကြသည်။ ၎င်း၏အခြေခံသတင်းစကားသည် ရှင်းလင်းကာ ရိုးရှင်းသည်_ ယေရှုသည် ခရစ်တော်၊ ဘုရားသခင်၏သားတော်ဖြစ်သည်။ သို့သော် ဤအခြေခံ သတင်းစကား၏အသေးစိတ်အချက်များသည် ခရစ်ဝင်ကျမ်းကို နှစ်ပေါင်းများစွာလေ့လာခဲ့သော အနက်ပြန်သူများကို ဆက်လက်စိန်ခေါ်နေပါသည်။

ဤခရစ်ဝင်ကျမ်းကို ဖတ်ရှုသော ပထမဆုံးသောခရစ်ယာန်များသည် နက်ရှိုင်းစွာ တိုက်တွန်း အားပေးခြင်းခံရပေလိမ့်မည်။ သူတို့အားဆန့်ကျင်သူများနှင့် ပဋိပက္ခဖြစ်မှုများကြားမှ ခရစ်ယာန် ယုံကြည်ခြင်းတွင် ဖွဲလုံလရှိရန် သူတို့ကို သွန်သင်ပေးလိမ့်မည်။ ၎င်းသည် ကြွယ်ဝသောအသက်တာ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အတွက် တစ်ခုတည်းသောအရင်းအမြစ်ဖြစ်သည့် ခရစ်တော်ကို သူတို့၏ချစ်ခြင်းမေတ္တာနှင့် ကြောက်ရွံ့မှုတို့၌ ကြီးထွားရန် သူတို့ကို စိန်ခေါ်မည်ဖြစ်သည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် မျက်မှောက်ခေတ်ခရစ်ယာန်များအတွက်လည်း အလားတူအားပေးမှုများနှင့် စိန်ခေါ်မှုများကို ပေးသည်။

ယခု ကျွန်ုပ်တို့သည် ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏နောက်ခံသမိုင်းကို လေ့လာပြီးနောက်၊ ခရစ်ဝင်ကျမ်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို ကြည့်ကြပါစို့။

# ဖွဲ့စည်းပုံနှင့် အကြောင်းအရာ

ပညာရှင်တို့သည် ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏ဖွဲ့စည်းပုံကို ပုံစံအမျိုးမျိုးဖြင့် ဖော်ပြကြသည်။ ဤသင်ခန်းစာတွင်၊ ယေရှု၏ဘဝအသက်တာနှင့်ဓမ္မအမှုတော်ဆိုင်ရာ ယောဟန်၏နိဒါန်းနှင့် ကျမ်းပါအကြောင်းအရာတို့အကြား ဆက်စပ်မှုကို အကြံပြုထားမှုကို ကျွန်ုပ်တို့လိုက်နာပါမည်။ ယောဟန် ၁:၁၀-၁၄ မှ ဤစကားများကို နားထောင်ပါ_

> ထိုသူ[ယေရှု]သည်ဤလောက၌ရှိတော်မူပြီ။ ဤလောကကိုလည်း ဖန်ဆင်းတော်မူပြီ။ သို့သော်လည်း ဤလောကသည် ထိုသူကိုမသိ။ သူသည်မိမိဒေသအရပ်သို့ကြွလာသော်လည်း၊ မိမိလူမျိုးတို့သည် သူ့ကိုလက်မခံဘဲနေကြ၏။ ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။... ခမည်းတော်၌တပါးတည်းသောသားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ (ယောဟန် ၁:၁၀-၁၄)။

ဤကျမ်းပိုဒ်သည် အဓိကအယူအဆလေးခုကို အထူးပြုသည်_ ယေရှုသည် ဤလောကသို့ ကြွလာ၍၊ မိမိ၏လူတို့ဖြစ်သော ဣသရေလ၏ ငြင်းပယ်ခြင်းကိုခံရသည်။ ကိုယ်တော်အား လက်ခံယုံကြည်သောသူတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ ထို့နောက် ထိုယုံကြည်သူများသည် ယေရှုအတွက် သက်သေခံများဖြစ်လာကြသည်။ အဆိုပါ အဓိကအယူအဆလေးခုကို လိုက်နာပြီး ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို ဤနည်းဖြင့် အကြမ်းဖျင်းဖော်ပြပါမည်_

ပထမဦးစွာ၊ ယောဟန်သည် ယေရှု၏ လူ့ဇာတိခံယူခြင်းကို ဖော်ပြထားသည့် အကျဉ်းချုပ်နိဒါန်းဖြင့် ၁:၁-၁၈ တွင် သူ၏ခရစ်ဝင်ကျမ်းကို ဖွင့်ခဲ့သည်။

ဒုတိယ၊ ယောဟန်သည် ယေရှု၏လူထုဆိုင်ရာဓမ္မအမှုတော်ကို ၁:၁၉–၁၂:၅၀ တွင် မှတ်တမ်းတင်ခဲ့ပြီး၊ ယေရှုသည် သူဖန်ဆင်းထားသောလောကသို့ဆင်းကြွလာကာ သူကယ်တင်ပေးရန်ကြွလာသောလူသားမျိုးနွယ်၏ ငြင်းပယ်ခြင်းကိုခံရကြောင်း ဖော်ပြခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တတိယ၊ ယောဟန်သည် ယုံကြည်လက်ခံသူများအတွက် ယေရှု၏ကိုယ်ပိုင်ဓမ္မအမှုတော်အကြောင်း ၁၃:၁–၂၀:၃၁ တွင် ဖော်ပြချက်ပါရှိသည်။

စတုတ္ထ၊ ၂၁:၁-၂၅ တွင် ရှင်ယောဟန်ခရစ်ဝင်ကျမ်းနိဂုံး၌ ယောဟန်သည် ယေရှု၏ဘုန်းတော်၏ သက်သေအဖြစ် တမန်တော်များနှင့် အခြားတပည့်တော်များ၏အခန်းကဏ္ဍကို မီးမောင်းထိုးပြခဲ့သည်။

ယောဟန်၏ နိဒါန်းမှအစပြု၍ ခရစ်ဝင်ကျမ်း၏ ဤအပိုင်းတစ်ခုစီကို ကြည့်ရှုပါမည်။

## နိဒါန်း

၁း၁-၁၈ တွင် ယောဟန်သည် ခရစ်ဝင်ကျမ်းတစ်ခုလုံးအား အားကောင်းစွာ၊ လှပစွာ အကျဉ်းချုံးထားသည်။ သခင်ယေရှုသည် အရာခပ်သိမ်းကိုဖန်ဆင်းပြီး သက်ရှိအားလုံး၏ အရင်းအမြစ်ဖြစ်တော်မူကြောင်းကို သူသွန်သင်ခဲ့သည်။ ထို့ထက်မက၊ ယေရှုသည်လည်း အသွေးအသားရှိသော လူသားစစ်စစ်အဖြစ် ဤလောကသို့ ကြွလာခဲ့သည်။ လူ့ဇာတိခံယူသော ဘုရားသခင်အနေဖြင့်၊ ခမည်းတော်၏ဘုန်းတော်ကို ကိုယ်တော်တိုင်ဖန်ဆင်းတော်မူထားသည့် ကမ္ဘာကိုထင်ရှားတော်မူသည်။

ယောဟန်သည် ဤအရာကို ယောဟန် ၁:၄-၅ တွင်ဖော်ပြထားပြီး၊ ယေရှုသည် မှောင်မိုက်လောကထဲသို့ ရောက်ရှိလာသောအလင်းဖြစ်သည် ဟုဖော်ပြထားသည်။ သူသည် ဘုရားသခင်၏ ကျေးဇူးတော် အပြည့်အဝပေါ်ထွန်းစေခြင်းဖြင့် ထိုမှောင်မိုက်ကို အောင်နိုင်ခဲ့သည်။ လူ့ဇာတိခံယူစဉ်အတွင်း ယေရှု၏ဘုန်းအသရေသည် ဖုံးကွယ်ထားကြောင်းကို တခါတရံသမ္မာကျမ်းစာဆိုသည်၊ ယေရှု၏ လူ့ဇာတိခံယူခြင်းသည် အရေးကြီးသောနည်းလမ်းများဖြင့် သူ၏ဘုန်းတော်ကိုထင်ရှားစေသည်ဟူသော အချက်ကို ယောဟန် မီးမောင်းထိုးပြသည်။ ယေရှု၏ဘုန်းအသရေကို ဖုံးကွယ်ခြင်းမှဝေးကွာသော၊ သူ၏ လူ့ဇာတိခံယူခြင်းသည် သူ၏ဘုန်းတော်ကို အမှန်တကယ်ထင်ရှားစေသည်။ ယောဟန် ၁:၁၄ တွင် ယောဟန်ရေးသားခဲ့သည်–

> ခမည်းတော်၌တပါးတည်းသောသားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ (ယောဟန် ၁:၁၄)။

## ယေရှု၏လူထုဆိုင်ရာဓမ္မအမှုတော်

နိဒါန်းပြီးနောက်၊ ယောဟန်သည် ယေရှု၏လူထုဆိုင်ရာဓမ္မအမှုတော်ကို ၁:၁၉–၁၂:၅၀ တွင် မှတ်တမ်းတင်ခဲ့သည်။ ဤအပိုင်းတွင်၊ ယောဟန်က ယေရှုသည် မိမိလူမျိုး၊ ဣသရေလလူမျိုးထံသို့ ကြွလာကြောင်းနှင့် ဣသရေလလူတို့သည် ယေရှုကို ၎င်းတို့၏သခင်အဖြစ် ငြင်းပယ်ခဲ့ကြောင်းကို အထူးပြုခဲ့သည်။ ယောဟန် ၁:၁၁ တွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း ယောဟန်ဤသို့ဆိုသည်–

> သူ[ယေရှု]သည်မိမိဒေသအရပ်သို့ကြွလာသော်လည်း၊ မိမိလူမျိုးတို့သည် သူ့ကိုလက်မခံဘဲနေကြ၏ (ယောဟန် ၁:၁၁)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤအကျဉ်းချုပ်တွင် အရေးကြီးသောခြွင်းချက်များရှိသော်လည်း၊ ယေဘူယျအားဖြင့် ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် ယေရှု၏လူထုဆိုင်ရာဓမ္မအမှုတော်အပေါ် ဣသရေလလူမျိုး၏ တုံ့ပြန်ပုံဖြစ်သည်။

ယေရှု၏လူထုဆိုင်ရာဓမ္မအမှုတော်နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏စစ်တမ်းကို အပိုင်းခုနစ်ပိုင်းခွဲထားပြီး၊ အမှုတော်အတွက် ကိုယ်တော်၏ပြင်ဆင်မှုမှအစပြုကာ မတူညီသောဂျူးပွဲတော် ခြောက်ခုနှင့်သက်ဆိုင်သောအဖြစ်အပျက်များနှင့် ဆက်လက်ဖော်ပြမည်ဖြစ်သည်။ ယောဟန် ၁:၁၉–၂:၁၂ တွင် အမှုတော်အတွက် ယေရှု၏ပြင်ဆင်မှုကို ဦးစွာကြည့်ကြပါစို့။

## အမှုတော်အတွက် ပြင်ဆင်ခြင်း

အမှုတော်အတွက် ယေရှု၏ပြင်ဆင်မှုအပိုင်းသည် ယောဟန် ၁:၁၉-၃၆ တွင် နှစ်ခြင်းဆရာယောဟန်၏ဓမ္မအမှုတော်ဖြင့် စတင်သည်။ ဤကျမ်းပိုဒ်တွင်၊ ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သည်ဟူသောအချက်အတွက် နှစ်ခြင်းဆရာယောဟန်သည် အရေးကြီးသောသက်သေတစ်ဦးဖြစ်ပြီး၊ ယေရှုသည် ဤလောက၏အပြစ်များကို ဖယ်ရှားပေးမည့် ဘုရားသခင်၏ယဇ်ကောင်သိုးသငယ်ဖြစ်ကြောင်း ယောဟန်အလေးပေးဖော်ပြခဲ့သည်။

ထို့နောက်၊ ယောဟန်သည် ယေရှု၏ပထမတပည့်တော်များအား ခေါ်ခြင်းကို ယောဟန် ၁:၃၇-၅၁ တွင် ဖော်ပြသည်။ ဗတ္တိဇံဆရာယောဟန်၏မှတ်တမ်းကဲ့သို့ပင်၊ ဤအပိုင်း၏ အလေးပေးမှုသည် ယေရှု၏ကိုယ်ပိုင်ဝိသေသလက္ခဏာပေါ်တွင်ဖြစ်သည်။ တပည့်တော်များသည် အခန်းငယ် ၃၈ တွင် ရဗ္ဗိအနက်ကား အရှင်ဘုရား၊ အခန်းငယ် ၄၁ တွင် “မေရှိယ” ဟုဆိုလိုသော ခရစ်တော်၊ အခန်းငယ် ၄၅ တွင် မောရှေသည်ပညတ္တိကျမ်း၌ အကြောင်းပြု၍ရေးထားသောသူ၊ အခန်းငယ် ၄၉ တွင် “ဘုရားသခင်၏သားတော်” နှင့် ၎င်းနှင့်တူညီသော “ဣသရေလလူတို့၏ရှင်ဘုရင်” ဟူသောအသုံးအနှုန်းများခေါ်ဆိုသည်ကို တွေ့ရသည်။ နောက်ဆုံးတွင်၊ အခန်းငယ် ၅၁ တွင်၊ ယေရှုသည် ဘုရားသခင်ထံတော်သို့ဝင်ရောက်ခွင့်ရရန် စေလွှတ်ခြင်းခံရသော “လူသား” အဖြစ် မိမိကိုယ်ကို ဖော်ထုတ်ခဲ့သည်။

အမှုတော်အတွက် ယေရှုပြင်ဆင်ခြင်း၏နောက်ဆုံးအပိုင်းသည် ယောဟန်မှတ်တမ်းတင်ထားသည့် သူ၏ပထမဆုံးအံ့ဖွယ်အမှုဖြစ်သည်။ ယေရှုသည် ရေကို စပျစ်ရည်အဖြစ် ပြောင်းလဲပေးသည့်အချိန်အခါဖြစ်သည်။ သို့သော် အထူးပြုမှုသည် အံ့ဖွယ်အမှုကိုသာ မဟုတ်ပါ။ ယောဟန် ၂:၁၁ တွင် ယောဟန်ရေးထားသည်ကိုနားထောင်ပါ_

> ထိုသို့ယေရှုသည် ရှေးဦးစွာသော ဤနိမိတ်လက္ခဏာကိုဂါလိလဲပြည်၊
> ကာနမြို့၌ပြ၍ မိမိဘုန်းတော် ကိုထင်ရှားစေတော်မူ၏။
> တပည့်တော်တို့သည်လည်း ယုံကြည်ကြ၏ (ယောဟန် ၂:၁၁)။

ယောဟန်ဆိုလိုသော အဓိကအချက်များထဲမှတစ်ခုမှာ ဤအံ့ဖွယ်အမှုသည် ယေရှု၏ဘုန်းတော်ကိုထင်ရှားစေသည့် နိမိတ်လက္ခဏာဖြစ်ပြီး၊ ကိုယ်တော်အပေါ် တပည့်တော်များယုံကြည်စိတ်ချစေခြင်းဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> “နိမိတ်လက္ခဏာများ” ဟူသောအသုံးအနှုန်းကို ထွက်မြောက်ရာကျမ်းတွင် မောရှေလုပ်ဆောင်ခဲ့သော အံ့ဖွယ်အမှုများကို ရည်ညွှန်းပြီး၊ အထူးသဖြင့် ကပ်ဘေးများဖြစ်သည်ဟု ထင်ပါသည်။ ထို့ကြောင့် နိမိတ်လက္ခဏာများ ရှိခဲ့ပြီ၊ သို့မဟုတ် “နိမိတ်လက္ခဏာ” ဆိုသည်မှာ အံ့ဖွယ်အမှုများကို ရည်ညွှန်းရန် အသုံးပြုခြင်းဖြစ်ပြီး၊ ယောဟန်သည် ယေရှုအား မောရှေလုပ်ဆောင်မှုနှင့် မကြာခဏ ခိုင်နှိုင်းလေ့ရှိသောကြောင့် ဤသို့ဆိုလိုခြင်းမဟုတ်ဘဲ၊ သူသည်အမှန်တကယ် ထွက်မြောက်ရာကျမ်း ကျမ်းရေးသူဆန္ဒရှိသကဲ့သို့ အံ့ဖွယ်အမှုတစ်စုံတစ်ရာကိုလူများအား ပြသစေလိုသည်ဟု ထင်ပါသည်၊ အံ့ဖွယ်အမှုများကိုပြသခြင်းတွင် ၎င်းတို့အပေါ်တွင် လုပ်ဆောင်ရန် မျှော်လင့်ထားသည့်အချက်အလက်များ၊ အထူးသဖြင့် ဘုရားသခင်သည် လူတို့အား တစ်စုံတစ်ရာပြောနေခြင်းဖြစ်ပြီး၊ ၎င်းကို လူများသည် တုံ့ပြန်ရန်လိုအပ်သည်။

**Dr. David A. Redelings**

ယောဟန်သည် ယေရှု၏အံ့ဖွယ်အမှုများကို “*semeion*”—“နိမိတ်လက္ခဏာများ” ဟူ၍ တသမတ်တည်းခေါ်ဆိုရာတွင် ခရစ်ဝင်ကျမ်းများ၌ ထူးခြားသည်။ အံ့ဖွယ်အမှုများသည် သူတို့၏ စိတ်ဝင်စားမှုရရှိစေရန် ရည်ရွယ်ခြင်းမဟုတ်၊ သခင်ယေရှုကို ညွှန်ပြခြင်းသာဖြစ်သည်။ အထူးသဖြင့် ယောဟန် ၂၀:၃၀-၃၁ တွင် အကျဉ်းချုပ်ဖော်ပြထားသော ကျမ်း၏ရည်ရွယ်ချက်နှင့်အညီ ယေရှုအား “ခရစ်တော်” နှင့် “ဘုရားသခင်၏သားတော်” အဖြစ် ခွဲခြားသတ်မှတ်ရန် ရည်မှန်းထားသည်။

> လူများစွာသည် ယေရှု၏အံ့ဖွယ်အမှုများမှ အကျိုးကျေးဇူးရရှိခဲ့ကြသော်လည်း၊ အမှန်တကယ်တွင် မျက်စိဖွင့်ခြင်းခံရသူများသည် ထိုအရာများသည် ခရစ်တော်၏ဝိသေသလက္ခဏာကို ညွှန်ပြသည့်အရာဖြစ်သည်ဟု မြင်နိုင်ကြသည်။ ထို့ကြောင့်၊ ယောဟန်သည် အံ့ဖွယ်အမှုများအကြောင်း ပြောဆိုသည့် စကားလုံးမျိုးကို အသုံးပြု၍၊ အံ့ဖွယ်ကောင်းသော အဖြစ်အပျက်များသာမက အမှန်တကယ်တွင် ခရစ်တော်၏ ဝိသေသလက္ခဏာကို ညွှန်ပြခြင်းဖြစ်သည်ဟု ထင်ပါသည်။ ယေရှုသည် ခရစ်တော်ဖြစ်ကြောင်းကို ယုံကြည်ခြင်းဖြင့် ကိုယ်တော်၏နာမတော်၌ အသက်ရှင်နိုင်ပြီး နိမိတ်လက္ခဏာများသည် ထိုလုပ်ဆောင်မှု၏ အစိတ်အပိုင်းအနေဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်ကိုယုံကြည်မည့်အကြောင်း ဤသို့ရေးသားရခြင်းဖြစ်သည်ဟု ယောဟန်ဆိုပါသည်။

**Rev. Dr. Simon Vibert**

> ယေရှုပြုတော်မူသည့်နိမိတ်လက္ခဏာသည် မိမိ၏ကိုယ်ပိုင်ဝိသေသလက္ခဏာအမှန်ကို ညွှန်ပြသည်။ အံ့သြဖွယ်လက်ရာတစ်ခု၏ အကြောင်းအရာအဆင့်ကို ရိုးရိုးသာနားလည်ပါက၊ ရေကို စပျစ်ရည်အဖြစ် ပြောင်းလဲခြင်းဖြစ်စေ၊ လူအစုအဝေးကို အံ့ဖွယ်နည်းဖြင့်ကျွေးမွေးသည်ဖြစ်စေ၊ မျက်မမြင်ကို ကုသပေးသည်ဖြစ်စေ ၎င်း၏ဆိုလိုသည့်အချက်ကို သင်သည်လွဲချော်သွားမည်ဖြစ်သည်။ ယောဟန်ကျမ်းတစ်လျှောက်လုံးတွင်၊ ဤအရာများသည် အံ့ဖွယ်အမှုများသာမဟုတ်၊ သို့သော် ဤအရာများအား ဘုရားသခင်ရည်ရွယ်ထားသည့်အတိုင်း သင်မြင်ပါက၊ ယေရှု၏ဝိသေသလက္ခဏာအစစ်အမှန်ဖွင့်လှစ်ပြခြင်းကို သင်တွေ့မြင်ရမည်ဖြစ်သည်။ ထိုသူသည် အသက်မုန့်ဖြစ်တော်မူသည်။ ကျွန်ုပ်တို့ကိုမြင်စေခြင်းငှာ လာသောသူဖြစ်သတည်း။ နောင်ကာလ၏ စပျစ်ရည်သစ်ကို ယူဆောင်လာသောကြောင့်၊ ကျွန်ုပ်တို့အောင်ပွဲခံကြသည်။

**Dr. Robert L. Plummer**

## ပထမပသခါ

ယေရှု၏လူထုဆိုင်ရာဓမ္မအမှုတော်နှင့်ပတ်သက်သော ဒုတိယအပိုင်းကို ယေရုရှလင်မြို့၌ ပသခါပွဲကျင်းပသည့်နေရာသို့ ဖော်ပြထားသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် အထူးဖော်ပြထားသော ပထမဆုံးအမည်ဖြစ်သောကြောင့် ၎င်းကို ပထမပသခါပွဲအဖြစ် ကျွန်ုပ်တို့ရည်ညွှန်းပါမည်။ ဤအပိုင်းသည် ယောဟန် ၂:၁၃–၄:၅၄ တွင်တွေ့ရသည်။

ဤအပိုင်းသည် ယောဟန် ၂:၁၃-၂၅ တွင် ကုန်သည်များကို နှင်ထုတ်ခြင်းဖြင့် ဗိမာန်တော်ကို သန့်ရှင်းစေသော ယေရှုအကြောင်း ယောဟန်၏မှတ်တမ်းဖြင့် အစပြုပါသည်။ တစ်ဖန်၊ ယေရှု၏ ဝိသေသလက္ခဏာကို အာရုံစိုက်ပါမည်။ ယောဟန် ၂:၁၈ တွင် ဂျူးများတောင်းဆိုသည်ကို နားထောင်ပါ_

> ယုဒလူတို့ကလည်း၊ သင်သည် ဤသို့ပြုလျှင် အဘယ်နိမိတ်လက္ခဏာကို ငါတို့အား ပြမည်နည်းဟု ဆိုကြ၏ (ယောဟန် ၂:၁၈)။

ယေရှုသည် မိမိ၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ကို ကြိုပြောခြင်းဖြင့် တုံ့ပြန်ခဲ့ပြီး ၎င်းသည် သူ၏ဓမ္မအမှုတော်အားလုံးတွင် အကြီးမြတ်ဆုံးသော ဘုရားသခင့်သားတော်ဖြစ်ခြင်း နိမိတ်လက္ခဏာဖြစ်ပေလိမ့်မည်။ ၂:၂၀-၂၅ တွင်တွေ့ရှိရသော ဤတင်ပြမှုအပြီးတွင်၊ ယေရှုသည်လည်း အခြားသောနိမိတ်လက္ခဏာများစွာကို လုပ်ဆောင်ခဲ့သောကြောင့် လူများစွာသည် သူ၏နာမကို အပေါ်ယံအားဖြင့် ယုံကြည်ကြသည်ကို ယောဟန်ဖော်ပြခဲ့သည်။

ထို့နောက်၊ ယောဟန်သည် ဂျူးအုပ်ချုပ်ရေးကောင်စီဝင် နိကောဒင်နှင့် ယေရှု၏အံ့သြဖွယ်စကားပြောဆိုမှုကို ၃:၁-၂၁ တွင် ဖော်ပြခဲ့သည်။ တစ်ဖန်၊ ဤတစ်ကြိမ်တွင် “လူသား” နှင့် “ဘုရားသခင်၏

သားတော်"နှစ်ခုစလုံးနှင့် ကယ်တင်ခြင်းတာဝန်ကို ထမ်းဆောင်ရန် စေလွှတ်ခြင်းခံရသော ယေရှု၏ ဝိသေသလက္ခဏာအပေါ် အလေးပေးဖော်ပြသည်။

ယောဟန် ၃:၂၂-၃၆ တွင်၊ နှစ်ခြင်းဆရာယောဟန်၏အကြောင်းကို တွေ့ရှိရသည်။ ဤနေရာ၌၊ ယေရှုသည် ခရစ်တော်၊ ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ယောဟန်အခိုင်အမာပြောဆိုခဲ့သည်။ သခင်ယေရှုသည် ဘုရားသခင်အကြောင်းနှင့် ကယ်တင်ခြင်းအကြောင်းကို သက်သေခံရန် ကြွလာသော်လည်း၊ အဘယ်သူမျှ သူ့အားယုံကြည်လက်ခံခြင်းမရှိဟု မိန့်တော်မူသည်။

ယောဟန် ၄:၁-၄၂ တွင်၊ ရှမာရိမြို့ရှိ ရေတွင်းတစ်ခုတွင် ရှမာရိအမျိုးသမီးတစ်ဦးနှင့် ယေရှု တွေ့ဆုံခဲ့ကြောင်း ယောဟန်ဖော်ပြခဲ့သည်။ တစ်ဖန်၊ ခရစ်တော်သည် မိမိလူတို့အား အရာခပ်သိမ်းကို လာ၍ရှင်းပြပေးမည့်ခရစ်တော်ဟုခေါ်သော မေရှိယအဖြစ် ယေရှု၏ဝိသေသလက္ခဏာအပေါ် အလေးပေးဖော်ပြခြင်းဖြစ်သည်။ ကယ်တင်ခြင်းရရှိခြင်းသည် ဂျူးများမှတစ်ဆင့်၊ အထူးသဖြင့် ကိုယ်တော်အားဖြင့် ရောက်ရှိလာမည်ဟု အခိုင်အမာပြောဆိုခြင်းဖြင့်၊ ယေရှုသည် ဂျူးလူမျိုးတို့၏ တွေးခေါ် ပုံကို စိန်ခေါ်ကာ ဂျူးလူမျိုးတို့အစဉ်အမြဲလိုချင်ခဲ့သောအသက်တာနှင့် ဘုရားသခင်၏ အမှန်တရားကို ရှာဖွေရန်ဖိတ်ခေါ် ခဲ့သည်။ ရှမာရိလူများသည် ယေရှုကို ယုံကြည်ခြင်းဖြင့် ဤသွန်သင်ချက်ကို တုံ့ပြန်ခဲ့ကြသည်။

နောက်ဆုံး၊ ယောဟန် ၄:၄၃-၅၄ တွင်၊ ယောဟန်သည် ယေရှု၏ဒုတိယအံ့ဖွယ်နိမိတ်လက္ခဏာကို တင်ပြခဲ့သည်။ ပထမနိမိတ်လက္ခဏာကဲ့သို့ပင်၊ ဤတစ်ခုကိုလည်းကာနမြို့၌ပြခဲ့သည်။ သို့သော် ယခု တစ်ကြိမ်တွင် ယေရှုသည် ကလေးငယ်တစ်ဦးကို ထိတွေ့ခြင်း သို့မဟုတ် မြင်ခြင်းမရှိဘဲ ကုသပေးခဲ့သည်။ အံ့သြစရာမဟုတ်ပါ၊ ဤဇာတ်လမ်းတွင် အံ့ဖွယ်အမှုသည် ယေရှု၏အခွင့်အာဏာကို သက်သေထူရန် ရည်ရွယ်ပြီး ၎င်းကိုတွေ့မြင်သူတို့အား ယုံကြည်ခြင်းကိုဖြစ်စေသည်ဟူသောအချက်အပေါ် အလေးပေးဖော်ပြခြင်းဖြစ်သည်။

ပထမပသခါပွဲနှင့်ပတ်သက်သည့် ကဏ္ဍတစ်လျှောက်တွင် အရေးကြီးသောအကြောင်းအရာတစ်ခုသည် ယုံကြည်ခြင်းပင်ဖြစ်သည်။ ပထမနိမိတ်လက္ခဏာကိုပြပြီးနောက်၊ တပည့်တော်တို့သည် ယေရှုကိုယုံကြည်ကြသည်ဟု ၂:၁၁ တွင် ယောဟန်ဖော်ပြထားသည်။ ၄:၄၂ တွင်၊ ရှမာရိလူတို့သည် ယေရှု၏သွန်သင်ချက်ကြောင့် ယုံကြည်ခဲ့ကြသည်။ ၄:၅၃ တွင်၊ ရောဂါပျောက်ကင်းသောကလေး၏ မိသားစု ယုံကြည်ခဲ့ကြသည်။ နောက်ပိုင်း၊ ယောဟန် ၇:၅၀ နှင့် ၁၉:၃၉ တွင်၊ နိကောဒင်သည်လည်း ယေရှုကိုယုံကြည်သူဖြစ်လာသည်ဟု ကျွန်ုပ်တို့ယူဆရန် အကြောင်းပြချက်တွေ့ရသည်။ ယေရှု၏နိမိတ်လက္ခဏာများနှင့် လေးနက်သောသွန်သင်ချက်သည် ကိုယ်တော်၏ဝိသေသလက္ခဏာနှင့် ကိုယ်တော်ပေးသောကယ်တင်ခြင်းအတွက် တန်ခိုးကြီးသောသက်သေခံချက်ဖြစ်ပြီး များစွာသောသူတို့သည် ကိုယ်တော်ကိုယုံကြည်ကြသည်။

> ကေန်စင်စစ်၊ ယောဟန်ခရစ်ဝင်ကျမ်းတွင်တွေ့ရသော အဓိကအကြောင်းအရာများထဲမှတစ်ခုသည် ကယ်တင်သောယုံကြည်ခြင်းဖြစ်သည်။ ယုံကြည်ခြင်းရှိရန်သည် ခရစ်ဝင်ကျမ်းတစ်လျှောက်လုံး အလေးပေးသည့်အရာဖြစ်သည်။ ၎င်း၏အလေးပေးမှုကို နယ်ပယ်နှစ်ခုတွင် ဖော်ပြထားသည်—တစ်ခုမှာ

ယုံကြည်ခြင်း သို့မဟုတ် ဘုရားသခင်၏ သားသမီးဖြစ်ခြင်းသည် ဘုရားသခင်ကိုယ်တော်တိုင် လုပ်ဆောင်သည့်အရာဖြစ်ပြီး၊ နောက်တစ်ခုမှာ၊ ကယ်တင်သောယုံကြည်ခြင်း၏ အစိတ်အပိုင်းတစ်ခုချင်းစီ၏ လုပ်ဆောင်သည့် လုပ်ဆောင်ချက်တစ်ခုဖြစ်ကာ၊ ဆုကျေးဇူးတစ်ခုအနေနှင့် သေချာပေါက် နားလည်လက်ခံထားသောကြောင့် ၎င်းသည် ကျွန်ုပ်တို့ယုံကြည်သည့် အသက်တာ၌ဘုရားသခင်၏ ကျေးဇူးတော်ပင် ဖြစ်ပါသည်—သို့သော် ကျွန်ုပ်တို့လုပ်ဆောင်နေသည့်အရာတစ်ခုအပေါ်အခြေခံသောကြောင့် အသိ၏ရှုထောင့်တစ်ခုလိုအပ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်အတွက် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံတော်မူကြောင်းကို နားလည်သဘောပေါက် ရပါမည်။ ၎င်းကို သဘောတူလက်ခံသည့်သဘောလည်း ရှိရပါမည်။ သို့သော် သိနားလည်ရုံနှင့် သဘောတူလက်ခံရုံထက် များစွာပိုပါသည်။ ယုံကြည်ကိုးစား သည့်သဘောရှိခြင်းသည် ယုံကြည်ခြင်း၏ အရေးကြီးသောကဏ္ဍဖြစ်သည်။ ၎င်းသည် သားတော်ခရစ်တော်အားဖြင့် ဘုရားသခင်ပြုတော်မူသမျှကို လက်လှမ်းမှီပြီး လက်ခံရယူသူ၏အခြေအနေဖြစ်သည်။

**Dr. Jeff Lowman**

သင်သိပါသလား၊ ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် စိတ်အနှောက်အယှက်အဖြစ်ဆုံး အရာတစ်ခုသည် "ယုံကြည်ခြင်း" ဟူသော စကားလုံးကို ပေါ့ဆစွာနှင့် အလွန်ဂရုမစိုက်ဘဲ သုံးနေခြင်းဖြစ်သည် ။ ယုံကြည်ခြင်းနှင့်ပတ်သက်၍ အခြေခံအားဖြင့် ယုံကြည်ခြင်းရှိသကဲ့သို့ ပြောဆိုကြသူများ အများအပြား ရှိသည်။ ၎င်းသည် ယုံကြည်ခြင်းနှင့်ပတ်သက်၍ ခရစ်ယာန်များပြောသည့်ပုံစံ မဟုတ်ပါ။ ယုံကြည်ခြင်း အမျိုးမျိုးရှိသည်။ ယခုကျွန်ုပ်ထိုင်ခုံပေါ်တွင် ထိုင်နေသည်။ ကျွန်ုပ်ကိုထိန်းထားနိုင်မည်ဟု ယုံကြည်ချက်ကောင်းစွာ ရှိသည်။ ဤခုံကို ကျွန်ုပ်ယုံကြည်မှုရှိသည်။ သို့သော် ကျွန်ုပ်ကိုထိန်းထားနိုင်သည် ဟူသောယုံကြည်မှုမှလွဲ၍ အခြားတစ်စုံတစ်ရာလုပ်ပေးရန် ဤခုံအပေါ် ကျွန်ုပ် ယုံကြည်မှုရှိမည် မဟုတ်။ အခြားရည်ရွယ်ချက် မရှိပါ။ ကယ်တင်သော ယုံကြည်ခြင်းအကြောင်းပြောသောအခါ၊ ခရစ်တော်ကိုယုံကြည်ခြင်းကို ဆိုလိုပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် လိုအပ်သမျှကို ဖြည့်ဆည်းပေးကြောင်း ထိုယုံကြည်မှုတွင် ယုံကြည်စွာ မှီခိုအားကိုးခြင်းပင်ဖြစ်သည်။ ကယ်တင်သောယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏အပြစ်အတွက် ပေးဆပ်ခဲ့သူသည် ခရစ်တော်ဖြစ်သည်ကို သိသောယုံကြည်ခြင်းဖြစ်သည်၊ ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို ရွေးဝယ်ယူခဲ့သောသူသည် ခရစ်တော်ဖြစ်သည်ကိုသိခြင်း၊ ကျွန်ုပ်တို့၏ အပြစ်များအတွက်အပြစ်ဖြေခြင်းကို အပြည့်အဝပေးတော်မူသောသူသည်

> ခရစ်တော်ဖြစ်သည်ကိုသိခြင်း၊ ကိုယ်တော်၌ ကျွန်ုပ်တို့၏အပြစ်များကို အပြည့်အဝခွင့်လွှတ်ကြောင်းကို သိမှတ်ခြင်းဖြစ်သည်။ ကယ်တင်သောယုံကြည်ခြင်းသည် ခရစ်တော်ကို ရိုးရှင်းစွာ ခိုလှုံကိုးစားရန်နှင့် ယုံကြည်ရန်ဖြစ်ပြီး၊ ခရစ်တော်သည် ကျွန်ုပ်တို့အတွက်ကြောင့် ဤအရာများကို လုပ်ဆောင်ခဲ့ကြောင်း၊ လုပ်ဆောင်ရန်ကျန်နေသေးသောအရာမရှိတော့ကြောင်း ကိုသိလျက်နှင့် ယုံကြည်ခြင်းဖြင့် သူ့ထံလာသူများကို ထာဝစဉ်စောင့်ထိန်း ကြောင်းကို စိတ်ချခြင်းဖြစ်သည်။ . သင်သိပါသလား၊ ကယ်တင်သောယုံကြည်ခြင်း၊ ၎င်း၏မရှိမဖြစ် အလိုအပ်ဆုံး အဓိပ္ပါယ်သည်၊ ခရစ်တော်ကို ကျွန်ုပ်တို့သည်ယုံကြည်သည်ဟူသောအချက်ဖြင့် အဓိပ္ပါယ် ဖွင့်ဆိုထားသော ယုံကြည်ခြင်းဖြစ်သည်။ အခြားဘာမျှ ရှိမည်မဟုတ်ပါ။ အခြားဘာမျှ ကျွန်ုပ်တို့မလိုချင်ပါ။ ခရစ်တော်သည် ကျွန်ုပ်တို့၏ကယ်တင်ခြင်း အတွက် လုံလောက်ကြောင်း ကျွန်ုပ်တို့သိသည်။

**Dr. R. Albert Mohler, Jr.**

ဝမ်းနည်းစရာကောင်းသည်မှာ လူတိုင်းသည် ယေရှုကို ယုံကြည်ခြင်းနှင့် မတုံ့ပြန်ခဲ့ကြပါ။ ၂:၁၂-၂၀ တွင်၊ ယေရှုသည် ဗိမာန်တော်ကို ညစ်ညူးစေသောသူများကို နှင်ထုတ်ခဲ့သည်။ ၂:၂၄-၂၅ တွင်၊ ယေရှု သည် ထိုသူတို့တွင် စစ်မှန်သောယုံကြည်ခြင်းမရှိကြောင်းကို သိသောကြောင့် လူတို့ထံ၌ မိမိကိုယ်ကို အပ်နှံခြင်း သို့မဟုတ် နာခံခြင်းမပြုခဲ့ပေ။ ၃:၁၈-၂၁ တွင်၊ ယုံကြည်ရန်ငြင်းဆန်သူများအား တရားစီရင် ခြင်းအကြောင်း ကျွန်ုပ်တို့ဖတ်ရပါသည်။

## အမည်မသိ ပွဲတော်

ယေရှု၏လူထုဆိုင်ရာဓမ္မအမှုတော်၏တတိယအပိုင်းသည် အမည်မဖော်သောပွဲတော်တစ်ခုနှင့် ဆက်စပ်နေပြီး ယောဟန် ၅:၁-၄၇ တွင်တွေ့ရှိရသည်။ အခန်းငယ် ၁-၁၅ တွင်၊ ယေရှုသည် ၃၈ နှစ်ကြာ မကျန်းမာသောလူကို ကုသပေးခဲ့သည်။ ဥပုဒ်နေ့ဖြစ်သောကြောင့်၊ ယေရှုသည် ဥပုဒ်နေ့တွင် အလုပ်လုပ် ခြင်းအား တားမြစ်သည့်တရားတော်ကို ချိုးဖောက်မိစေရန် ယုဒများသည် ထောက်ခံအားပေးခဲ့ကြသည်။ ရှင်ယောဟန် ၅:၁၆-၄၇ တွင် ယုံကြည်သူတိုင်းအား ထာဝရအသက်ကို ပေးသူဖြစ်ကြောင်း ယေရှု၏ တုံ့ပြန်မှုကို မှတ်တမ်းတင်ထားသည်။

## ဒုတိယပသခါ

ယေရှု၏လူထုဆိုင်ရာဓမ္မအမှုတော်အကြောင်း အသေးစိတ်ဖော်ပြသည့် စတုတ္ထအပိုင်းသည် ယောဟန် ၆:၁-၇၁ တွင် ကိုယ်တော်၏ဒုတိယပသခါပွဲကိုကျင်းပခြင်းအကြောင်း ဖော်ပြသည်။ ပသခါပွဲ သည် အီဂျစ်ပြည်မှ ဣသရေလလူမျိုး၏ လွတ်မြောက်ခြင်းအား ဂျူးလူမျိုးများကျင်းပသည့်ပွဲတော်ဖြစ် သည်။ ထို့ကြောင့်၊ ဤကဏ္ဍတွင် ထွက်မြောက်ကြောင်းဆိုင်ရာ အကိုးအကားများစွာပါရှိသည်မှာ အံ့သြ

စရာမဟုတ်ပါ။ ၆:၁-၁၅ တွင်၊ ယေရှုသည် လူငါးထောင်ကို မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ဖြင့် အံ့ဖွယ်နည်းဖြင့် ကျွေးမွေးခဲ့သည်။ ဤလုပ်ရပ်သည် ဣသရေလလူမျိုးအား အီဂျစ်ပြည်တွင် ကျွန်ခံခြင်းမှ လွတ်မြောက်ပြီးနောက် ဣသရေလလူမျိုးအား ဘုရားသခင်ပေးသော မန္နမုန့်ကို ပြန်အမှတ်ရစေသည်။

ရှင်ယောဟန် ၆း၁၆-၂၄ တွင်၊ ယေရှုသည် ရေပေါ်လမ်းလျှောက်ခဲ့သည်၊ ၎င်းသည် ပင်လယ်နီကို ခွဲသောအခါ ပင်လယ်ရေကိုမောရှေပေးခဲ့သည့်အမိန့်တော်ထက် သာ၍ကြီးမြတ်သော အမိန့်တော်အား ယေရှုပြသခဲ့သည် ။ ထို့နောက်၊ ၆:၂၅-၇၁ တွင်၊ ယေရှုသည် ပင်လယ်ကိုဖြတ်ကျော်ပြီးနောက်၊ ထွက်မြောက်ရာခေတ်၌ ဘုရားသခင်ပေးခဲ့သော မန္နထက်သာလွန်၍ "ကောင်းကင်မှစစ်မှန်သောမုန့်" အဖြစ် သူ့ကိုယ်သူဖော်ပြခဲ့သည်။ စစ်မှန်သောမုန့်အဖြစ်၊ ယေရှုသည် ယုံကြည်သူအားလုံးအတွက် စစ်မှန်သောအသက်ကိုပေးသူအဖြစ် ပသခါပွဲကို ဖြည့်ဆည်းပေးခဲ့သည်။

## သကေနေပွဲ

ယေရှု၏လူထုဆိုင်ရာဓမ္မအမှုတော်၏ ပဉ္စမအပိုင်းသည် ယောဟန် ၇:၁–၁၀:၂၁ တွင် သကေနေပွဲကျင်းပခြင်းနှင့်သက်ဆိုင်သည်။ ယောဟန် ၇:၁-၅၂ တွင်၊ ယောဟန် တွင် ယေရှုသည် သကေနေပွဲကျင်းပပုံနှင့် ပြည့်စုံပုံကို မှတ်တမ်းတင်ခဲ့သည်။ သကေနေပွဲသည် အီဂျစ်ပြည်မှ ဣသရေလလူမျိုးကို ဘုရားသခင်၏ကယ်တင်ခြင်းနှင့် တောကန္တာရတွင် ကိုယ်တော်၏ရေပေးခြင်း အထိမ်းအမှတ်ပွဲတော်ဖြစ်သည်။ စပါးရိတ်ရာကာလအတွက် ဘုရားသခင်၏အစဉ်မပြတ် မိုးရွာပေးမှုကိုလည်း ဂုဏ်ပြုသည်။ ထို့ပြင် သူ၏လူများကို ဘုရားသခင်၏နောက်ဆုံး ကယ်တင်မည့်နေ့ကို စောင့်မျှော်နေသည်။ ပွဲတော်အတွင်း၊ ယဇ်ပုရောဟိတ်သည် ဗိမာန်တော်၏ ယဇ်ပလ္လင်ပတ်လည်တွင် ရေသွန်းလောင်းခြင်းဖြင့် ဘုရားသခင်၏ မွန်မြတ်သောပြင်ဆင်ပေးမှုကို သရုပ်ဖော်သည်။ ဤရေ၏သင်္ကေတကိုအသုံးပြု၍ ယေရှုသည် သူတို့ကို "အသက်ရေ" ပေးစွမ်းနိုင်သူဖြစ်ကြောင်း ရဲရင့်စွာအခိုင်အမာဆိုသည်။

ယောဟန် ၈:၁၂-၅၉ တွင်၊ ယေရှုသည်မိမိကိုယ်ကို ဘုရားသခင်၏သားတော်ဟု ခေါ်ခြင်းဖြင့် စစ်မှန်သောသားဖြစ်ခြင်းကို ဖော်ပြခဲ့သည်။ ယေရှုသည်မိမိကိုယ်ကို ဘုရား၏သားတော်ဟု ခေါ်သည်။ မယုံကြည်သောဂျူးများသည် အာဗြဟံ၏တရားဝင်သားများဖြစ်ကြောင်းကို ကိုယ်တော်ငြင်းဆိုခဲ့သည်။

၉:၁-၄၁ တွင်၊ မွေးကတည်းကပင် မျက်စိကန်းသောသူကို ယေရှုကုသပေးခဲ့သည်။ တုံ့ပြန်မှုတွင်၊ သံသယရှိသောဖာရိရှဲများသည် ယေရှုပြုခဲ့သောအရာကို ဂရုတစိုက်စုံစမ်းကြသည်။ ဖာရိရှဲများ၏ မယုံကြည်မှုသည်း အမှန်တကယ်ပင် မြင်သည်ဟုဆိုကြသော်လည်းမျက်စိကန်းသူများဖြစ်ကြောင်း၊ အခိုင်အမာဆိုရန် ယေရှုအား လှုံ့ဆော်ပေးခဲ့သည်။ ၁၀:၁-၂၁ တွင် ယေရှုသည် မိမိကိုယ်ကို ကောင်းသော သိုးထိန်းအဖြစ် ဖော်ပြသည်။ ဖာရိရှဲများနှင့်မတူဘဲ၊ ယေရှုသည် မိမိသိုးများအတွက် မိမိအသက်ကိုပင် စွန့်ဝံ့သောကြောင့် ကောင်းသောသိုးထိန်းဖြစ်သည်။

## အင်္ကေနိပွဲ

ယေရှု၏လူထုဆိုင်ရာဓမ္မအမှုတော်၏ ခြောက်ခုမြောက်အပိုင်းတွင် ယောဟန် ၁၀:၂၂–၁၁:၅၇ တွင် ကိုယ်တော်၏အင်္ကေနိပွဲကျင်းပခြင်းဆိုင်ရာ အဖြစ်အပျက်များကို မှတ်တမ်းတင်ထားသည်။ ရှင်ယောဟန် ၁၀:၂၂-၄၀ တွင် ယေရှုသည် အင်္ကေနိပွဲကို စောင့်ထိန်းပြီး ပြည့်စုံစေကြောင်း ဖော်ပြသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤပွဲတော်သည် ဓမ္မဟောင်း၌ မရှိခဲ့ပါ။ ယဇ်ပုရောဟိတ်မိသားစုပြီးနောက် Maccabees တို့သည် ဂရိဘုရင် Antiochus Epiphanes ကို အောင်မြင်စွာပုန်ကန်ရန် ဦးဆောင်ခဲ့ပြီးနောက် ဘီစီ ၁၆၅ တွင် ဤပွဲကို စတင်ခဲ့သည်။ Antiochus သည် Epiphanes ဟူသောအမည်ကိုခံယူခဲ့သည်၊ အကြောင်းမှာ သူ့ကိုယ်သူ ဘုရား၏ထင်ရှားခြင်းဟု ယုံကြည်သောကြောင့် ဖြစ်သည်။ သူသည် ယေရုရှလင်မြို့တွင် လူများစွာကို အစုအပြုံလိုက် သတ်ဖြတ်ခဲ့ပြီး၊ ဗိမာန်တော်ကို ညစ်ညူးစေကာ ဂျူးများအား Zeus ကိုကိုးကွယ်ရန် အမိန့်ပေးခဲ့သည်။ ထို့ကြောင့် Maccabees များ ပြန်လည်သိမ်းယူပြီးနောက် ဗိမာန်တော်အား ပြန်လည်သန့်ရှင်းစေခြင်းဖြင့် အင်္ကျန်ပွဲကို ကျင်းပခဲ့သည်။ ယနေ့ ပွဲတော်ကို ၎င်း၏ ဟေဗြဲအမည် Hanukkah ဖြင့် လူသိများပြီး "ဆက်ကပ်အပ်နှံခြင်း" ဟု အဓိပ္ပာယ်ရသည်။

ဤကျမ်းပိုဒ်သည် Antiochus နှင့်သခင်ယေရှု ထင်ရှားစွာနှိုင်းယှဉ်ဖော်ပြသည်။ တစ်ဖက်တွင်၊ Antiochus သည် ဘုရားသခင်၏လူများကို အစုအပြုံလိုက်သတ်ဖြတ်ပြီး ဗိမာန်တော်ကို ညစ်ညူးစေသည့်အနေဖြင့် သူသည်ဘုရားသခင်ဖြစ်သည်ဟု လိမ်လည်ပြောဆိုခဲ့သည်။ တစ်ဖက်တွင်၊ ယေရှုသည် မိမိလူမျိုးအား ထာဝရအသက်ကိုပေးခြင်းအပါအဝင်၊ ခမည်းတော်၏အမှုတော်ကို သစ္စာရှိစွာလုပ်ဆောင်သည့် ဘုရားသခင့်သားတော်အမှန်ပင်ဖြစ်သည်။ ယောဟန် ၁၀:၃၆ တွင်၊ ယေရှုသည် စေလွှတ်ခြင်းခံရကြောင်း—သို့မဟုတ် အချို့သောဘာသာပြန်များတွင် "အရာ၌ခန့်ထားခြင်း"—နှင့် လောကသို့စေလွှတ်ခြင်းခံရသည်ဟုပင် အခိုင်အမာဆိုခဲ့သည်။ အင်္ကျန်ပွဲ၌ ဗိမာန်တော်အား အနုမောဒနာပြုခြင်းကို ဤဘာသာစကားဖြင့် အမှတ်ရစေသည်။ ယေရှုသည် ဗိမာန်တော်ပြန်လည်တည်ဆောက်ခြင်းကို ယောဟန် ၂:၁၉-၂၁ တွင် သူ၏ကိုယ်ခန္ဓာ၏ရှင်ပြန်ထမြောက်ခြင်းနှင့် နှိုင်းယှဉ်ခဲ့ပြီး ဖြစ်သည်။

ဤအကြောင်းအရာများကို ယောဟန် ၁၁:၁-၅၇ တွင် လာဇရု၏ရှင်ပြန်ထမြောက်ခြင်းဇာတ်လမ်းတွင် ထည့်သွင်းထားပြီး၊ ၎င်းသည် ယေရှု၏သေခြင်းတရားအပေါ် ဘုရားတန်ခိုးကိုပြသခြင်းဖြစ်သည်။ လာဇရုကို သေခြင်းမှထမြောက်စေခြင်းသည် ခရစ်ဝင်ကျမ်း၏အဆုံးတွင် ယေရှု၏ရှင်ပြန်ထမြောက်ခြင်းကို အရိပ်အယောင်ပြခြင်းဖြစ်ပြီး၊ အင်္ကျန်ပွဲ၏မျှော်လင့်ချက်အားလုံး ပြီးမြောက်သောအခါ ပြည့်စုံလိမ့်မည်။

## တတိယပသခါ

ယေရှု၏လူထုဆိုင်ရာဓမ္မအမှုတော်နှင့်ပတ်သက်၍ သတ္တမအပိုင်းသည် ယောဟန် ၁၂:၁-၅၀ တွင်တွေ့ရသော တတိယပသခါပွဲအတွက် ပြင်ဆင်မှုများကို ဗဟိုပြုထားသည်။ ယောဟန်ဖော်ပြခဲ့သော တတိယပသခါပွဲအတွက် ယေရှု၏ပြင်ဆင်မှုများသည် ယောဟန် ၁၃-၁၇ တွင် သူ၏တပည့်တော်တစ်ကျိပ်နှစ်ပါးအတွက် အမှုဆောင်ခြင်းအပြင်၊ အခန်း ၁၉ ရှိ ပသခါသိုးသငယ်အဖြစ် ကိုယ်တော်၏ယဇ်ပူဇော်ခြင်းအတွက်ဖြစ်သည်။ ၁၂:၁-၁၁ တွင် သင်္ဂြိုဟ်ရန် ဘိသိက်ခံခြင်းခံရပြီးနောက် ယေရှု၏ပြင်ဆင်မှုများ စတင်ခဲ့သည်။ အခန်းငယ် ၁၂-၁၉ တွင်၊ ယောဟန်သည် ယေရုရှလင်မြို့သို့ ယေရှု၏အောင်ပွဲခံဝင်ခြင်းကို မှတ်တမ်းတင်ခဲ့သည်။ ယောဟန်၁၂:၂၀-၅၀ တွင်၊ ယေရှုသည် သူ၏သေခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဘုန်းထင်ရှားရမည့်အချိန်ဖြစ်ကြောင်း လူသိရှင်ကြားကြေညာခဲ့သည်။ သခင်ယေရှုသည် ကြားနာသူများအား သူ့ကိုယုံကြည်ရန် တောင်းဆိုခဲ့သည်။ သို့သော် သူတို့ရှေ့၌ အံ့ဖွယ်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အမှုများလုပ်ဆောင်ပြီးနောက် ဂျူးများစွာသည် ယုံကြည်ကြသော်လည်း အခြားသူများမှာမူ မယုံကြည်ကြပေ။

ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏နောက်ထပ်အဓိကအပိုင်းသည် ယေရှု၏ကိုယ်ပိုင်ဓမ္မအမှုတော်နှင့် ပတ်သက်ပြီး ကိုယ်တော်ကိုလက်ခံယုံကြည်သူတို့အား ပေးခြင်းဖြစ်သည်။ ဤအပိုင်းကို ယောဟန် ၁၃:၁–၂၀:၃၁ တွင် ဖော်ပြထားသည်။

# ယေရှု၏ကိုယ်ပိုင်ဓမ္မအမှုတော်

ခရစ်ဝင်ကျမ်း၏ဤအပိုင်းတွင် တပည့်တော်များနှင့်အတူ ယေရှု၏နောက်ဆုံးညစာစားပွဲနှင့် အဖမ်းခံရခြင်း၊ ကားစင်တင်သတ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအကြောင်း ယောဟန်၏မှတ်တမ်းပါရှိသည်။ ယေရှုသည် မိမိ၏အထူးသီးသန့်လူတို့အား သူ၏ဘုန်းတော်ကိုမည်သို့ထင်ရှားစေပုံဇာတ်လမ်းဖြစ်သည်။ ယေရှုသည် မိမိကိုယုံကြည်သောသူတို့အား နီးကပ်စွာအမှုဆောင်ခဲ့ပြီး သူတို့အတွက် မိမိ၏ဆန္ဒအလျောက် အသက်ပေးခဲ့ကြောင်း ယောဟန်သွန်သင်ခဲ့သည်။ ဤအဖြစ်အပျက်များအားဖြင့်၊ ယေရှုသည် ယခင်တစ်ခါမျှမမြင်ဖူးသည့်နည်းလမ်းဖြင့် ဘုရားသခင်၏ဘုန်းတော်ကို ဖော်ပြခဲ့သည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏ ဤအပိုင်းသည် ယောဟန် ၁:၁၁-၁၂ တွင် ယောဟန်ဖော်ပြခဲ့သော အတွေးအမြင်ကို ဖော်ထုတ်ပြီး ဤစကားများကို သူရေးသားခဲ့သည်_

> သူ[ယေရှု]သည်မိမိဒေသအရပ်သို့ကြွလာသော်လည်း၊ မိမိလူမျိုးတို့သည်
> သူ့ကိုလက်မခံဘဲနေကြ၏။ ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော
> ကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို
> ပေးတော်မူ၏ (ယောဟန် ၁:၁၁-၁၂)။

ရှင်ယောဟန်ခရစ်ဝင်ကျမ်း ပထမအခန်းကြီး ၁၂ ခန်းတွင်၊ ယေရှုသည် ဤလောကကို အမှုဆောင်ခဲ့သော်လည်း၊ သူ၏လူများသည် သူ့ကိုလက်မခံပါ။ ထို့နောက် အခန်းကြီး ၁၃ မှအစပြု၍၊ ယေရှုသည် သူ့အားလက်ခံသောသူများဖြစ်သည့် တပည့်တော်များကို အာရုံစိုက်ခဲ့သည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏ ဤအပိုင်းကို နှစ်ပိုင်းခွဲ၍ ကြည့်ပါမည်။ ဦးစွာ၊ နောက်ဆုံးညစာစားပွဲ၏အဖြစ်အပျက်များကို သုံးသပ်ပါမည်။ ဒုတိယ၊ ယေရှု၏အကြီးမြတ်ဆုံးဘုန်းတော်အချိန်၊ အတိအကျပြောရသော် ကိုယ်တော်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအချိန်ကို ကြည့်ရှုပါမည်။ နောက်ဆုံးညစာစားပွဲနှင့် ပတ်သက်သည့် အဖြစ်အပျက်များဖြင့် စတင်ကြပါစို့။

## နောက်ဆုံးညစာစားပွဲ

နောက်ဆုံးညစာစားပွဲတွင် တပည့်တော်များအား ယေရှု၏ဓမ္မအမှုတော်ဆောင်ခြင်းအား အပိုင်းလေးပိုင်းဖြင့် ဖော်ပြထားသည်။ ပထမပိုင်း၌၊ ယေရှုသည် ယောဟန် ၁၃:၁-၃၀ တွင် ခြေဆေးခြင်းဖြင့် သူတို့ကို အစေခံခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**အစေခံခြင်း။** ယေရှုသည် တပည့်တော်များ၏ခြေကို နှိမ့်ချစွာဆေးကြောခြင်းဖြင့် မြေကြီးဆိုင်ရာဓမ္မအမှုတော်တစ်ခုလုံးကို အမှတ်အသားပြုခဲ့သည်။ ဤအဖြစ်အပျက်သည် သူ၏ လူ့ဇာတိခံယူခြင်းနှင့် လက်ဝါးကပ်တိုင်ပေါ်၌ သူ၏ကယ်တင်ခြင်းယဇ်ကို ပုံဖော်ထားသည်။ စကြဝဠာကို ဖန်ဆင်းသောအရှင်သည် မိမိလူမျိုးရှေ့တွင် ဦးညွှတ်ပြီး ပင်ပန်းနွမ်းနယ်နေသော ခြေဖဝါးများကို ဆေးကြောခြင်းဖြင့် အစေခံခဲ့သည်။ ၎င်းသည် နက်ဖြန်နေ့တွင် လက်ဝါးကပ်တိုင်ပေါ်၌ အထွတ်အထိပ် ရောက်မှုတစ်ခုဖြစ်ပြီး၊ ပင်ပန်းညိုးငယ်၍ မသန့်ရှင်းသော စိတ်ဝိညာဉ်များကို သူ၏သန့်စင်သောအသွေးဖြင့် ဆေးကြောပေးမည့် အစေခံမှုတစ်ခုဖြစ်သည်။ ခြေဆေးပြီးနောက်၊ တပည့်တော်တစ်ဦးသည် သူ့အားအပ်နှံလိမ့်မည်ဟု ယေရှုကြေညာခဲ့သည်။ ထို့နောက် စာတန်သည် ယုဒသို့ဝင်ရောက်ပြီးနောက်၊ ယုဒသည် သစ္စာဖောက်မှုကို ပြီးမြောက်ရန် အခန်းမှ ထွက်သွားခဲ့သည်။

ခြေဆေးခြင်းဖြင့် တပည့်တော်များကို အစေခံပြီးနောက် ယောဟန် ၁၃:၃၁–၁၄:၃၁ တွင် ယေရှုသည် သူတို့ကို နှစ်သိမ့်ပေးခဲ့သည်။

**နှစ်သိမ့်မှု။** ယုဒထွက်ခွာသွားပြီးနောက် ယေရှုသည် "နှုတ်ဆက်ရေးသားခြင်း" ဟု ခေါ်လေ့ရှိသည့်အရာကိုစတင်ခဲ့ပြီး၊ သူသည် မကြာမီထွက်ခွာသွားတော့မည်ဖြစ်သောကြောင့် မိမိ၏သစ္စာရှိတပည့်တော်များကို ပြင်ဆင်ပေးခဲ့သည်။

> တမန်တော်များသည် ပရိသတ်များဖြစ်သော်ငြားလည်း၊ သေချာသည်မှာ တမန်တော်ဆိုင်ရာဓမ္မအမှုတော်၏ အနာဂတ်မျိုးဆက်များအတွက် ထိန်းသိမ်းထားရမည့် အကြောင်းရင်းအချို့ရှိသည်။ တစ်နည်းဆိုရသော်၊ တမန်တော်အဖြစ်နှင့် အလုပ်သင်အဖြစ် အသက်ရှင်လိုသူနှင့် လေ့လာသင်ယူနေသူ၊ ဤလောကသို့ စေလွှတ်ခံရကြောင်း နားလည်သူတိုင်းအတွက် လွှဲပြောင်းနိုင်သော အယူအဆများ ရှိနိုင်ပါသည်။ သင့်ထံတွင် လုပ်ငန်းဆိုင်ရာ နားလည်မှုရှိပါက၊ အထက်ခန်း ဟောပြောချက်တွင် အံ့ဩဖွယ်ကောင်းသော သွန်သင်ချက်များစွာရှိသည်။ ထိုကျမ်းပိုဒ်တွင် ခေါင်းဆောင်များအတွက် သီးခြားနာခံလိုက်လျှောက်ရန်အချက်များ ပါရှိသည်ဟု ထင်ပါသည်။ ခရစ်တော်၏ကိုယ်ခန္ဓာတွင် ခေါင်းဆောင်မှုနေရာများသို့ ခေါ်ခြင်းခံရသော အမျိုးသားနှင့် အမျိုးသမီးများသည် ထိုအခန်းများကို ကြီးစွာသော အကျိုးအမြတ်ဖြင့် ဖတ်ရှုနိုင်သည်ဟု ကျွန်ုပ်ထင်ပါသည်။ သို့သော် ပုံမှန်အားဖြင့်ကျွန်ုပ်ပြောသည်မှာ ယောဟန် ၁၇ တွင် ယေရှုသည် ခရစ်ယာန်ပုံစံအားလုံးကို အမှန်တကယ် ပုံဖော်ထားသည်၊ အကြောင်းမှာ သူသည်ဆုတောင်းခြင်းကို ခွဲထားကာ တမန်တော်များအတွက် ဆုတောင်းပေးသည်ကို သင်သိပါလား၊ သူဆုတောင်းသည်မှာ "သူတို့အဖို့အလို့ငှာ အကျွန်ုပ်ဆုတောင်းပါ၏။ အကျွန်ုပ်အားပေးတော်မူသောသူတို့သည် ကိုယ်တော်၏လူဖြစ်သောကြောင့် ထိုသူတို့အဖို့အလို့ငှာဆုတောင်းပါ၏။" ထို့ကြောင့်၊ ယောဟန် ၁၄၊ ၁၅၊ ၁၆ နှင့် ၁၇ ပါအပိုင်းတစ်ခုလုံးသည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> တကျိပ်နှစ်ပါးနှင့် တကျိပ်နှစ်ပါးလွန်သွားပြီးနောက် အလားတူ အခန်းကဏ္ဍများတွင် ထမ်းဆောင်မည့်သူများကြားတွင် အပြန်အလှန် ဖြစ်နေသည်။ ထို့ကြောင့် ၎င်းသည် ယုံကြည်သူတိုင်းအတွက် ကဏ္ဍတစ်ခုအနေနှင့် ကျွန်ုပ်မြင်ပါသည်။

**Dr. Steve Harper**

သခင်ယေရှုသည် ဘုန်းတော်ထင်ရှားမည့်အချိန်ရောက်ပြီဟူ၍ နှုတ်ဆက်ခြင်းဖြင့်စတင်ခဲ့သည်—ဆိုလိုသည်မှာ သူသည်အသေခံမည်၊ သေခြင်းမှထမြောက်ပြီး ကောင်းကင်ဘုံရှိ ခမည်းတော်ထံတော်သို့ တက်သွားမည်ဖြစ်သည်။ တပည့်တော်တို့သည် ကိုယ်တော်၏မျက်မြင်ကိုယ်ခန္ဓာနှင့်အတူ လမ်းလျှောက်ခြင်း၊ စကားပြောခြင်းနှင့် သူတို့အလယ်၌ကိုယ်တော်မရှိဘဲ အသက်ရှင်ကြရမည်ဖြစ်သည်။ ပေတရုသည် သူ့ကိုသုံးကြိမ်တိုင် ငြင်းပယ်မည်ဟုလည်း ကြိုဟောခဲ့သည်။ သို့သော် ဤခက်ခဲသောသတင်းများသည် တပည့်တော်များကို စိတ်အနှောင့်အယှက်ဖြစ်စေကြောင်း ယေရှုသိတော်မူသောကြောင့် သူတို့ကို နှစ်သိမ့်ပေးပြီး၊ နောက်ဆုံးတွင် သူတို့ကိုလည်း ခမည်းတော်ထံပို့ဆောင်ပေးမည်ဟု စိတ်ချစေခဲ့သည်။ သူတို့ကို အထီးကျန်စွာထားခဲ့မည်မဟုတ်ကြောင်း မိန့်တော်မူသည်။ သူ၏ကိုယ်စားအမှုတော်ဆောင်ရန် သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်တော်မူလိမ့်မည်။ ယောဟန် ၁၄:၂၆ တွင် ယေရှု၏ကတိတော်ကို နားထောင်ပါ_

> ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသောဥပဇ္ဈာယ်ဆရာ တည်းဟူသော သန့်ရှင်း သော ဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူ၏ (ယောဟန် ၁၄:၂၆)။

တပည့်တော်များ မည်သည့်အခါမှ အထီးကျန်မည်မဟုတ်ဟု ယေရှုကတိပေးခဲ့သည်။ သူတို့သည် လောက၏တရားစီရင်ခြင်းနှင့် နှိပ်စက်ညှဉ်းပန်းခြင်းခံရမည်ဖြစ်သော်လည်း ယေရှု၏နာမတော်နှင့် သူတို့ကိုယ်သူတို့ တစ်ဦးတည်း ကာကွယ်ရန် မည်သည့်အခါမျှ မလိုအပ်ပါ။ သမ္မာတရား၏ဝိညာဉ်တော်သည် ယေရှု၏ကိုယ်စား အမှားအယွင်းကင်းစွာနှင့် အခွင့်အာဏာဖြင့် ရေးသားပြောဆိုရန် သူတို့ကို ခွန်အားပေးလိမ့်မည်။

ယေရှုသည် တပည့်တော်များကို နှစ်သိမ့်ပြီးနောက် ယောဟန် ၁၅:၁–၁၆:၃၃ တွင် သူ၏ထွက်ခွာခြင်းနှင့် သူတို့၏အနာဂတ်ဓမ္မအမှုတော်များအတွက် သူတို့ကို ပြင်ဆင်ပေးခဲ့သည်။

**ပြင်ဆင်မှု။** ယခင်အခန်း၏အဆုံးတွင်၊ ယေရှုနှင့် သူ၏တပည့်တော်များသည် သူတို့နေခဲ့သည့် နေရာမှ ထွက်ခွာသွားပြီး၊ ယေရှုသည် သူ၏ဟောပြောချက်၏ အပိုင်းအသစ်ကို စတင်ခဲ့သည်။ ယောဟန် ၁၅:၁-၈ တွင် သူ့ကိုယ်သူ "မှန်သောစပျစ်နွယ်ပင်" အဖြစ်ဖော်ပြခြင်းဖြင့် စတင်ခဲ့သည်။ ဤအလင်္ကာသည် ဆာလံ ၈၀:၈ နှင့် ဟေရှာယ ၅:၁-၇ တွင်၊ ဣသရေလလူမျိုးအား အကောင်းဆုံးသောစပျစ်နွယ်ပင် အဖြစ် ဖော်ပြခံရသည်။ ဣသရေလတို့၏ ရှုံးနိမ့်မှုနှင့် အပြစ်ကြောင့် နောက်ပိုင်းတွင် ယေရမိ ၂:၂၁ တွင်

"ဖောက်ပြန်၍၊ အမျိုးမစစ်သောစပျစ်နွယ်ပင်" ဟုခေါ်ဆိုခဲ့သည်။ သို့သော် ယေရှုကိုယ်တိုင်သည် ဣသရေလအတွက် စစ်မှန်ပြီး သစ္စာရှိသည့်လူမျိုးကို ပြန်လည်ဖွဲ့စည်းပြီး သူတို့သည်ဤမဟာစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း တပည့်တော်များကို အာမခံရန် ဤပုံစံကို ယေရှုအသုံးပြုခဲ့သည်။ ရှင်ယောဟန် ၁၅:၁-၅ တွင် ယေရှုပြောခဲ့သောစကားကို နားထောင်ပါ_

> ငါသည် မှန်သောစပျစ်နွယ်ပင်ဖြစ်၏။...ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည်အခက်များဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ ငါသည် လည်းသူ၌တည်၏၊ ထိုသူသည် များစွာသောအသီးကိုသီးတတ်၏ (ယောဟန် ၁၅:၁-၅)။

စစ်မှန်သောစပျစ်နွယ်ပင်ဖြစ်ကြောင်း ယေရှုပြောခြင်းဖြင့် အရေးကြီးသောသဘောတရားအရ သူကိုယ်တိုင်သည် ဣသရေလလူမျိုး ဖြစ်ကြောင်း မိန့်တော်မူခြင်းဖြစ်သည်။ ယေရှုသည် ဣသရေလ အမျိုးကို ကိုယ်စားပြုပြီး ဣသရေလ၏ကြမ္မာကို ဖြည့်ဆည်းပေးခဲ့သည်။ ဣသရေလသည် မြေကြီးပေါ် တွင် ဘုရားသခင့်နိုင်ငံတော်ကို တည်ထောင်ရန် ပျက်ကွက်ခဲ့သော်လည်း ယေရှု အောင်မြင်ခဲ့သည်။ တပည့်တော်တို့သည် စပျစ်နွယ်ပင်၏ အကိုင်းအခက်များ ဖြစ်ကြသည်။ ၎င်းတို့သည် ဘုရားသခင့် လူများ၏အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ဘုရားသခင်အတွက် ခေတ်ကာလများ၌ သူ၏ အစီအစဉ်ကို ဆောင်ရွက်ပေးမည့် ကိုယ်စားလှယ်များဖြစ်ကြသည် ။

သို့သော် လောကီသားတို့သည် ကိုယ်တော်ကို မုန်းတီးသောကြောင့် တပည့်တော်များကိုလည်း မုန်းတီးမည်ကို ယေရှုသိတော်မူသည်။ ထို့ကြောင့်၊ သူတို့အတွက် ခမည်းတော်ထံ ဆုတောင်းခြင်းတံခါး ကို ဖွင့်ထားကြောင်း အာမခံခဲ့သည်။ သူတို့သည် သူ၏သံတမန်များ၊ မြေကြီးပေါ် ရှိသူ၏ အခွင့်အာဏာရှိ သောကိုယ်စားလှယ်များ ဖြစ်ကြသည်။ ထို့အတွက်ကြောင့်၊ ခမည်းတော်သည် ယေရှုကိုယ်တိုင် ဆုတောင်းသကဲ့သို့ သူတို့၏ဆုတောင်းချက်များကို နားထောင်တော်မူမည်ဖြစ်သည်။ ယောဟန် ၁၆:၂၃-၂၄ ၌ မိန့်တော်မူသည်အတိုင်း_

> ငါအမှန်အကန်ဆိုသည်ကား၊ သင်တို့သည်ငါ၏ နာမကိုအမှီပြု၍ ခမည်းတော်မှာ ဆုတောင်းသမျှတို့ကို ခမည်းတော်သည် ပေးတော်မူမည်။ ယခုတိုင်အောင် ငါ၏နာမကိုအမှီပြု၍ သင်တို့သည် အဘယ်ဆုကိုမျှ မတောင်းကြသေး။ သင်တို့သည် ဝမ်းမြောက်စရာအကြောင်းစုံလင်စေခြင်းငှါ တောင်းကြလော့။ ထိုသို့တောင်းလျှင် ရကြလိမ့်မည် (ယောဟန် ၁၆:၂၃-၂၄)။

တပည့်တော်များကို ပြင်ဆင်ပြီးနောက် ယေရှုသည် ယောဟန် ၁၇:၁-၂၆ တွင် သူတို့အတွက် ဆုတောင်းခဲ့သည်။

**ဆုတောင်းချက်။** ယောဟန် ၁၇ တွင် ယေရှု၏ဆုတောင်းချက်ကို ယဇ်ပုရောဟိတ်မင်း ဆုတောင်းနည်းဟု မကြာခဏခေါ်လေ့ရှိသည်။ အကြောင်းမှာ သူ၏နောက်လိုက်များအတွက် ယဇ်ပုရော ဟိတ်နည်းဖြင့် ဆုတောင်းပေးသောကြောင့် ဖြစ်သည်။ အထူးသဖြင့်၊ ယေရှုသည် မိမိ၏တပည့်တော်များ အားဖြင့် အခြားသူများယုံကြည်လာစေရန် ခမည်းတော်သည် တပည့်တော်များကို ကာကွယ်ပေးတော်မူ

ရန် ဆုတောင်းခဲ့သည်။ သူတို့နှင့် သူတို့၏တပည့်များသည် ကမ္ဘာကြီး၏စွမ်းအားများထံမှ အကာအကွယ် ရရန်၊ သူတို့၏စည်းလုံးညီညွတ်မှုကို ခိုင်ခံ့စေကာ သူတို့၏အသက်တာသည် ဘုရားသခင်ကို ဘုန်းထင် ရှားစေမည်အကြောင်း ကိုယ်တော်ဆုတောင်းခဲ့သည်။

> သူ၏အချိန်တိုတောင်းသည်ကို ယေရှုသိတော်မူသည်၊ ကမ္ဘာမတည်မရှိမီကပင် ခမည်းတော်နှင့်တစ်လုံးတစ်ဝတည်းရှိခဲ့ကာ ခမည်းတော်ထံပြန်သွားရမည့် အချိန်ဖြစ်ကြောင်း ယေရှုမိန့်တော်မူသည်။ ဤအချိန်၌၊ ယေရှုသည်၊ အကျွန်ုပ် အား ပေးတော်မူသောသူတို့ကို အကျွန်ုပ်စောင့်မပါပြီ။ ထိုသူတို့တွင် ပျက်စီးခြင်း၏သားတယောက်မှတပါး အဘယ်သူမျှပျက်စီးခြင်းသို့မရောက်ပါ၊ ကျမ်းစာပြည့်စုံမည်အကြောင်းတည်းဟု ဆိုခဲ့သည်။ ထို့ကြောင့်၊ ယေရှုသည် တပည့်တော်များနှင့်ပတ်သက်၍ ခမည်းတော်ထံ အမှန်တကယ် ဆုတောင်းနေပါသည်။ သူတို့ကို သန့်ရှင်းစေရန် ၃ နှစ်မှ ၃-၁/၂ နှစ် သူတို့နှင့်အတူအမှုဆောင်ခဲ့ကာ၊ ဤအချက်ကို ဆောင်ကြဉ်းခဲ့သည်ဟု မိန့်တော်မူသည်။ ယခုမူ၊ သူတို့နှင့်အတူ ဤနေရာ၌ မနေတော့ပါ၊ ထို့ကြောင့် ခမည်းတော်ဘုရား၊ သူတို့ကို စောင့်ရှောက်တော်မူပါ၊ ဤသန့်ရှင်းခြင်း လုပ်ငန်းစဉ်ကို ဆက်၍လုပ်ဆောင်တော်မူပါ၊ အကြောင်းမှာ သူတို့သည် ကြီးစွာသော စစ်ဆေးမေးမြန်းခြင်းနှင့် ကြီးစွာသော နှိပ်စက်ညှဉ်းပန်းမှုများကို ရင်ဆိုင်ရမည်ဖြစ်ပြီး၊ မည်သို့ ဖြတ်သန်းကြပါမည်နည်း။ ထို့ကြောင့်၊ တစ်ဖန် ယေရှုခရစ်၏ ဧဝံဂေလိသတင်းစကားပျံ့နှံ့စေရန် သူတို့ ပေးဆပ်ကြရမည့် အရာများ၊ အမှုတော်နှင့်စစ်ဆေးမေးမြန်းခြင်း၊ နှိပ်စက်ညှဉ်းပန်းမှုများ၊ အာဇာနည်ဖြစ်မှုများစသည့် သူတို့ရှေ့မှောက်ရောက်လာမည့် အရာများ အတွက်ပြင်ဆင်နိုင်ရန် ဘုရားသခင်သည် တပည့်တော်များကို ကြည့်ရှု စောင့်ရှောက်ရန် ဆုတောင်းချက်ဖြစ်သည်။
>
> **Dr. Thaddeus J. James, Jr.**

နောက်ဆုံးညစာစားပွဲကို ဖော်ပြပြီးနောက် ယောဟန်သည် ယေရှု၏အသေခံခြင်းနှင့် ရှင်ပြန် ထမြောက်ခြင်းအကြောင်းကို ယောဟန် ၁၈:၁–၂၀:၃၁ တွင် ဖော်ပြသည်။

## အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း

ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင်၊ ယေရှု၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းနှင့် ၎င်းတို့၏ ဆက်စပ်ဖြစ်ရပ်များကို ယေရှု၏ဘုန်းတော်ထင်ရှားချိန်အဖြစ် မကြာခဏဖော်ပြသည်။ ဓမ္မဟောင်းကျမ်း တွင်၊ "ဘုန်းတော်" ဟူသော စကားလုံးသည် သူ၏လူတို့တွင် ဘုရားသခင်တည်ရှိခြင်းမျက်မှောက်တော် ကို မကြာခဏ ရည်ညွှန်းသည်။ ဣသရေလ၏သမိုင်းတစ်လျှောက်တွင်၊ ဘုရားသခင်၏ဘုန်းတော်သည် ဣသရေလလူမျိုးနှင့်အတူ လိုက်ပါခဲ့သည်။ ထွက်မြောက်ရာ ၁၆း၁၀ တွင် ဣသရေလလူတို့ ကန္တာရ

တော၌လှည့်လည်စဉ်တွင် ဘုန်းတော်တိမ်တိုက်ဖြင့်လမ်းပြခဲ့သည်။ ၎င်းသည် ထွက်မြောက်ရာ ၄၀:၃၄-၃၅ တွင် ဘုရားသခင်၏တဲတော်၌တည်ရှိသည်။ ၃ ဓမ္မရာဇဝင် ၈:၁၁ တွင် ရှောလမုန်၏ဗိမာန်တော်၌ ဘုရားသခင်၏ဘုန်းတော်ကျိန်းဝပ်သည်။ ၎င်းနှင့်သက်ဆိုင်၍၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် "ဘုန်းတော်" ဟူသောစကားလုံးသည် ယေရှုအား သူ၏လူများကြားတွင်နေထိုင်သော လူ့ဇာတိခံယူသော ဘုရားသခင်အဖြစ် ရည်ညွှန်းသည်။ သို့သော် ယေရှုသည် "ဘုန်းတော်ထင်ရှားသောအချိန်" ကိုရည်ညွှန်းသောအခါ၊ သူ၏ဘုန်းအသရေကို အလေးနက်ဆုံးနည်းဖြင့် ကမ္ဘာသို့ပြသမည့် သူ့ဘဝ၏ သီးခြားအချက်ကို ရည်ညွှန်းလေ့ရှိသည်။ တစ်နည်းဆိုရသော်၊ သူသည် သူ၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် သေခြင်းတရားကို ဘုန်းကြီးသည်ဟု ယူဆလေ့မရှိပါ။ သို့သော် ယေရှု၏သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင့်လူမျိုးအတွက် ပြန်လည်သင့်မြတ်ခြင်းကို ရွေးဝယ်ယူခဲ့သည်။ သူ၏ဆန္ဒအလျောက် ကိုယ်တိုင်ပေးဆပ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည် ကိုယ်တော်ကို ယုံကြည်ပြီး မေရှိယအဖြစ်ခံယူသူတိုင်းအတွက် ကယ်တင်ခြင်းနှင့် အသက်ကို ယူဆောင်လာသည်။ ထိုအရာတို့သည် ကျွန်ုပ်တို့ သိရှိနားလည်နိုင်မည်မဟုတ်သော နည်းလမ်းများဖြင့် ဘုရားသခင်၏မေတ္တာနှင့် တန်ခိုးကို ကျွန်ုပ်တို့အား ထုတ်ဖော်ပြသကြသည်။ ထိုအရာတို့သည် ကြေကွဲဖွယ်ကောင်းသော်လည်း လှပကြသည်။ ထိုအရာတို့သည် ဘုရားသခင်အား အနန္တဂုဏ်အသရေနှင့် ချီးမွမ်းခြင်းကို ယူဆောင်လာကြသည်။ လိုရင်းပြောရလျှင်၊ ထိုအရာတို့သည် လူ့သမိုင်းတွင် ဖြစ်ပျက်ခဲ့သည့် အခမ်းနားဆုံး အဖြစ်အပျက်များပင်ဖြစ်သည်။

ယေရှု၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတ်တမ်းကို ယောဟန် ၁၈:၁–၁၉:၁၆ တွင် ယေရှုဖမ်းဆီးခံရခြင်းနှင့် စစ်ဆေးမေးမြန်းခြင်းမှအစပြု၍ အဓိကအပိုင်းသုံးပိုင်းခွဲထားသည်။

**ဖမ်းဆီးခြင်းနှင့် စစ်ဆေးမေးမြန်းခြင်း။** ပထမ၊ ၁၈:၁-၁၁ တွင် ယေရှုဖမ်းဆီးခံရခြင်းအကြောင်း ကျွန်ုပ်တို့ဖတ်ရသည်။ ယုဒသည် ယေရှုကိုသစ္စာဖောက်ကာအာဏာပိုင်များလက်သို့ အပ်နှံပြီးနောက်၊ ယဇ်ပုရောဟိတ်အကြီးနှင့် ဖာရိရှဲများ၊ စစ်သည်များနှင့် အရာရှိများသည်လာ၍ ယေရှုကို ဖမ်းဆီးခဲ့သည်။ ၁၈:၁၂-၂၇ တွင်၊ ယေရှုအား စစ်ဆေးမေးမြန်းရန် ယဇ်ပုရောဟိတ်မင်း ကယာဖထံ ခေါ်ဆောင်ခဲ့သည်။ ထိုအချိန်တွင်၊ ပေတရုသည် ယေရှုပြောခဲ့သည့်အတိုင်း ယေရှုကို သုံးကြိမ်တိုင် ငြင်းပယ်ခဲ့သည်။

ထို့နောက်၊ ၁၈:၂၈–၁၉:၁၆ တွင် ရောမဘုရင်ခံ ပိလတ်မင်းသည် ယေရှုကို စစ်ဆေးမေးမြန်းခဲ့သည်။ ယေရှုသည် အပြစ်မရှိကြောင်း ပိလတ်မင်းသည် ကောက်ချက်ချခဲ့သော်လည်း ဂျူးများကိုကြောက်ရွံ့သောကြောင့် သူ့ကိုမလွှတ်ပေးခဲ့ပေ။ သို့သော် ယေရှုဖမ်းဆီးခံရခြင်းနှင့် စစ်ဆေးမေးမြန်းခြင်း၏နောက်ကွယ်တွင်ရှိသော စစ်မှန်သောစွမ်းအားမှာ ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည်။ ပိလတ်သို့မဟုတ် ကယာဖသည် အမှန်တကယ်ထိန်းချုပ်ထားခြင်းမရှိပါ။ အရာအားလုံးသည် ဘုရားသခင်၏အစီအစဉ်အတိုင်း ဖြစ်ခဲ့သည်။ ရှင်ယောဟန် ၁၉:၁၀-၁၁ တွင် ကျွန်ုပ်တို့ဖတ်ရသည့်အတိုင်း_

> ပိလတ်မင်းကလည်း၊ ငါနှင့်စကားမပြောသလော။ ငါသည် သင့်ကိုလက်ဝါး
> ကပ်တိုင်မှာ ရိုက်ထားပိုင် သည်ကိုငင်း၊ လွှတ်ပိုင်သည်ကိုငင်း၊ သင်မသိလော



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဟုဆိုသော်၊ အထက်အရပ်မှအခွင့်ကို မရလျှင်မင်းကြီးသည် ငါ့ကိုအဘယ်သို့မျှ မပြုပိုင်။ ထိုကြောင့်ငါ့ကို မင်းကြီး လက်သို့ အပ်နှံသောသူသည်သာ၍ ကြီးသောအပြစ်ရှိသည်ဟု မိန့်တော်မူ၏ (ယောဟန် ၁၉:၁၀-၁၁)။

ယေရှု၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဆိုင်ရာ ယောဟန်၏ဒုတိယအဓိကအပိုင်းသည် ယောဟန် ၁၉:၁၆-၃၇ တွင် ကားစင်တင်ခြင်းခံရခြင်းဖြစ်သည်။

**ကားစင်တင်ခြင်း။** ယေရှု၏သေခြင်းမှတ်တမ်းတွင်၊ ကားစင်တင်ခံရခြင်း၏ သီးခြားဖြစ်ရပ်များသည် မေရှိယအတွက် ဓမ္မဟောင်းမျှော်လင့်ချက်များစွာကို မည်သို့ပြည့်စုံစေကြောင်း ယောဟန် ရှင်းပြခဲ့သည်။ ဤအသေးစိတ်အချက်များသည် ယေရှုကို အံ့အားသင့်စေခြင်းမရှိကြောင်း သက်သေပြသည်။ အရာအားလုံးသည် ဘုရားသခင်၏ အစီအစဉ်အတိုင်း ဖြစ်ခဲ့သည်။

ယေရှုသည် အဖမ်းခံရချိန်၊ စစ်ဆေးမေးမြန်းခြင်းနှင့် ကားစင်တင်သတ်ခြင်းတစ်လျှောက်လုံး တွင်၊ ဦးမည္တတ်ဘဲ ဂုဏ်သိက္ခာကို တိတ်ဆိတ်စွာထိန်းသိမ်းခဲ့သည်။ ဘုရားသခင်၏သားတော်သည် မိမိလူမျိုးအတွက် မိမိအသက်ကို စွန့်တော်မူသည်ဖြစ်၍၊ ထိုသို့ပြုခြင်းဖြင့် ဘုရားသခင်သည် ယခင်က မဖော်ပြခဲ့ဖူးသောနည်းလမ်းဖြင့် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားပြခဲ့သည်။ ဘုရားသခင်သည် မိမိလူမျိုးကို ကယ်တင်ရန် မည်မျှအထိ သွားမည်နည်း။ လက်ဝါးကပ်တိုင်ထိတိုင် သွားမည်ဖြစ်သည်။

> သမ္မာကျမ်းစာတွင် ယေရှုသည် သူ့ရှေ့၌ ထားရှိသော ဝမ်းမြောက်ခြင်း အကြောင်းကြောင့် ရှက်ကြောက်ဖွယ်အရာဟုမမှတ်ဘဲ လက်ဝါးကပ်၌ အသေခံသည်ဟု ဆိုသည်။ လက်ဝါးကပ်တိုင်သည် လူတိုင်းလုပ်ခဲ့ဖူးသမျှထဲ၌ အခက်ခဲဆုံးဖြစ်သည်။ လက်ဝါးကပ်တိုင်တွင် ဘုရားသခင်၏သားတော် တွေ့ကြုံခဲ့ရသည့်ရက်စက်ကြမ်းကြုတ်သော ရုပ်ခန္ဓာသေဆုံးခြင်းကဲ့သို့ ကြီးမားသောဒုက္ခမျိုး မည်သည့်အခါမှ မတွေ့ခဲ့ရပါ။ သူ့အပေါ်၌ ကျွန်ုပ်တို့၏ အပြစ်သက်ရောက်မှုကိုခံကာ သူ၏ပခုံးပေါ်၌ ဘုရားသခင်၏အမျက်တော်ကို ခံယူတော်မူသည်။ ထို့ကြောင့်၊ ၎င်းသည် လူတိုင်းလုပ်ဖူးသမျှတွင် အခက်ခဲဆုံး အရာဖြစ်သည်၊ သို့သော် ယေရှုသည် သူ့ရှေ့တွင်ထားရှိသော ဝမ်းမြောက်မှု အတွက် ပြုလုပ်ခဲ့သည်။ ယခု၊ သူအဘယ်ကြောင့် ဤသို့ပြုလုပ်ရသနည်း။ ရလဒ်သည် အဘယ်အရာဖြစ်မည်ကို ကြိုသိသောကြောင့်လုပ်ဆောင်ခြင်း ဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေလိမ့်မည်။ သူ၏ မေတ္တာတော်၊ တရားမျှတခြင်း၊ အမျက်ဒေါသ၊ သန့်ရှင်းခြင်း၊ ကရုဏာတော်၊ သနားကြင်နာခြင်း အလုံးစုံတို့သည် ကိုယ်တော်ကို မြင်သောလမ်းဖြင့် လက်ဝါးကပ်တိုင်ပေါ်တွင် လှပစွာ ပေါင်းစည်းကြပြီး၊ အသေခံသော သိုးသငယ်ကိုထာဝရကာလပတ်လုံး ကျွန်ုပ်တို့ကိုးကွယ်နိုင်ကြသည်။ သူ၏ပလ္လင်တော်သည် ကျွန်ုပ်တို့ကိုးကွယ်ရာနေရာဖြစ်သည်။ ထို့ကြောင့်၊ ဘုရားသခင်သည် သူ၏စရိုက်လက္ခဏာနှင့် သူ၏ဘုန်းအသရေကို ပြသခဲ့ပြီး၊ လက်ဝါးကပ်တိုင်၌ သူမည်သူဖြစ်သည်ကိုပြသခဲ့ကာ၊ ကျွန်ုပ်တို့ဝတ်ပြု

ကိုးကွယ်ကြသည်။ ဤလက်ဝါးကပ်တိုင်၌ ဘုန်းအသရေတော်အတွက် များစွာသောသားတို့ကို ဆောင်ခဲ့လေသည်။ ထို့ကြောင့် အဆုံးသတ်တွင် ရရှိလာမည့်အရာကြောင့် သူသည်၎င်းကို ပျော်ရွှင်စွာလုပ်နိုင်ခဲ့သည်။

**Dr. K. Erik Thoennes**

တတိယ၊ ယေရှု၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဆိုင်ရာ ဖော်ပြချက်သည် ယောဟန် ၂၀:၁-၃၁ တွင် ရှင်ပြန်ထမြောက်ခြင်းနှင့်အတူ အဆုံးသတ်သည်။

**ရှင်ပြန်ထမြောက်ခြင်း။** ယောဟန် ၂၀:၁-၉ အရ၊ ယေရှု၏သင်္ချိုင်းသည် သမိုင်းဝင်ဖြစ်ရပ်မှန်ဖြစ်သည်။ မာရိ၊ ပေတရုနှင့် ယောဟန်တို့ကိုယ်တိုင် ထိုနေရာတွင် ယေရှုရှိမနေသည်ကို သိမြင်ခဲ့သည်။ ၂၀:၁၀-၃၁ တွင်၊ ယေရှုသည် မာဂဒလမာရိ၊ တပည့်တော်များနှင့် သောမတို့အား ထင်ရှားပြခဲ့သည်။ ယေရှု၏နောက်လိုက်များသည် အနည်းငယ်သံသယရှိပြီး အလွယ်တကူလှည့်စား၍မရကြောင်း ဤတင်ပြမှုများသည် ဖော်ပြနေသည်။

အထူးသဖြင့်၊ တပည့်တော်များထံ ပထမဆုံးအကြိမ် ယေရှုပေါ်ထွန်းချိန်၌ သောမသည် ရှိမနေပါ။ ထို့ကြောင့် သောမတ်စ်သည် သံသယရှိခဲ့သည်။ သူသည် အထောက်အထားလိုချင်သည်။ ရှင်ပြန်ထမြောက်ခြင်း၏ ရှုးသွပ်သောပုံပြင်အချို့ကို သူ ယုံမည်မဟုတ်ပါ။ အခန်းငယ် ၂၈ တွင် သူ၏ဝန်ခံခြင်းသည် ယောဟန်၏ဇာတ်ကြောင်း၏ အထွတ်အထိပ်ဖြစ်ပြီး၊ သောမသည် ယေရှုအား “အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ဘုရားသခင်ပါတကား” ဟူသောစကားဖြင့် အသိအမှတ်ပြုခဲ့သည်။

ပုဂ္ဂိုလ်ရေးအရ သူနှင့်ရင်းနှီးသောအခြားတပည့်တော်များ၊ တချိန်လုံး ခရီးအတူထွက်နေသူများထံမှ—သူတို့ကိုသူသိသည်— ယေရှုရှင်ပြန်ထမြောက်သည်ကို သူတို့သည်မြင်တွေ့ကြောင်းပြောသည်ကိုသောမတ်စ်သည် လက်မခံနိုင်၊ အံ့သြဖွယ်ဖြစ်နေသည်။ ၎င်းကို သူစိမ်းများပြောသည် မဟုတ်သောကြောင့် အားလုံးသဘောတူလက်ခံသည်။ သူသည်မယုံကြည်နိုင်ပါ။ ၎င်းသည် သူ၏ယုံကြည်ရန်နှင့် ထပ်မံစိတ်ပျက်မည်ကို စွန့်စားနိုင်စွမ်းမရှိခြင်းနှင့် ဆက်နွှယ်နေသည်ဟု ထင်မြင်မိပါသည်။ သူသည်ထပ်၍စိတ်ပျက်ရမည်ကို စိုးရိမ်သည်ဟုထင်ပါသည်။

**Dr. David A. Redelings**

သောမတ်စ်သည်“သံရိုက်ရာကို လက်ညှိုးနှင့်မတို့မစမ်း၊ နံဘေးတော်ကိုလည်း လက်နှင့်မစမ်းမသပ်ရလျှင် အကျွန်ုပ်မယုံ” ဟူသော ထင်ရှားသောစကားများကို သံသယဖြင့်ပြောသည့် မှတ်တမ်းရှိပြီး၊ "သံသယရှိသောသောမတ်စ်"အဖြစ် အပြစ်ပေးခြင်းခံရသည်၊ သူသည်သခင်ယေရှုကို မယုံသော်လည်း သောမတ်စ်အပေါ် ကြမ်းတမ်းမှုကို ကျွန်ုပ်တို့အနည်းငယ်လျှော့သင့်သည်ဟု

> ထင်ပါသည်။ ပထမဥပမာတွင်၊ ယေရှုသည် တကျိပ်နှစ်ပါးသောသူတို့အား ထင်ရှားပြခြင်းနှင့် အတူရှိစဉ်တွင်သောမတ်စ်သည်မရှိကြောင်း၊ ကျွန်ုပ်တို့အား ယောဟန်ပြောပြသည်။ ဒုတိယအနေနှင့်၊ တပည့်တော်များသည် ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းကို မျက်မြင်သက်သေများအဖြစ် ရွေးချယ်ခံရကြောင်း ကျွန်ုပ်တို့ယုံကြည်ပါက၊ သောမသည်လည်းယုံကြည်ရန်အတွက် ယေရှုကို မြင်ရမည့်သဘောရှိသည်။ တတိယအချက်၊ ယေရှုသည် သူတို့ကြားတွင် ရပ်နေပြီး သောမတ်အား သူကိုယ်တိုင်ထင်ရှားပြသသောအခါ၊ သောမတ်သည် ခရစ်ဝင်ကျမ်းတစ်ခုလုံး၌ ရရှိင့်ပြီး အရှင်းလင်းဆုံးသော ယုံကြည်ခြင်းဆိုင်ရာ ဝန်ခံခြင်းကို ပြုခဲ့သည်။ ယေရှုကို "အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ဘုရားသခင်" ဟုခေါ်ဆိုခဲ့သည်။ ထို့ကြောင့်၊ ယောဟန်သည် ယောဟန် ၂၀ ၏အဆုံးတွင်၊ ယေရှုကလည်း၊ သင်သည်ငါ့ကိုမြင်သောကြောင့် ယုံခြင်းရှိ၏။ ငါ့ကိုမမြင်ဘဲ ယုံသောသူတို့သည် မင်္ဂလာရှိကြ၏ဟု မိန့်တော်မူ၏။ ယုံကြည်ဖို့ရန်အတွက် သောမတ်စ်မြင်လိုက်သည့် ခံစားချက်တစ်ခုရှိသည်၊ သို့သော် သင်နှင့်ကျွန်ုပ်သည် ကျွန်ုပ်တို့ရှေ့တွင် သခင်ယေရှုကိုတွေ့ခြင်းအားဖြင့်မဟုတ်ဘဲ သူတို့မြင်လာသမျှ ကို နားလည်သဘောပေါက်ရန်၊ ကျွန်ုပ်တို့ကိုယ်တိုင် ယုံကြည်ရန်အတွက် ဖြစ်လာသည့်ခံစားချက်ဖြစ်သည်။ ထို့ကြောင့်၊ သောမတ်စ်နှင့်ပတ်သက်၍ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့သည် အနည်းငယ်မျှတမှုမရှိဟုထင်ရသည်၊ အကြောင်းမှာ သူထံတွင်ထူးခြားသောအခန်းကဏ္ဍတစ်ခုဖြစ်သည့် ကြီးမားသော စံနမူနာရှိသောကြောင့် သူသည် ယေရှုကိုတွေ့မြင်ရသောအခါတွင် ကိုယ်တော် သည်မည်သူဖြစ်သည်ကို ယုံကြည်ကြောင်း အံ့သြဖွယ်ဖော်ပြခဲ့သည်။ ယေရှုသည် မည်သူမည်ဝါဖြစ်သည်ကို ကျွန်ုပ်တို့သိရှိလာသောအခါတွင် ကျွန်ုပ်တို့လည်း ကိုယ်တော်ကိုဝတ်ပြုကိုးကွယ်သင့်သည်။ ကျွန်ုပ်တို့ အတွက်လည်း သောမတ်စ်သည်စံပြပုဂ္ဂိုလ်ဖြစ်သည်။

**Rev. Dr. Simon Vibert**

ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏နောက်ဆုံးအပိုင်းသည် ယောဟန် ၂၁:၁-၂၅ တွင်မှတ်တမ်းတင်ထားသော ယေရှု၏မြေကြီးအသက်တာနှင့် ဓမ္မအမှုတော်ဆိုင်ရာ သူ၏မှတ်တမ်းတွင် နိဂုံးချုပ်ခြင်းဖြစ်သည်။

# နိဂုံး

ဤနိဂုံးချုပ်ချက်သည် ခရစ်ဝင်ကျမ်းတစ်ခုလုံးမှ အကြောင်းအရာများကို ကောက်နှုတ်ပြီး စာဖတ်သူများကို အနာဂတ်ဆီသို့ ဦးတည်စေသည်။ ရှေ့အခန်းကြီးကဲ့သို့ပင်၊ အခန်းငယ် ၁-၁၄ တွင် ယေရှု၏ရှင်ပြန်ထမြောက်သောအသွင်အပြင်ကို ဖော်ပြသည်။ သို့သော် ဇာတ်ကြောင်း၏ဖော်ပြလိုမှုသည် အသွင်အပြင်ပေါ်၌ မဟုတ်ပါ။ အပိုဒ်ငယ် ၁ နှင့် ၁၄ နှစ်ခုစလုံးတွင်၊ ယေရှုသည် "ကိုယ်ကိုပြတော်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မူ၏” ဟုပြောသောအခါ၊ ၂:၁၁ တွင်သုံးသော "မိမိဘုန်းတော်ကိုထင်ရှားစေတော်မူ၏" ဟူသောစကားလုံးကိုအသုံးပြု၍ ဤအသွင်အပြင်ကို ဖွင့်လှစ်ဖော်ပြခြင်းအဖြစ် ယောဟန်ပြောခဲ့သည်။ ထို့ကြောင့် ဤအသွင်အပြင်ကို ရှင်ပြန်ထမြောက်ခြင်း၏ ရိုးရှင်းသောသက်သေအဖြစ် အသုံးပြုမည့်အစား၊ ယောဟန်သည် ပထမအခန်းကြီးတွင်စတင်ခဲ့ပြီး ၎င်း၏မှတ်တမ်းများတစ်လျှောက် ယေရှု၏ဖွင့်လှစ်ဖော်ပြခြင်းနှင့် သူ၏ဘုန်းအသရေတော်၏ ပြီးပြည့်စုံခြင်းအဖြစ် ဆက်လက်ဖတ်ရှုရန် ရည်ရွယ်ခဲ့သည်။

ထို့အပြင်၊ ထင်ရှားသောတမန်တော်ပေတရုသည် ယေရှုကို သုံးကြိမ်တိုင်ငြင်းပယ်ခဲ့သော်လည်း ယေရှုအား သက်သေခံရန် တမန်တော်များနှင့် အခြားတပည့်တော်များ၏အခွင့်အာဏာကိုလည်း နိဂုံးသည် အတည်ပြုသည်။ ယောဟန် ၂၁:၁၅-၂၃ တွင်၊ ယေရှုသည် ပေတရုအား ခွင့်လွှတ်ခြင်းဖြင့် ပေတရု၏ငြင်းဆိုမှုကိုတုန့်ပြန်ခဲ့ပြီး၊ သူ့ကို သုံးကြိမ်ပြန်လည်တည့်မတ်ပေးခဲ့သည်။ ထိုပြန်လည်တည့်မတ်ပေးမှုများတွင်၊ ယေရှုသည် ပေတရုအား ဘုရားသခင်၏သိုးစုကို ပြုစုစောင့်ရှောက်ရန် တာဝန်ပေးခဲ့သည်။ ယေရှုကိုယ်တိုင်သည် ကောင်းသောသိုးထိန်းဖြစ်သည်။ ယခုမူကား၊ ကိုယ်တော်သည် ဘုရားသခင်၏လူတို့ကို ပြုစုစောင့်ရှောက်ရန် ပေတရုကိုခန့်အပ်ခဲ့သည်။

အခြားသောခရစ်ဝင်ကျမ်းတစ်ခုစီတိုင်းသည် မဟာစေခိုင်းချက်ပုံစံဖြင့်အဆုံးသတ်သည်—ယေရှုသည် သူ၏တမန်တော်များနှင့်အခြားတပည့်တော်များအား အသင်းတော်ကိုတည်ဆောက်ရန် အမိန့်ပေးသည်။ ပေတရု၏ပြန်လည်တည့်မတ်ပေးခြင်းဆိုင်ရာ ဤဇာတ်လမ်းသည် အသင်းတော်၏အနာဂတ်ဆိုင်ရာ ယောဟန်၏နည်းလမ်းဖြစ်သည်။ ယေရှုသည် မိမိလူတို့နှင့်အတူ အမြဲရှိမည်ဟု ကတိပြုခဲ့သည်။ ပေတရုကဲ့သို့ အခြားသောသိုးထိန်းများမှတစ်ဆင့် တစ်နည်းအားဖြင့်သူသည် သူ၏လူများနှင့်အတူ အမြဲရှိနေမည်ဖြစ်ကြောင်း ရှင်းလင်းစွာသိစေရန် ဤအခိုက်အတန့်ကို အသုံးပြုခဲ့သည်။ နောက်ပိုင်း ပေတရုကိုယ်တိုင် ၁ ပေ ၅း၁-၂ ၌ ရေးသားခဲ့သည်_

> သင်းအုပ်အရာ၌၎င်း၊ ခရစ်တော်၏ ဆင်းရဲဒုက္ခဝေဒနာကို သိမြင်သော
> သက်သေအရာ၌၎င်း ခန့်ထား သောသူ၊ ထင်ရှားစေတော်မူလတံ့သော
> ဘုန်းအသရေတော်ကို ဆက်ဆံသောသူဖြစ်သော ငါပေတရုသည်၊
> သင်တို့တွင်ရှိသော သင်းအုပ်ချင်းတို့ကို တောင်းပန်ပါ၏။
> အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှု အုပ်ထိန်းကြလော့ (၁ ပေ ၅း၁-၂)။

ကျမ်းပညာရှင်အများစုသည် ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို နောက်ဆုံးတမန်တော်များ သေဆုံးချိန်တွင် ရေးသားထားသည်ဟု ယုံကြည်ကြသည်။ ယောဟန်သည် ဤအချိန်တွင် အသက်ရှင်ကျန်ရစ်သော နောက်ဆုံးတမန်တော်ပင်ဖြစ်ပေမည်။ ထို့ကြောင့်၊ ယေရှုသည် မိမိသိုးစု၏သိုးထိန်းများမှတစ်ဆင့် ရှိနေသေးကြောင်းကို ဘုရားသခင့်လူမျိုးများ ကြားသိစေရန် ၎င်းသည်အရေးကြီးစေသည်။ နောက်ဆုံးတွင်၊ အသင်းတော်ကိုဦးဆောင်သည့်သူသည် ပေတရု သို့မဟုတ် အခြားတမန်တော် တစ်ဦးဦးမျှမဟုတ်ပါ။ ထိုသူသည် နောက်တော်သို့လိုက်ကြသည့် ယေရှုဖြစ်သည်။ သူတို့သည် ကိုယ်တော်၏သံတမန်များနှင့် ကူညီထောက်ပံ့သူများအဖြစ်သာ ထမ်းဆောင်ခဲ့ကြသည်။ သခင်ယေရှုသည် မိမိ၏လူများကို အနာဂတ်တွင်ကိုယ်ခန္ဓာနှင့် ပြန်လာကာ ထာဝရဦးဆောင်မည်ဟု ကတိပြုခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယခု ကျွန်ုပ်တို့သည် ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏ နောက်ခံသမိုင်းနှင့် ဖွဲ့စည်းတည်ဆောက်ပုံနှင့် အကြောင်းအရာတို့ကို ကြည့်ရှုပြီးနောက်၊ ယောဟန်၏ အဓိကအကြောင်းအရာအချို့ကို သုံးသပ်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

# အဓိကအကြောင်းအရာများ

ယောဟန် ၂၀:၃၀-၃၁ တွင် အရေးကြီးသောအကြောင်းအရာများစွာကို ဖော်ပြထားပါသည်။ ဤစကားလုံးများကို ကျွန်ုပ်တို့ဖတ်ရှုရသည်_

> ဤကျမ်းစာ၌ ရေး၍မထားသောအခြားနိမိတ်လက္ခဏာအများတို့ကိုလည်း ယေရှုသည်တပည့်တော်တို့ မျက်မှောက်၌ပြတော်မူ၏။ ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည် ယုံ မည်အကြောင်း၊ ထိုသို့ယုံ၍နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း၊ ဤမျှလောက် ရေးထားလျက် ရှိသတည်း (ယောဟန် ၂၀:၃၀-၃၁)။

ကျွန်ုပ်တို့၏သင်ခန်းစာ၏ ဤအပိုင်းတွင်၊ ယောဟန်၏ရည်ရွယ်ချက်ဆိုင်ရာဖော်ပြချက်မှ ထုတ်နုတ်ထားသော အနီးကပ်ဆက်စပ်အကြောင်းအရာလေးခုကို အာရုံစိုက်ပါမည်_ ယုံကြည်ခြင်းလုပ်ရပ်၊ ခရစ်တော်အဖြစ်ယေရှု၏ဝိသေသလက္ခဏာ၊ ဘုရားသခင်၏သားတော်အဖြစ် သူ၏အပြိုင် ဝိသေသလက္ခဏာနှင့် သူယူဆောင်လာသောအသက်တာ၏ကောင်းချီးမင်္ဂလာများကို အာရုံစိုက်ပါမည်။ ယုံကြည်ခြင်းအပေါ် ယောဟန်၏ အလေးပေးမှုဖြင့် စတင်ကြပါစို့။

## ယုံကြည်ခြင်း

ယောဟန်သည် "ယုံကြည်သည်" ဟုအဓိပ္ပာယ်ရသော ဂရိစကားလုံး pisteuo ကို ၁၀၆ ကြိမ် အသုံးပြုခဲ့သည်။ အခြားခရစ်ဝင်ကျမ်းသုံးစောင်စလုံးသည် ၎င်းကို ၃၄ ကြိမ်အသုံးပြုခဲ့ပြီး၊ စုစုပေါင်း ယောဟန်၏သုံးပုံတစ်ပုံခန့်သာရှိသည်။ အလေးပေးဖော်ပြချက်၏ဤခြားနားချက်သည် ယောဟန်၏ ဇာတ်လမ်းအတွက် ယုံကြည်ခြင်းအယူအဆသည် မည်မျှအရေးကြီးကြောင်း ပြသသည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင်၊ ယုံကြည်ခြင်းသဘောတရားသည် "လက်ခံသည်၊" "လာရန်၊" နှင့် "သိသည်" ကဲ့သို့သော စကားလုံးများဖြင့်ဖော်ပြသော အခြားအယူအဆများနှင့် နီးကပ်စွာဆက်စပ်နေသည်။ ထို့ကြောင့် သခင်ယေရှုကို ယုံကြည်ခြင်းသည် သူ့ကိုလက်ခံရန်၊ သူ့ထံလာရန်၊ ပုဂ္ဂိုလ်ချင်း အတွေ့အကြုံအရ သိရန်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤကဲ့သို့သော ယုံကြည်ခြင်း၊ လက်ခံခြင်း၊ သိခြင်းနှင့် သခင်ယေရှုထံလာခြင်းမျိုးသည် ခရစ်တော်ကို ယုံကြည်ပြီး လိုက်လျှောက်ရန် ပုဂ္ဂိုလ်ရေးဆုံးဖြတ်ချက်၏ အခိုက်အတန့်ဖြင့် စတင်လေ့ရှိသည်—ခေတ်သစ်ခရစ်ယာန်များခေါ်သည့်"ပြောင်းလဲခြင်း"နှင့်တူညီသည်။ ပြောင်းလဲခြင်းသည် စစ်မှန်သောအခါ၊ ၎င်းသည် ကျွန်ုပ်တို့အား ဘုရားသခင်၏အမှုတော်တွင် ပါဝင်ရန်နှင့် ကိုယ်တော်၏ ကောင်းချီးမင်္ဂလာများကို နည်းအမျိုးမျိုးဖြင့် လက်ခံရရှိစေသည်။ သူ၏ခရစ်ဝင်ကျမ်း၏ဤအပိုင်းတွင်၊ ယောဟန်သည် ဘုရားသခင်၏သားသမီးများဖြစ်လာခြင်းနှင့် ထာဝရအသက်ရရှိခြင်းကဲ့သို့သော ပြောင်းလဲခြင်းဆိုင်ရာအသုံးအနှုန်းများကို ရည်ညွှန်းခဲ့သည်။ ယောဟန် ၁:၁၂ တွင် ယုံကြည်ခြင်းနှင့် ပတ်သက်၍ ယောဟန်၏ဖော်ပြချက်ကို နားထောင်ပါ_

> ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏ (ယောဟန် ၁:၁၂)။

ယောဟန် ၃:၃၆ တွင် အလားတူစကားလုံးကို ကျွန်ုပ်တို့တွေ့နိုင်သည်_

> သားတော်ကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ သားတော်ကို ပယ်သောသူမူကား အသက်ကို မတွေ့ရ။ ထိုသူ၏အပေါ်၌ ဘုရားသခင်၏ အမျက်တော်တည်နေသည်ဟု ယောဟန်ဟောလေ၏ (ယောဟန် ၃:၃၆)။

ဤကဲ့သို့သော ကျမ်းပိုဒ်များတွင်၊ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့အား ကိုယ်တော်နှင့်ပေါင်းစည်းပေးသော သခင်ယေရှုအား ပုဂ္ဂိုလ်ရေးအားကိုးမှုနှင့် နာခံမှုတို့၏ စိတ်ရင်းမှန်ဖြင့် နှလုံးသွင်းထားသော လုပ်ရပ်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့အား သမိုင်းတွင်ဘုရားသခင်၏ အမှုတော်၏တစ်စိတ်တစ်ပိုင်းဖြစ်စေသည်။ ယေရှုသည် သူ၏ဘုန်းအသရေတော်၌ ထင်ရှားပေါ်လွင်မှသာ ၎င်းသည်ပြည့်စုံလိမ့်မည်။

ယခု၊ ယောဟန်သည် "ယုံကြည်သည်" ဟူသော စကားလုံးကို တူညီသောနည်းဖြင့် အမြဲအသုံးမပြုကြောင်း နားလည်ရန် အရေးကြီးပါသည်။ အပေါ်ယံယုံကြည်ခြင်းကို ဖော်ပြရန်အတွက် ယောဟန်သည် “ယုံကြည်သည်” ဟူသော စကားလုံးကို အသုံးပြုခဲ့သည်—ဓမ္မပညာရှင်များက “ယာယီ” သို့မဟုတ် “လျှို့ဝှက်သော” ယုံကြည်ခြင်းဟု ခေါ်ဝေါ်လေ့ရှိသည်။

ဥပမာ၊ ယောဟန် ၂:၂၃-၂၄ တွင်တွေ့ရသော ယောဟန်၏ဖော်ပြချက်ကို နားထောင်ပါ_

> ပသခါပွဲအတွင်းတွင် ယေရှုသည် ယေရုရှလင်မြို့၌ရှိ၍၊ ပြတော်မူသော နိမိတ်လက္ခဏာတို့ကို များစွာ သောသူတို့သည် မြင်ရသဖြင့် ကိုယ်တော်ကို ယုံကြည်ခြင်းသို့ ရောက်ကြ၏။ သို့သော်လည်းယေရှုသည် ထိုသူတို့၌ ကိုယ်ကိုအပ်တော်မမူ။ အကြောင်းမူကား၊ ခပ်သိမ်းသောသူတို့ကို သိတော်မူ၏ (ယောဟန် ၂:၂၃-၂၄)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူတို့၏ယုံကြည်မှုသည် အပေါ်ယံမျှသာဖြစ်သောကြောင့် ယေရှုသည် ဤလူများထံ မိမိကိုယ်ကို အပ်နှင်းခဲ့ခြင်းမဟုတ်ပါ။ ၎င်းသည် ဓမ္မပညာရှင်များ "ကယ်တင်သောယုံကြည်ခြင်း" ဟု မကြာခဏ ခေါ်ဝေါ်သော စစ်မှန်သည့်ယုံကြည်ခြင်း မဟုတ်ပါ။

အများပိုင်းအတွက်၊ ယောဟန်၏စိတ်ထဲတွင် စစ်မှန်သည့်ကယ်တင်သောယုံကြည်ခြင်းကို စွဲမှတ်ထားနိုင်ကြောင်းကို သူပြောခဲ့သည့် "ယုံကြည်ခြင်း" ရှုထောင့်မှ ကျွန်ုပ်တို့ပြောနိုင်သည်—ကယ်တင်ရှင်နှင့် သခင်အဖြစ် ယေရှုကို စစ်မှန်သောယုံကြည်ခြင်း ဖြစ်သည်။ ယောဟန်အတွက်၊ ယေရှုသည်—ကျွန်ုပ်တို့၏ယုံကြည်ချက်၏အဓိကပုဂ္ဂိုလ်—အားလုံးကို ခြားနားစေသည်။ ၎င်းသည် ကျွန်ုပ်တို့ကို ကယ်တင်သော ကျွန်ုပ်တို့၏ယုံကြည်ခြင်း၏စွမ်းအားမဟုတ်သော်လည်း၊ ကျွန်ုပ်တို့ယုံကြည်သောသူ၏ တန်ခိုးဖြစ်သည်။

ယခု ကျွန်ုပ်တို့သည် ယေရှုကို ယုံကြည်ခြင်း၏အကြောင်းအရာအားလေ့လာပြီးနောက်၊ ယောဟန်သည် ကျွန်ုပ်တို့အား ယေရှုကိုယုံကြည်စေလိုသည့် အဓိကအရာများထဲမှ တစ်ခုကိုကြည့်ကြပါစို့၊ ဆိုလိုသည်မှာ၊ သူသည် ခရစ်တော်၊ မေရှိယဖြစ်ပြီး၊ ဘုရားသခင်သည် သူ၏လူဣသရေလကို ပေးခဲ့သော ဧရာကတိတော်များကို ပြည့်စုံစေသောသူ ဖြစ်သည်။

## ခရစ်တော်

ယေရှုကို "ခရစ်တော်" ဟုခေါ်ဆိုခြင်းဖြင့်၊ ယောဟန်သည် ကိုယ်တော်ကို ဣသရေလဘုရင် အဖြစ် ရှင်းလင်းစွာ ဖော်ပြခဲ့သည်။ ပထမရာစုတွင် "ခရစ်တော်" သို့မဟုတ် "မေရှိယ" ဟူသောအသုံးအနှုန်းသည် "ဣသရေလဘုရင်" နှင့် လုပ်ဆောင်ချက်ညီမျှသည်။ ခရစ်တော်သည် မည်သူနည်း။ သို့သော် ယေရှုသည် ဣသရေလရှင်ဘုရင်ဖြစ်သည်ဟူသည့်အချက်သည် အကျိုးသက်ရောက်မှုများစွာရှိပြီး၊ ယောဟန်သည် ဤအရာများစွာကို အာရုံစိုက်ခဲ့သည်။

ဥပမာ၊ ဓမ္မဟောင်းကျမ်းတွင် ဣသရေလနှင့် ယုဒဘုရင်များကဲ့သို့ ယေရှုသည် ကိုယ်တော်အုပ်ချုပ်သောလူများကို ပုံသွင်းကြောင်း ယောဟန် အလေးပေးဖော်ပြသည်။ သခင်ယေရှုသည် ဣသရေလလူမျိုးများ ပျက်ကွက်ခဲ့သည့်အရာအားလုံးကို ဖြစ်လာစေပြီး၊ ထိုနည်းအားဖြင့် ယခင်ဣသရေလတို့ မရရှိခဲ့သောကောင်းချီးမင်္ဂလာများအားလုံးကို သူသည်ရရှိခဲ့သည်။ ဣသရေလဘုရင်အဖြစ်၊ ယေရှုသည် ဣသရေလနိုင်ငံကို စွမ်းရည်တိုင်းတွင် ကိုယ်စားပြုခဲ့ပြီး၊ သူတို့၏အစားထိုးအဖြစ်နှင့် ၎င်းတို့အတွက် ဘုရားသခင်၏ကောင်းချီးမင်္ဂလာပေးလမ်းပြသူအဖြစ် ထမ်းဆောင်ခဲ့သည်။

ယောဟန် ၁၅:၁-၈ တွင်၊ ယောဟန်သည် ယေရှုနှင့်ပတ်သက်သော ဤသမ္မာတရားကို သရုပ်ပြခဲ့ပြီး ယေရှုသည် စစ်မှန်သောစပျစ်နွယ်ပင်ဖြစ်ကြောင်းနှင့် သူ၏နောက်လိုက်များသည် ကိုယ်တော်၌ အကိုင်းအခက်များဖြစ်ကြောင်းဖော်ပြခဲ့သည်။ ယောဟန် ၁၅:၅-၈ တွင် ယေရှုပြောခဲ့သောစကားကို နားထောင်ပါ_

> ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည်အခက်များဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ ငါသည် လည်းသူ၌တည်၏၊ ထိုသူသည် များစွာသောအသီးကို



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သီးတတ်၏။...သင်တို့သည် များစွာသောအသီးကိုသီးသောအားဖြင့်၊ ငါ့ခမည်းတော်သည် ဘုန်းထင်ရှားတော်မူ၍၊ သင်တို့သည်လည်း ငါ၏တပည့်မှန်ကြလိမ့်မည် (ယောဟန် ၁၅:၅-၈)။

ဓမ္မဟောင်းကာလတစ်လျှောက်တွင်၊ ဣသရေလသည် ဘုရားသခင်၏စပျစ်နွယ်ပင်အဖြစ် ပုံဆောင်ခဲ့သည်။ ဆာလံ ၈၀၊ ယေရမိ ၂၊ ယေဇကျေလ ၁၇၊ နှင့် ဟောရှေ ၁၀ ကဲ့သို့သော နေရာများတွင် ဤပုံဆောင်မှုကို တွေ့နိုင်သည်။ ထို့အပြင်၊ ဒါဝိဒ်၏တော်ဝင်မိသားစုနှင့် အနာဂတ်မဟာမေရှိယကိုပင် ဘုရားသခင်၏လူမျိုးတစ်ခုလုံး ကြီးထွားမည့်အကိုင်းအခက်အဖြစ် ကိုယ်စားပြုခဲ့သည်။ ဟေရှာယ ၁၁:၁ ကဲ့သို့သော နေရာများတွင် ဤအရာကို တွေ့မြင်ရသည်။ ထို့ကြောင့်၊ ဤနောက်ခံသမိုင်းကိုဆန့်ကျင်၍ ယေရှုသည် စစ်မှန်သောစပျစ်နွယ်ပင်ဖြစ်ပြီး ဘုရားသခင်ကိုနှစ်သက်၍ ဘုန်းထင်ရှားစေရန် တစ်ခုတည်းသောလမ်းကြောင်းဖြစ်သည်ဟု အခိုင်အမာဆိုသောအခါ၊ ယေရှုသည် မိမိလူမျိုးကိုကိုယ်စားပြုပြီး ပုံဖော်ခဲ့သူ ဣသရေလဘုရင်အစစ်ဖြစ်ကြောင်း တပည့်တော်များ နားလည်ကြမည်ဖြစ်သည်။

သို့သော် ဘုရင်အဖြစ် ဤအယူအဆ၏ သက်ရောက်မှုကား အဘယ်နည်း။ ယေရှုသည် စစ်မှန်သောဣသရေလလူမျိုးအစစ်အမှန်ဖြစ်သလော။ တစ်ချက်မှာ၊ ယေရှုသည် ဣသရေလလူမျိုးများ လုပ်ရမည့်အရာအားလုံးကို ဖြည့်ဆည်းပေးနေသည်ဟု ဆိုလိုသည်။ ဣသရေလသည် ဘုရားသခင်ခေါ်တော်မူသည့်အတိုင်းဖြစ်ရန်နှင့်လုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည်။ သို့သော် အပြစ်ကြောင့် ဣသရေလတို့ ကျရှုံးခဲ့သည့်နေရာတွင် ယေရှုပြီးပြည့်စုံစွာ အောင်မြင်ခဲ့သည်။ သူသည် ဣသရေလ၏ကြမ္မာကို ဖြည့်ဆည်းပေးခဲ့သည်။ ယေရှုသည် သူ၏ပုဂ္ဂိုလ်တွင်း၌၊ ရာစုနှစ်များစွာ၏ဓမ္မဟောင်းသမိုင်းကို အကျဉ်းချုပ်ပြီး ၎င်းကိုဖော်ပြနိုင်သောကြောင့် ဘုရားသခင်၏ဘုန်းကြီးသောတည်ရှိခြင်း၏အဖြစ်မှန်ကို သူသာလျှင်ပြသနိုင်သကဲ့သို့ ထုတ်ဖော်ပြသခဲ့သည်။ ထို့အတွက်ကြောင့်၊ ဣသရေလလူမျိုးအစစ်အမှန်များကို ဣသရေလလူမျိုးတွင် အဖွဲ့ဝင်အဖြစ် သတ်မှတ်မထားပါ။ ၎င်းအစား၊ သူတို့သည် စစ်မှန်သောစပျစ်နွယ်ပင်တွင် အကိုင်းအခက်များဖြစ်ကြပြီး — ခရစ်တော်ကို ယုံကြည်သူများဖြစ်ကာ ယုံကြည်ခြင်းအားဖြင့် ကိုယ်တော်၌ စည်းလုံးကြသည်။

ခရစ်တော်အဖြစ် ယေရှု၏ကိုယ်စားလှယ်အခန်းကဏ္ဍနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ဆွေးနွေးချက်သည် ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် အထူးအရေးကြီးသည့် မေရှိယအတွက် ဓမ္မဟောင်းမျှော်လင့်ချက်များကို ယေရှုဖြည့်ဆည်းပေးခဲ့သော နည်းလမ်းသုံးရပ်ကို အာရုံစိုက်ပါမည်။ ပထမ၊ ယေရှုသည် ဗိမာန်တော်ကို ပြည့်စုံစေခဲ့သည်။ ဒုတိယ၊ သူသည်ဣသရေလတို့၏ ပွဲတော်များမှ ဖန်တီးထားသော မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။ တတိယ၊ သူသည် ဘုရားသခင်၏ပညတ်တော်ကို ဖြည့်ဆည်းပေးခဲ့သည်။ သခင်ယေရှု ဗိမာန်တော် ပြည့်စုံစေသည့် နည်းလမ်းဖြင့်အစပြု၍၊ ဤအယူအဆတစ်ခုစီကို လေ့လာပါမည်။

## ဗိမာန်တော်

သမ္မာကျမ်းစာတွင် ဗိမာန်တော်သည် အရေးကြီးရခြင်း၏အကြောင်းရင်းများထဲမှ တစ်ခုမှာ ဘုရားသခင်သည် သူ၏လူများနှင့်အတူ အထူးနည်းလမ်းဖြင့် အတူရှိနေရန် ကတိပြုထားသည့် နေရာ

တစ်ခုဖြစ်သည်။ ဘုရားသခင်သည် နေရာတိုင်းတွင်တည်ရှိကြောင်း ကျွန်ုပ်တို့သိပါသည်။ သူသည်နေရာတိုင်းတွင် အချိန်တိုင်းတွင်ရှိနေသည်။ သို့သော် ကိုယ်တော်၏ အထူးတည်ရှိမှုအကြောင်းကို ကျွန်ုပ်တို့ပြောဆိုသောအခါတွင်၊ ကိုယ်ထင်ရှားပြခြင်းကို စိတ်ထဲတွင်အမှတ်ရပါသည်—ဘုရားသခင်သည် သူ၏တည်ရှိခြင်းကို သီးခြားနေရာများတွင် မြင်ရသောနည်းလမ်းဖြင့်ဘုန်းထင်ရှားပြရန် ဘုရားသခင်အာရုံစိုက်သည့်အချိန်အခါများဖြစ်သည်။

> တဲတော်နှင့်ဗိမာန်တော်တွင် ဘုရားသခင်တည်ရှိနေခြင်းသည် အရေးကြီးပါသည်။ အကြောင်းမှာ တဲတော်နှင့်ဗိမာန်တော်သည် သေးငယ်သောစကြာဝဠာဖြစ်သည်။ ၎င်းတို့သည် ကမ္ဘာလောက၏ပုံစံငယ်လေးများဖြစ်ကြသည်၊ ထို့ကြောင့် ထိုနေရာ၌ဘုရားသခင်၏ရောက်ရှိနေခြင်းသည် ဤလောက၌သူ၏တည်ရှိခြင်းကို အမှန်တကယ်ကိုယ်စားပြုသည်။ ကမ္ဘာလောကသည် မိမိလူမျိုးနှင့် ပေါင်းသင်းဆက်ဆံရန် ဖန်ဆင်းထားသော ဗိမာန်တော်ဖြစ်သည်။ ထို့နောက် အာဒံပုန်ကန်သောအခါ၊ ဘုရားသခင်သည် နောက်ဆုံးတွင် ဣသရေလလူမျိုးဖြစ်လာမည့် ဤလူမျိုးတစ်မျိုးကိုရွေးချယ်ခဲ့ပြီး၊ သူတို့တွင် သူသီတင်းသုံးနေထိုင်တော်မူရာ စကြာဝဠာဖြစ်ခဲ့သည့် ဤအသေးစားပုံတူတွင် တည်ရှိနေတော်မူသည်မှာ ထူးခြားလှပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေရာသည် ဣသရေလလူမျိုးများ ဘုရားသခင်ထံတော်၊ တဲတော်နှင့် နောက်ပိုင်းတွင် ဗိမာန်တော်သို့သွားရမည့်နေရာဖြစ်ပြီး၊ ၎င်းသည် ကမ္ဘာတစ်ဝှမ်းလုံးတွင် ဘုရားသခင်ပြုမည့်အရာအတွက် ကြိုတင်ခန့်မှန်းချက်တစ်ခုဖြစ်သည်။ ဘုရားသခင်သည် ၎င်း၏အလေးအမြတ်ထားရာတဲတော်ကို အနုမောဒနာပြုသောအခါ၊ ထွက်မြောက်ရာကျမ်းအဆုံး၌ ပြီးမြောက်သောအခါ၊ ထို့နောက် ၃ ဓမ္မရာဇဝင် ၈ တွင် ပြီးစီးချိန်ဗိမာန်တော်ကိုပြည့်စေသောအခါ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဘုန်းတော်ထင်ရှားသောအခါ စကြဝဠာအတွင်း မည်သည့်အရာဖြစ်မည်ကို အမှန်တကယ် ကြိုတင်ကြည့်ရှုခြင်းဖြစ်ပါသည်။
>
> **Dr. James M. Hamilton**

သူ၏လူများအလယ်တွင် ဘုရားသခင်၏ အထူးတည်ရှိခြင်း၏အကြောင်းအရာသည် သမ္မာကျမ်းစာသမိုင်းတွင် ကာလများစွာဖြင့် ပြည့်စုံခဲ့သည်။ အစအဦး၌၊ ဒေင်ဥယျာဉ်သည် ဘုရားသခင်၏ဗဟိုအထူးတည်ရှိမှုကို တွေ့ရှိနိုင်သည့် ကမ္ဘာပေါ်တွင် သန့်ရှင်းမြင့်မြတ်သောနေရာဖြစ်သည်။ ကမ္ဘာမြေကြီးပေါ် ရှိ သူ၏ပလ္လင်တော်ရှိရာအခန်းအဖြစ် ထိုနေရာမှနေ၍၊ လူသားမျိုးနွယ်သည် ကမ္ဘာမြေကြီးတစ်ခုလုံးကို သန့်ရှင်းစေရန်၊ ကမ္ဘာတစ်ခုလုံးကို ဘုရားသခင်၏ သန့်ရှင်းသောနိုင်ငံတော်အဖြစ် ပြောင်းလဲစေရန် ထမ်းဆောင်ရန်ဖြစ်သည်။

နောက်ပိုင်းတွင်၊ ဘုရားသခင်သည် ဣသရေလအမျိုးကို သူ၏တော်ဝင်ယဇ်ပုရောဟိတ်အမျိုးအဖြစ် တည်ထောင်သောအခါ၊ ပထမပိုင်းတွင် သူ၏အထူးတည်ရှိနေမှုကိုတဲတော်နှင့် နောက်ပိုင်းတွင်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဗိမာန်တော်နှင့် ဆက်စပ်ခဲ့သည်။ တဲတော်နှင့် ဗိမာန်တော်၏အလုဆင်ခြင်းနှင့် ပရိဘောဂများကို ဒေင် ဥယျာဉ်၏ပုံစံအတိုင်း ပုံဖော်ထားပြီး တဲတော်နှင့် ဗိမာန်တော်နှစ်ခုစလုံးသည် ဒေင်ဥယျာဉ်ကဲ့သို့တူညီ သောလုပ်ဆောင်ချက်ကို လုပ်ဆောင်ခဲ့သည်။ တဲတော်နှင့် ဗိမာန်တော်သည် မြေကြီးပေါ် ရှိ ဘုရားသခင် ၏ တော်ဝင်ပလ္လင်အခန်းဖြစ်ကြောင်း ညွှန်ပြခြင်းဖြင့် ဤဆက်စပ်မှုကို သမ္မာကျမ်းစာ အတည်ပြုသည် —သူ၏လူများအလယ်တွင် ဘုန်းကြီးစွာကိန်းဝပ်ရာနေရာဖြစ်သည်။ ဤအချက်ကို ၁ ရာဇဝင်ချုပ် ၂၈:၂၊ ဆာလံ ၁၁:၄၊ နှင့် ဟေရှာယ ၆:၁ ကဲ့သို့သော နေရာများတွင် ရှင်းလင်းစွာဖော်ပြထားသည်။ ဤနေရာများ သည် ကမ္ဘာပေါ်တွင် အမြင့်မြတ်ဆုံးနေရာများဖြစ်သည်။ ထိုနေရာများသည် ဘုရားသခင်၏ကောင်းချီး မင်္ဂလာများကို သူ၏လူများ အလွယ်တကူရရှိနိုင်သည့်နေရာများဖြစ်သည်။ ဒေင်ဥယျာဉ်ကဲ့သို့ပင်၊ ထိုနေရာများသည် သူ၏နိုင်ငံတော်၏ဗဟိုဖြစ်ခဲ့ပြီး၊ သူ၏လူတို့သည် မြေကြီးကို သူ၏နိုင်ငံတော်အဖြစ် သန့်ရှင်းစေမည့်နေရာဖြစ်သည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းအရ၊ ယေရှု၏အရေးပါမှုကို နားလည်ရန် အရေးကြီးသောနည်းလမ်းမှာ ဘုရားသခင်၏တဲတော်နှင့် ဗိမာန်တော်၏ ဓမ္မဟောင်းအကြောင်းအရာကို ပြည့်စုံစေကြောင်း သိမြင်ခြင်းဖြစ်သည်။ ယောဟန် ၁:၁၄ တွင်ယောဟန်ရေးထားသည်ကိုနားထောင်ပါ_

> နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကို ခံယူ၍၊ ကျေးဇူးတော်နှင့်ငှင်း၊
> သစ္စာတော်နှင့်ငှင်း ပြည့်စုံလျက်ငါတို့တွင်တည်နေတော်မူသည်ဖြစ်၍၊
> ခမည်းတော်၌တပါးတည်းသောသားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို
> ငါတို့သည် မြင်ရကြပြီ (ယောဟန် ၁:၁၄)။

ယေရှုသည် “ငါတို့အထဲတွင် ကိုန်းဝပ်” ကြောင်း ယောဟန်ပြောသောအခါ၊ တဲ သို့မဟုတ် တဲတော်ဟု အဓိပ္ပာယ်ရသော နာမ် *skēnē* နှင့်ဆက်စပ်သော ဂရိကြိယာ *skenoō* ကို အသုံးပြုခဲ့သည်။ အမှန်တကယ်တွင်၊ ဤတူညီသောနာမ်ကို Septuagint တွင် ဘုရားသခင်၏မြင့်မြတ်သောတဲတော် အတွက် အသုံးပြုသည်—ဓမ္မဟောင်းကျမ်း၏ဂရိဘာသာပြန်ဖြစ်သည်။ ဤကြိယာကိုအသုံးပြုပြီး ဘုရားသခင်၏မျက်မှောက်တော်၏ “ဘုန်းတော်” နှင့် ပေါင်းစည်းခြင်းဖြင့်၊ တဲတော်၌ ယခင်ကရရှိနိုင် သည့် ဘုရားသခင်၏ အထူးတည်ရှိမှုသို့ တူညီသောဝင်ရောက်ခွင့်ကို ယေရှုသည် ယခုအခါပေးအပ်ထား ကြောင်း ယောဟန်ရှင်းလင်းပြောကြားခဲ့သည်။

ယောဟန်သည် ယောဟန် ၂:၁၉-၂၁ တွင် ဗိမာန်တော်အကြောင်း အလားတူအချက်ကို ဖော်ပြခဲ့ သည်_

> ယေရှုကလည်း၊ ဤဗိမာန်တော်ကို ဖြိုဖျက်ကြလော့။ သုံးရက်အတွင်းတွင်
> ငါတည်ဆောက်မည်ဟု မိန့်တော်မူ၏။ ယုဒလူတို့က၊ အနှစ်လေးဆယ်ခြောက်နှစ်
> ပတ်လုံး ဤဗိမာန်တော်ကို တည်ဆောက်ကြ၏။ သင်မူ ကား၊ သုံးရက်တည်းနှင့်
> တည်ဆောက်မည်လောဟု ဆိုကြ၏။ ထိုသို့မိန့်တော်မူရာ၌ မိမိကိုယ်တည်း
> ဟူသော ဗိမာန်ကိုအမှတ်ပြု၍မိန့်တော်မူ၏ (ယောဟန် ၂:၁၉-၂၁)။

ဤတွင်၊ ယေရှုသည် ဗိမာန်တော်၏ ပြည့်စုံသူဖြစ်ကြောင်းလည်း ယောဟန်သည်ရှင်းလင်းစွာ ဖော်ပြခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယေရှုသည် မြေကြီးပေါ်တွင် ရုပ်ပိုင်းဆိုင်ရာ မတည်ရှိတော့သည့်တိုင်၊ သူ၏နောက်လိုက်များသည် ဘုရားသခင်၏အထူးမျက်မှောက်တော်၌ ပျော်မွေ့ကြလိမ့်မည်ဖြစ်ကြောင်းကိုလည်း ယောဟန်သည်ရှင်းလင်းစွာ ဖော်ပြခဲ့သည်။ ထို့ကြောင့်၊ ယောဟန် ၄:၂၁ တွင်၊ ယေရှုက အချင်းမိန်းမ၊ ငါ့စကားကိုယုံလော့။ ဤတောင်သို့မလာ၊ ယေရုရှလင်မြို့သို့မသွားဘဲ ခမည်းတော်ကိုကိုးကွယ်ရမည်အချိန်ကာလရောက်ဆဲရှိ၏ဟု မိန့်တော်မူခဲ့သည်။ ရှင်ယောဟန် ၄:၂၃-၂၄ တွင် ယေရှုပြောခဲ့သည့်အတိုင်း–

> ကိုးကွယ်သောသူမှန်သမျှတို့သည် ခမည်းတော်ကို နံဝိညာဉ်နှင့်၎င်း၊
> သစ္စာတရားနှင့်၎င်း၊ ကိုးကွယ် ရမည့်အချိန်ကာလသည်လာ၍
> ယခုပင်ရောက်လျက်ရှိ၏။...ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။
> ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည်၊ နံဝိညာဉ်နှင့် ၎င်း၊ သစ္စာနှင့်၎င်း
> ကိုးကွယ်ရမည်ဟု မိန့်တော်မူ၏ (ယောဟန် ၄:၂၃-၂၄)။

ရှမာရိအမျိုးသမီးအား ယေရှု၏ပြောစကားများသည် ခေတ်သစ်အသင်းတော်အတွက် ကြီးစွာသောတိုက်တွန်းအားပေးမှုဖြစ်သင့်သည်။ အကြောင်းမှာ ယေရှုပြောနေသည့်အချိန်၌ ကျွန်ုပ်တို့အသက်ရှင်နေသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့ခေတ်တွင်၊ ယေရှုသည် မြေကြီးပေါ်တွင် ရုပ်ပိုင်းဆိုင်ရာ မတည်ရှိပါ။ ဟေဗြဲ ၈:၂၊ နှင့် ၉:၁၁-၁၂ အရ၊ သူသည် ကောင်းကင်ဘုံရှိ ဘုရားသခင်၏တဲတော်တွင် ရုပ်ပိုင်းဆိုင်ရာအားဖြင့် ရှိနေသည်။ သို့သော် သူ၏အသင်းတော်အဖြစ် ကျွန်ုပ်တို့စုရုံးသောအခါတွင် သူသည် ကျွန်ုပ်တို့နှင့်အတူ အထူးသဖြင့်ဝိညာဉ်ရေးအရ ရှိနေပါသည်။ မဿဲ ၁၈:၂၀ နှင့် ၁ ပေတရု ၂:၄-၉ တွင် ဤအကြောင်းကိုတွေ့မြင်ရသည်။ ယေရှုသည် ကျွန်ုပ်တို့နှင့်အတူရှိနေသောကြောင့်၊ ယခုအခါ ကျွန်ုပ်တို့သည် မြေကြီးပေါ်တွင် ဘုရားသခင်၏ အထူးတည်ရှိမှု၏ မြင့်မြတ်သောဗိမာန်တော်ဖြစ်သည်။

သို့သော် ခရစ်တော်၌ရှိသော ဤအံ့ဖွယ်ဗိမာန်တော်၏ ပြည့်စုံမှုသည်ပင်လျှင် ဘုန်းကြီးနှင့်တကွယေရှု ကြွလာသောအခါ သာလွန်သွားပေလိမ့်မည်။ ဗျာဒိတ် ၂၁:၁-၅ ကဲ့သို့ ကျမ်းပိုဒ်များသည်၊ ခရစ်တော် ကြွလာသောအခါ၊ ဖန်ဆင်းခြင်း တစ်ခုလုံးကို ဘုရားသခင် ကျိန်းဝပ်ရာနေရာအဖြစ်သို့ ပြောင်းလဲစေမည်ဟု သွန်သင်ထားသည်။ ထိုအချိန်တွင်၊ ခရစ်တော်နှင့် ခမည်းတော်သည် ကျွန်ုပ်တို့နှင့်အတူ အမြဲရှိနေမည်ဖြစ်ပြီး၊ မြေကြီးတစ်ခုလုံးသည် ဘုရားသခင်၏ဘုန်းတော်နှင့် ပြည့်နေမည်ဖြစ်သည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် ဓမ္မဟောင်း၏ မေရှိယမျှော်လင့်ချက်များကို ယေရှုပြည့်စုံစေခဲ့သည့် ဒုတိယနည်းလမ်းသည် ဣသရေလတို့၏ပွဲတော်များ၏ရည်ရွယ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့်ဖြစ်သည်။

## ပွဲတော်များ

အစောပိုင်းတွင် ကျွန်ုပ်တို့ပြောခဲ့သည့်အတိုင်း၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်းအများစုကို ယေရှုတက်ရောက်ခဲ့သောပွဲတော်များတွင် အကျဉ်းချုံးဖော်ပြနိုင်သည်။ ထိုပွဲများထဲတွင် ပသခါပွဲ၊ သကေနေပွဲနှင့် အင်္ကါနိပွဲများစသည်ဖြင့် အမျိုးမျိုးရှိသည်။ ဘုရားသခင်သည် ဣသရေလလူမျိုးကို တော်ဝင်ယဇ်ပုရောဟိတ်အဖြစ် ခွဲခြားသတ်မှတ်ရန်နှင့် တဲတော်နှင့် ဗိမာန်တော်တွင် ကိုယ်တော်၏အထူးတည်ရှိခြင်း



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၏ကောင်းချီးမင်္ဂလာများကို ဣသရေလလူမျိုးတို့ ပုံမှန်နည်းလမ်းများဖြင့် ခံစားနိုင်ရန် ဤပွဲတော်များကို အစပြုပေးခဲ့သည်။ သူ၏ခရစ်ဝင်ကျမ်းတွင်၊ ယောဟန်သည် ဤပွဲတော်များ၏ရည်ရွယ်ချက်များကို ယေရှုသည်ပြည့်စုံစေကြောင်း ရှင်းလင်းစွာ ဖော်ပြခဲ့သည်။

ပသခါပွဲသည် ဣသရေလ၏ အဓိကနှစ်စဉ်ပွဲတော်ကြီးသုံးခုထဲမှ တစ်ခုဖြစ်သည်။ အဲဂုတ္တုပြည်မှ ဣသရေလတို့ လွတ်မြောက်လာမှုကို ဂုဏ်ပြုခြင်းဖြစ်သည်။ အတိုချုပ်အားဖြင့်၊ ယေရှုသည် ဤပွဲတော်ကို ပြီးပြည့်စုံစေခဲ့သည်။ အကြောင်းမှာ သူသည် ပသခါပွဲ၌ သတ်ပြီးအစားခံရသော ပသခါသိုးသငယ်ကဲ့သို့ဖြစ်ပြီး၊ အသွေးတော်သည် ဣသရေလတို့၏ အီဂျစ်ပြည်မှ လွတ်မြောက်ခြင်းအား ပုံဆောင်သောကြောင့် ဖြစ်သည်။ ခရစ်ဝင်ကျမ်းရေးသူ လေးဦးစလုံးသည် ယေရှုအား ပသခါသိုးသငယ်အစစ်ဟု သတ်မှတ်ခဲ့သည်။ သို့သော် ယောဟန်သည် ယောဟန် ၁:၂၉ တွင်တွေ့ရသော "ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကိုကြည့်လော့"ဟူသော နှစ်ခြင်းဆရာယောဟန်၏စကားများ ကို ဖော်ပြခြင်းဖြင့် ဤအချက်ကို မီးမောင်းထိုးပြခဲ့သည်။ ယောဟန် ၁၉:၃၃ တွင်၊ ယေရှုသေဆုံးသောအခါ၊ ပသခါပွဲအတွက် ရွေးချယ်ထားသော သိုးသငယ်၏အရိုးများကို မချိုးရဟု ထွက်မြောက်ရာကျမ်း ၁၂:၄၆ အားပြည့်စုံစေခြင်းငှာ စစ်သည်များသည် ကိုယ်တော်၏"ခြေများကိုမချိုး" ကြောင်းဖော်ပြခဲ့သည်။ ဤသို့နှင့် အခြားနည်းလမ်းများစွာဖြင့် ယေရှုသည် ပသခါပွဲ၏ သင်္ကေတနှင့် အဓိပ္ပါယ်ကို ပြည့်စုံစေကြောင်း ယောဟန်ပြသခဲ့သည်။

ယောဟန် ၇:၂၊ ၃၇ တွင်၊ ဣသရေလ၏နှစ်စဉ်ပွဲသုံးပွဲဖြစ်သည့် သကေနေပွဲကို ယေရှုပါဝင်ဆင်နွှဲကြောင်းကိုလည်း ယောဟန်ဖော်ပြသည်။ ဤပွဲတော်၏ အရေးကြီးဆုံး ထုံးတမ်းစဉ်လာများထဲမှတစ်ခုသည် ရေလောင်းခြင်းဖြစ်ပြီး၊ တောကန္တာရတွင် ဣသရေလလူမျိုးအတွက် ဘုရားသခင်ပေးသောရေ၊ ဣသရေလ၏ ကောက်ပဲသီးနှံများအတွက် တစ်နှစ်ပြီးတစ်နှစ် ဘုရားသခင် မိုးရွာစေသည့် နည်းလမ်းကို အမှတ်ရစေရန်နှင့် နောက်ဆုံးသောကာလတွင် ဘုရားသခင်သည် သူ၏လူတို့အပေါ် ကောင်းချီးမင်္ဂလာများသွန်းလောင်းမည်ကို မျှော်မှန်းခြင်းဖြစ်သည်။ ထို့အပြင် ယေရှုသည် သမိုင်း၏ပြီးဆုံးချိန်တွင် ဘုရားသခင်သွန်းလောင်းပေးမည့် ကောင်းချီးမင်္ဂလာများအားလုံး၏ လမ်းကြောင်းဖြစ်ကြောင်း ညွှန်ပြခြင်းဖြင့် ဤအခမ်းအနားနှင့် ယေရှုကြား ခိုင်မာသော ချိတ်ဆက်မှုကို ယောဟန်ဖော်ထုတ်ခဲ့သည်။ အတိအကျအားဖြင့်၊ သကေနေပွဲ၏နောက်ဆုံးနေ့တွင်၊ ယေရှုသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကိုဝေပေးရန် သူ၏တန်ခိုးကို ကြေညာခဲ့ကြောင်း ယောဟန်ဖော်ပြခဲ့သည်။ ယောဟန် ၇:၃၇ တွင်လူများကို ယေရှုပြောခဲ့သည်ကို နားထောင်ပါ_

ရေငတ် သောသူရှိလျှင် ငါ့ထံသို့လာ၍ သောက်လော့ (ယောဟန် ၇:၃၇)။

ဘုရားသခင်၏ကောင်းချီးမင်္ဂလာအသက်ရေစီးကြောင်းများသည် ယေရှုထံမှ စီးဆင်းကြောင်း ယောဟန်ဖော်ပြခဲ့သည်။ အတိတ်ကောင်းချီးမင်္ဂလာ၊ ပစ္စုပ္ပန်ကောင်းချီးမင်္ဂလာနှင့် အနာဂတ်ကောင်းချီးမင်္ဂလာအားလုံးသည် သူ့အားဖြင့် သက်ရောက်သည်။ ဤနည်းအားဖြင့်၊ ယေရှုသည် သကေနေပွဲ၌ ပုံဆောင်ထားသော ဘုရားသခင်၏ကောင်းချီးမင်္ဂလာများအတွက် မျှော်လင့်ချက်အားလုံးကို ပြည့်စုံစေပါသည်။

နောက်ဆုံးတွင်၊ ယောဟန် ၁၀:၂၂-၃၉ တွင်၊ ယေရှုသည် အင်္ကါနိပွဲ သို့မဟုတ် Hanukkah ကို ကျင်းပခဲ့သည်။ အင်္ကါနိပွဲသည် ဓမ္မဟောင်းကျမ်းတွင် ဣသရေလနိုင်ငံ၏ အဓိကပွဲတော်များထဲမှ တစ်ခု မဟုတ်ပါ။ သို့သော်ငြားသည် ဘီစီ ၁၆၅ တွင် ဂရိဖိနှိပ်သူများအပေါ် ဣသရေလ၏အောင်ပွဲခံခြင်းနှင့် ဤ အောင်ပွဲပြီးနောက် ယဇ်ပလ္လင်နှင့် ဗိမာန်တော်တို့ကို ပြန်လည်ဆက်ကပ်အပ်နှံခြင်းအဖြစ် ဂုဏ်ပြုကျင်းပ သောကြောင့် ပထမရာစုရှိ ဣသရေလ၏ဘဝအတွက် အရေးပါလှသည်။ ရှင်ယောဟန် ၁၀:၃၀ တွင်၊ ယေရှုသည် အင်္ကါနိပွဲကို ကျင်းပနေချိန်၌ သူသည် အံ့အားသင့်ဖွယ်ကြေငြာမှုကို ပြုလုပ်ခဲ့သည်။

> ငါသည် ငါ့ခမည်းတော်နှင့်တလုံးတဝတည်းဖြစ်သည်ဟု မိန့်တော်မူ၏ (ယောဟန် ၁၀:၃၀)။

သူသည် ဘုရားသခင်ဖြစ်ကြောင်းကြေငြာသည်ဟု ယုဒလူများနားလည်ကြပြီး ကျောက်ခဲနှင့် ပစ်ရန် ကြိုးစားခြင်းဖြင့် တုန့်ပြန်ကြသည်။ ထို့နောက် ယေရှုသည် ယောဟန် ၁၀:၃၆ တွင် မိမိကိုယ်ကို ရည်ညွှန်းကာကာကွယ်သည်မှာ–

> ခမည်းတော်သည်သန့်ရှင်းစေ၍၊ ဤလောကသို့ စေလွှတ်တော်မူသောသူ (ယောဟန် ၁၀:၃၆)။

သူသည် "စေလွှတ်တော်မူခြင်းခံရသည်"ဟု ယေရှုမိန့်ဆိုသောအခါ၊ ဗိမာန်တော်၏အခမ်းအနား များဖြစ်သော ဆက်ကပ်အပ်နှံခြင်းနှင့် အနုမောဒနာပြုခြင်းတို့ကိုရည်ညွှန်းရန် သမ္မာကျမ်းစာ၌အကြိမ် များစွာ အသုံးပြုသည့် ဂရိအသုံးအနှုန်းဖြစ်သော *hagiazō* ကို အသုံးပြုခဲ့သည်။ ဤအခြေအနေတွင်၊ *hagiazō* သည် ဂရိအခေါ်အဝေါ် *egkainia* နှင့်နီးပါးတူညီပါသည် — "အင်္ကါနိပွဲ" ဟူသောအသုံးအနှုန်း တွင် "ဆက်ကပ်အပ်နှံခြင်း" ဟုပြန်ဆိုထားသော စကားလုံးဖြစ်သည်။

ဤနည်းလမ်းများဖြင့် ယောဟန်သည် ယေရှုအား ဗိမာန်တော်ဆက်ကပ်အပ်နှံခြင်း သို့မဟုတ် အနုမောဒနာပြုခြင်းအခမ်းအနားနှင့် နီးကပ်စွာဆက်စပ် ဖော်ပြခဲ့သည်။ ပွဲတော်သည် ဘုရားသခင်၏ တည်ရှိခြင်းအတွက် ဗိမာန်တော်အားသီးခြားခွဲထားခြင်းကို ကျင်းပခဲ့သည်။ အလားတူပင်၊ ယေရှုသည် မြေကြီးပေါ်၌ ဘုရားသခင်၏ အထူးတည်ရှိခြင်း၏ ပြည့်စုံခြင်းအဖြစ် စေလွှတ်ခြင်းခံခဲ့သည်။

ထို့အပြင် ယေရှုသည် ဗိမာန်တော်နှင့်ပွဲတော်များအတွက် မျှော်လင့်ချက်များကို ပြည့်စုံစေခဲ့ ကြောင်း ပြသသည့်အပြင်၊ ဘုရားသခင်၏တရားတော်ကို ယေရှု ဖြည့်ဆည်းခဲ့ကြောင်းကိုလည်း ယောဟန်ဖော်ပြခဲ့သည်။

## တရားတော်

ခရစ်ယာန်များသည် ဘုရားသခင်၏တရားတော်ကို အပျက်သဘောဖြင့် မကြာခဏ တွေးတော လေ့ရှိသော်လည်း—ကျွန်ုပ်တို့အား ရှုတ်ချသော အရာတစ်ခုအဖြစ်— ဘုရားသခင်၏ ကောင်းချီးမင်္ဂလာ များဆီသို့ လမ်းညွှန်ချက်အဖြစ် တရားတော်သည် စစ်မှန်သောယုံကြည်သူများအား ပေးထားကြောင်း သတိရရန် လိုအပ်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သင်သည် သမ္မာကျမ်းစာထဲမှ တရားတော်များကို လေ့လာကြည့်ပါက၊ ဖတ်သောသူများသည် စည်းမျဉ်းစည်းကမ်းများကို ဖတ်နေကြောင်းကို မယုံကြည်ကြသည်မှာ ထင်ရှားပါသည်။ ၎င်းသည် ဘဝဦးတည်ချက်တစ်ခု ပင်ဖြစ်သည်။ ထို့ကြောင့်၊ သူတို့သည် ၎င်းကိုသိလျက်နှင့်ဖတ်နိုင်သည်၊ သူတို့သည် တရားတော်ကို လိုက်နာပါက၊ ၎င်းကို စောင့်ရှောက်ခြင်း၌ ကောင်းချီးမင်္ဂလာခံစားရကြလိမ့်မည်၊ ထိုအတွက် အကြောင်းပြချက်များစွာ ရှိသည်ဟု ကျွန်ုပ်ထင်ပါသည်။ တစ်ခုမှာ တရားတော်သည် ဘုရားသခင်၏ ဖွင့်လှစ်ဖော်ပြခြင်းဖြစ်သည်။ တရားတော်သည် ကျွန်ုပ်တို့အား ဘုရားသခင်မည်သို့ အသက်ရှင်စေလိုသည်ကို ပြောပြသည်။ ထို့ပြင် ဆာလံဆရာသည် ၄၀:၈ တွင် "အကျွန်ုပ်၏ ဘုရားသခင်၊ ကိုယ်တော်၏အလိုကို ဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏"ဟုဆိုသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်နှင့်အညီ လိုက်လျောညီထွေ ရှိသောအခါ၊ ဘုရားသခင်၏အလိုတော်ဟူသည်ကို ကျွန်ုပ်တို့နားလည်သောအခါ၊ ကျွန်ုပ်တို့လုပ်သင့်သည်များကို လုပ်ဆောင်ခြင်း သို့မဟုတ် ကျွန်ုပ်တို့အား မလုပ်ရန်ပြောထားသမျှကို မလုပ်ဆောင်ခြင်း၌ ကြီးစွာသောရွှင်လန်းမှုနှင့် ကောင်းချီးမင်္ဂလာများကို တွေ့ရှိရသည်။ ထို့ကြောင့်၊ ၎င်းသည် ဖွင့်လှစ်ဖော်ပြခြင်းဖြစ်သည်ဟူသောအချက်သည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာ၏ နိမိတ်လက္ခဏာ၊ ဘုရားသခင်၏မျက်နှာသာပေးခြင်း၏ နိမိတ်ဖြစ်သည်။ ထိုထက်မက၊ ၎င်းသည် ကောင်းချီးမင်္ဂလာတစ်ခုဖြစ်သည်ဟု ထင်ပါသည်။ အကြောင်းမှာ တရားတော်သည် အမှန်စင်စစ် မြေကြီးပေါ်၌ ဘုရားသခင်ပေးလိုသည့်အရာတွင် ကျွန်ုပ်တို့ပါဝင်ရန် ဖိတ်ခေါ်ချက်တစ်ခု ဖြစ်သည်။

**Dr. Steve Harper**

ဓမ္မဟောင်းကျမ်းတွင် တရားတော်၏ အဓိကအသုံးပြုမှုသည် အပြုသဘောဆောင်သောကြောင့် ဘုရားသခင်၏ပညတ်တော်သည် ဘုရားသခင်၏စရိုက်လက္ခဏာကို ထင်ရှားပြခြင်းဖြစ်သည်။ ထို့ကြောင့်၊ ဥပမာ၊ ဘုရားသခင်၏ပညတ်တော်သည် ကျွန်ုပ်တို့၏လမ်းခရီးအတွက် အလင်းနှင့် ကျွန်ုပ်တို့၏ခြေရှေ့တွင် မီးခွက်ဖြစ်သည်ဟု ဆာလံကျမ်းသည်ဆိုသည်။ ဒါဝိဒ်သည် ပျားလပို့ထက်ချိုမြိန်ပြီး ရွှေထက်သာ၍ အဖိုးတန်သည်ဟု ဆာလံကျမ်းတွင်ဖော်ပြထားသည်၊ ကိုယ်တော်၏ကျွန်သည်၎င်းကို ထိန်းသိမ်းစောင့်ရှောက်ခြင်းငှာ သတိပေးခံရပြီး၊ ကြီးစွာသောဆုလာဒ်ရှိသည်။ အမှန်မှာ၊ ဆာလံကျမ်းတစ်ခုလုံးသည် ထိုနည်းဖြင့် အစပြုသည်– "မတရားသော သူတို့၏ တိုက်တွန်းခြင်းသို့ မလိုက်၊ လူဆိုးတို့၏ လမ်းတွင်မရပ်မနေ၊

> မထီမဲ့မြင်ပြုသော သူတို့၏ အစည်းအဝေး၌မထိုင်၊ ထာဝရဘုရား၏ တရားတော်၌ မွေ့လျော်၍၊ တရားတော်ကို နေ့ညဉ့်မပြတ် ဆင်ခြင်အောက် မေ့သောသူသည် မင်္ဂလာရှိ၏"—ထို့နောက် ဆာလံ ၁ တွင် ဘုရားသခင်ကို ကြောက်ရွံ့၍တရားတော်များကို လိုက်လျောက်သောသူသည် မြစ်နားတွင် စိုက်ထားသည့် အသီးသီးသောသစ်ပင်နှင့်တူကြောင်း ပုံဖော်ထားသည်။ ထို့ကြောင့်၊ တရားတော်သည် မင်္ဂလာရှိသောနေရာဖြစ်သည်။ သို့သော် ၎င်းသည် ဘုရားသခင်သည် ခရစ်တော်အားဖြင့်ပေးသနားတော်မူသော ပထမအကြိမ် ခွင့်လွှတ်ခြင်းကိုခံရသောသူများအတွက် မင်္ဂလာရှိသောနေရာတစ်ခုသာ ဖြစ်သည်။ သို့ဆိုလျှင် တရားတော်သည် ကောင်းကြီးမင်္ဂလာဘဝအဖြစ် ခရစ်တော်၏ဦးဆောင်မှုအောက်၌ မည်သို့နေထိုင်ရမည်ကို လမ်းညွှန်ချက် တစ်ခုဖြစ်သည်။ ထို့ကြောင့်၊ ခရစ်တော်ကိုချစ်သောသူသည်တရားတော်ကို ပြည့်စုံစေသည်ဟု ပေါလုဆိုသည်၊ ခရစ်တော်သည် ပန်းတိုင် သို့မဟုတ် တရားတော်၏ရည်ရွယ်ချက်ဖြစ်သည်။ ထို့ကြောင့်၊ တရားတော်သည် ကျွန်ုပ်တို့၏အပြစ်ကို သွန်သင်ပေးသည်၊ ကျွန်ုပ်တို့အတွက် သခင်ယေရှု လုပ်ဆောင်ခဲ့သည်များကို ပြသပြီး နောက်ဆုံးတွင် ကျွန်ုပ်တို့အား အသက်ရှင်နေထိုင်ရန် လမ်းညွှန်ချက်ကိုပေးသည်။ ထို့ကြောင့် ယေရှုသည် တရားတော်တစ်ခုလုံးကို ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှနှင့် ချစ်ရန်၊ ကိုယ်နှင့်စပ်ဆိုင်သောသူကိုကိုယ်နှင့်အမျှချစ်ရန် ဟူသော ပညတ်ချက် နှစ်ချက်ဖြင့် နိဂုံးချုပ်ထားသည်။ ထို့ကြောင့် ဘုရားသခင်ကို ချစ်မြတ်နိုးသောသူ ၏နှလုံးသား၊ ဝိညာဉ်၊ စိတ်နှင့် ခွန်အားတို့ကို သိသောသူမည်သည်ကား ထိုလူ၏ ကောင်းချီးမင်္ဂလာကို သိ၏။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်သော သူကို သိသောသူသည် ထိုအထဲ၌ ကြီးမားသည့် ကောင်းချီးမင်္ဂလာများရှိသည် ကိုသိကြသည်။ ရက်ရောမှုရှိသည်၊ ကရုဏာရှိသည်၊ ပေးဆပ်မှုရှိသည်၊ ဘုရား၏အမိန့်တော်များကို သစ္စာစောင့်သိသူများ၏မျက်မှောက်တွင်ပင် မင်္ဂလာရှိသည်။

**Rev. Michael J. Glodo**

ဓမ္မဟောင်းကျမ်းတွင်၊ ဘုရားသခင်၏တရားတော်ကို သူ၏လူများအတွက် အထူးလက်ဆောင် အဖြစ် ပုံဖော်ထားသည်။ ဆာလံ ၁၁၉ နှင့် အခြားကျမ်းပိုဒ်များစွာသည် ၎င်းအား ဘုရားသခင့်ကောင်းချီး မင်္ဂလာများထံ ကြွလရေလလူမျိုး၏ လမ်းညွှန်အဖြစ် ဂုဏ်ပြုကြသည်။ ဓမ္မသစ်ကျမ်းတွင်၊ ယာကုပ်သည် ဘုရားသခင်၏တရားတော်ကို ယာကုပ် ၁:၂၅ တွင် လွတ်ခြင်းနှင့်စပ်ဆိုင်၍ စုံလင်သောတရားဟုခေါ်ဆိုခဲ့ ပြီး၊ ရှင်ပေါလုသည် ၎င်းအား ၁ ကောရိန္သု ၉:၂၁ တွင် ခရစ်တော်၏တရားဟု ခေါ်ဆိုခဲ့သည်။ ယေရှုကိုယ် တိုင် ယောဟန် ၁၀:၃၅ တွင် တရားတော်၏ အရေးပါမှုနှင့် တန်ဖိုးကို အခိုင်အမာပြောခဲ့သည်–

> ကျမ်းစကားကို မပယ်ရလျှင်ငင်း၊ (ယောဟန် ၁၀:၃၅)။

ဤတွင်၊ တရားတော်အပါအဝင် ဓမ္မဟောင်းကျမ်းတစ်ခုလုံးသည် ဘုရားသခင်သည် မိမိလူမျိုးအတွက် ထာဝရတည်မြဲသော နှုတ်ကပတ်တော်ဖြစ်ကြောင်း ယေရှုသွန်သင်ခဲ့သည်။

ထို့ထက်မက၊ တရားတော်သည်အလိုလို မပြီးဆုံးကြောင်း ယောဟန်ရှင်းလင်းစွာဆိုသည်။ အရေးကြီးသောသဘောအရ၊ ၎င်းသည်မိမိကိုယ်တိုင်ထက် ကျော်လွန်၍ ယေရှုကိုအမြဲညွှန်ပြသည်။ ရှင်ယောဟန် ၅း၄၆-၄၇ တွင် ယေရှုသည် မယုံကြည်သူဂျူးများကို ဤသို့မိန့်တော်မူခဲ့သည်–

> သင်တို့သည် မောရှေ၏စကားကို ယုံလျှင် ငါ့စကားကို မယုံဘဲမနေနိုင်ကြ။ အကြောင်းမူကား၊ မောရှေ သည် ငါ့အကြောင်းကို ရေးထား၏။ သူရေးထားသော စာကို သင်တို့သည်မယုံလျှင်၊ ငါစကားကို အဘယ်သို့ယုံနိုင်မည်နည်းဟု ယုဒလူတို့ အား မိန့်တော်မူ၏ (ယောဟန် ၅း၄၆-၄၇)။

ယောဟန်သည် ဤအချက်ကို သူ၏ခရစ်ဝင်ကျမ်းတစ်လျှောက်လုံး အလေးပေးဖော်ပြခဲ့သည်။ ဓမ္မဟောင်းတရားတော်သည် ယေရှုကို ညွှန်ပြသည်။ ထို့ကြောင့် ယေရှုကိုငြင်းပယ်ခြင်းသည် သူနှင့် သက်ဆိုင်၍ကြိုတင်မိန့်တော်မူထားသည့်တရားတော်ကို ငြင်းပယ်ခြင်းလည်းဖြစ်သည်။

ဤအချက်အား ယောဟန်အလေးပေးဖော်ပြသည့်နည်းတစ်နည်းမှာ ဂျူးဘာသာတရား၌ တရားတော်တွင်ပေးထားပြီးဖြစ်သော အမည်နာမများ၊ စရိုက်လက္ခဏာများနှင့် လုပ်ဆောင်ချက်များကို ယေရှုထံ ကျင့်သုံးခြင်းအားဖြင့်ဖြစ်သည်။ ဥပမာအားဖြင့်၊ သင်သည် ဆာလောင်နေသောရန်သူကို "Torah မုန့်" ဖြင့် ကျွေးသင့်သည်ဟု ဂျူးဘာသာတရားသည် ဆိုထားသည်။ ယောဟန် ၆:၃၅ တွင် ယေရှုကို "အသက်မုန့်" ဟုခေါ်သည်။ ဂျူးဘာသာတရားသည် "Torah ၏စကားများသည် လောက အတွက် အသက်" ဖြစ်သည်ဟု အခိုင်အမာဆိုထားသည်။ ယော ၄း၁၁ တွင်၊ ယေရှုသည် အသက်ရေကို ပေးသောသူဖြစ်သည်။ ဂျူးဘာသာတရားသည်လည်း "လူတိုင်းကို အလင်းပေးသော တရားတော်၏ အလင်း" အကြောင်း ပြောဆိုခဲ့သည်။ ယောဟန် ၁:၉ သည် ယေရှုအား"ခပ်သိမ်းသောလူအပေါင်းတို့အား အလင်းကိုပေးသော ဟုတ်မှန်သောအလင်း" ဟုခေါ်သည်။ ဤသည်မှာ ယေရှုသည် ဘုရားသခင်၏ ပညတ်တော်ကို ဖော်ညွှန်းကြောင်းပြသော ရှင်ယောဟန်ခရစ်ဝင်ကျမ်းရှိ ဥပမာများစွာထဲမှ အနည်းငယ်မျှသာဖြစ်သည်။ သခင်ယေရှုနှင့် သူ၏သွန်သင်ချက်များသည် ကိုယ်တော်နောက်လိုက်သူ အားလုံးအတွက် အသက်နှင့်အလင်း၏ရင်းမြစ်အဖြစ် ဆက်လက်တည်ရှိနေပါသည်။

ယောဟန်အနေဖြင့် သူ၏စာဖတ်သူများအား ယေရှုသည် ခရစ်တော်ဖြစ်ရခြင်း၏အဓိပ္ပါယ်ကို နားလည်စေလိုသည်။ သူသည် ယေရှုသည်သူ၏အသင်းတော်ကို မစွန့်ပစ်ဘဲ ကျွန်ုပ်တို့နှင့်အတူ အမြဲရှိနေသည်ဟူသောအသိဖြင့် သူတို့ကို နှစ်သိမ့်မှုရစေလိုသည်။ သူသည် ယေရှုကိုယုံကြည်ကိုးစားပြီး၊ ကိုယ်တော်အားဖြင့် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို သူတို့အား ရရှိစေလိုသည်။ သူသည် ထာဝရဘုရား၏နှုတ်ကပတ်တော်ကို သူတို့သည်နာခံကာယဇ်ပုရောဟိတ်များ၏နိုင်ငံတော်အဖြစ် ဘုရားသခင်အား ဘုန်းထင်ရှားစေရန် အလိုရှိသည်။

ယခု ကျွန်ုပ်တို့သည် ယေရှုကိုယုံကြည်ခြင်း၏ အဓိကအကြောင်းအရာများနှင့် ခရစ်တော်အဖြစ် ယေရှု၏ဝိသေသလက္ခဏာကို ကြည့်ရှုပြီးနောက်၊ ဘုရားသခင်၏သားတော်အဖြစ် ကိုယ်တော်၏အနီးကပ်ဆက်နွယ်သောဝိသေသလက္ခဏာကို သုံးသပ်သင့်သည်။

## ဘုရားသခင်၏သားတော်

ဘုရားသခင်၏သားတော်အဖြစ် ယေရှု၏ဝိသေသလက္ခဏာသည် ခရစ်တော်အဖြစ် သူ၏ဝိသေသလက္ခဏာနှင့် အပြိုင်ဖြစ်နေခြင်းသည် ၎င်းတို့နှစ်ခုစလုံးသည် မြေကြီးပေါ် ရှိ ဘုရားသခင်၏ နိုင်ငံတော်အပေါ် ဘုရင်ဖြစ်သည်ဟူသောအချက်ကို ရည်ညွှန်းသောကြောင့်ဖြစ်သည်။ သို့သော် ၎င်းတို့ တစ်ခုစီတွင် မတူညီသော ကွဲပြားမှုများရှိသောကြောင့် ဤအသုံးအနှုန်းများကို သီးခြားဆွေးနွေးရန် သင့်လျော်ပါသည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် ဘုရားသခင်၏သားတော်ဟူသော ဝေါဟာရသည် မေရှိယဘုရင်ကို ရည်ညွှန်းသည်။ တစ်ဖက်တွင်၊ ယောဟန် ၁၀:၂၂-၄၀ တွင် မြင့်မြတ်သောသားတော်၏ ကောင်းကင်မှမြေကြီးသို့ ဆင်းသက်လာသောအယူအဆကို ရည်ညွှန်းသည်။ တစ်ဖက်တွင်၊ ယောဟန် ၁:၄၉ နှင့် ၁၁:၂၇ တွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း၊ ဣသရေလကိုအုပ်စိုးသော ဘုရင်ဒါဝိဒ်၏ လူသားအမျိုးအနွယ်ဖြစ်သော ဣသရေလဘုရင် သို့မဟုတ် ခရစ်တော်နှင့် အဓိပ္ပါယ်တူသည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ရခြင်း၏ အဓိပ္ပါယ်ကို ပိုမိုကောင်းမွန်စွာနားလည်ရန်၊ ယေရှုသည် ဘုရားသခင်အပြည့်အဝဖြစ်ခြင်းနှင့် လူသားအပြည့်အဝဖြစ်ခြင်းဆိုင်ရာ ကြီးစွာသောလျှို့ဝှက်ချက်ကို ယောဟန် မည်သို့အလေးပေးဖော်ပြသည်ကို သိမြင်ရန် အထောက်အကူပြုသည်။ သခင်ယေရှုသည် အပြည့်အဝဘုရားသခင်ဖြစ်သည်ဟူသော အယူအဆကို ဦးစွာကြည့်ကြပါစို့။

### ဘုရားသခင်

သားတော်၏ ဘုရားဖြစ်ခြင်းအကြောင်းကို ယောဟန်ပုံဖော်သည့်နည်းတစ်နည်းမှာ သားတော်ယေရှုနှင့် ခမည်းတော်ဘုရားသခင်ကြား ဆက်ဆံရေးအားဖြင့် ဖြစ်သည်။ ဤဆက်ဆံရေးသည် ယုံကြည်သူများဖြစ်သော လူသားများနှင့်ဆက်ဆံရေးနှင့် ခမည်းတော်နှင့်ဆက်ဆံရေးတွင် အရည်အသွေးပိုင်းခြားနားကြောင်း သက်သေပြသော ကျမ်းပိုဒ်များစွာရှိသည်။ ယောဟန် ၁၀:၃၀-၃၃ တွင် ယေရှုနှင့် ဂျူးများကြား ဆက်ဆံရေးကို နားထောင်ပါ_

> ငါသည် ငါ့ခမည်းတော်နှင့်တလုံးတဝတည်းဖြစ်သည်ဟု မိန့်တော်မူ၏။ ထိုအခါ ယုဒလူတို့သည် ကိုယ်တော်ကို ခဲနှင့်ပစ်ခြင်းငှါ တဖန်ကျောက်ခဲတို့ကို ကောက်ယူကြ၏။ ယေရှုကလည်း၊ ငါသည် ငါ့ခမည်းတော်၏အခွင့်နှင့် ကောင်းသောအမှုအများတို့ကို သင်တို့အားပြပြီ။ ထိုအမှုတို့တွင် အဘယ်မည်သောအမှုကြောင့် ငါ့ကို ခဲနှင့်ပစ်ကြမည်နည်းဟု မေးတော်မူလျှင်၊ ယုဒလူတို့က၊ ကောင်းသောအမှုကြောင့် ခဲနှင့်ပစ်မည်မဟုတ်။ သင်သည်

> လူဖြစ်လျက်ပင် ဘုရားသခင် ဖြစ်ယောင်ဆောင်၍ ဘုရားသခင်ကို
> လွန်ကျူးသောစကားကြောင့် ခဲနှင့်ပစ်မည်ဟု ဆိုကြ၏ (ယောဟန် ၁၀:၃၀-၃၃)။

ခမည်းတော်ဘုရားသခင်နှင့် သူ၏ဆက်ဆံရေးတွင် ယေရှု၏တစ်လုံးတစ်ဝတည်းဖြစ်သည်ဟု ပြောခြင်းသည် စင်စစ်အားဖြင့်၊ ယေရှုသည် အမှန်တကယ် ဘုရားသခင်ဖြစ်ကြောင်း ဂျူးလူမျိုးများ မှန်ကန်စွာနားလည်သဘောပေါက်ခဲ့ကြသည်။

ထို့အပြင်၊ ယောဟန် ၁၄:၉ အရ၊ ယေရှုသည် အခြားမည်သူမျှမစွမ်းဆောင်နိုင်သော ခမည်းတော်အားထုတ်ဖော်ပြသသည့် ဘုရားသခင်၏ထူးခြားသောသားတော်ဖြစ်သည်။ ၁:၁၈ သည် “သားတော်” ဟူသော စကားလုံးကို မသုံးသော်လည်း အယူအဆသည် အတူတူပင်ဖြစ်သည်။ ယေရှုသည် မိမိ၏ လူမျိုးထံ ခမည်းတော်နှင့်ပတ်သက်၍ စုံလင်စွာဖော်ပြတော်မူသည်။ အမှန်တကယ်၊ ယော ၁၄:၉ တွင် ယေရှု၏အဆိုအရ၊ ယေရှုကိုတွေ့မြင်ခြင်းသည် ခမည်းတော်ကိုမြင်တွေ့ခြင်းပင်ဖြစ်သည်။

ဖွင့်လှစ်ဖော်ပြသည့်ကိစ္စများအပြင်၊ ယေရှုသည် အသက်နှင့်သေခြင်းကဲ့သို့သောအရာများနှင့် အဆုံးစွန်သောတရားစီရင်ခြင်းတို့ကို အပြည့်အဝပိုင်ဆိုင်ထားသည်။ ရှင်ယောဟန် ၅း၂၁-၂၂ တွင် ဖတ်ရသည့်အတိုင်း_

> ခမည်းတော်သည် သေလွန်သောသူတို့ကို ထမြောက်ရှင်ပြန်စေတော်မူသကဲ့သို့၊
> ထိုနည်းတူ သား တော်သည်လည်း အလိုရှိသမျှသော သူတို့ကို ရှင်စေ၏။
> လူအပေါင်းတို့သည် ခမည်းတော်ကို ရိုသေသည်နည်းတူ (ယောဟန် ၅း၂၁-၂၂)။

ယေရှုသည် လူ့ဇာတိ၌ရှိသောဘုရားသခင်ဖြစ်ကြောင်း ယောဟန်သည် ရှင်းလင်းစွာ ဖော်ပြခဲ့သည်။ မြေကြီးပေါ်တွင် ဘုရားသခင်၏အမှုတော်ကို အကန့်အသတ်မရှိသော အခွင့်အာဏာဖြင့်ဆောင်ရွက်ရန်အတွက် သူသည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည်။

ယောဟန်သည် သားတော်၏ဘုရားဖြစ်ခြင်းကို သရုပ်ဖော်သည့်အခြားနည်းမှာ သူ့ကိုယ်သူ “ငါဖြစ်သည်” ဟု ယေရှု၏ ဖော်ပြချက်မှတစ်ဆင့် ဖြစ်သည်။ ထွက်မြောက်ရာ ၃:၁၄ တွင် ဘုရားသခင်သည် မောရှေအား သူ၏ပဋိညာဉ်အမည်ကို “ငါဖြစ်သည်အတိုင်းငါဖြစ်၏” ဟုမိန့်တော်မူခဲ့သည်။ ဤသည်မှာ “သခင်ဘုရား” ဟု အင်္ဂလိပ်ဘာသာတွင်ရိုးရှင်းစွာ ကိုယ်စားပြုလေ့ရှိသည့် ဘုရားသခင့်အခြေခံနာမတော်ဖြစ်သည်။ ဘုရားသခင်၏နာမတော်သည် အလွန်သန့်ရှင်းသည်ဟု ယူဆသောကြောင့် ယေရှုခေတ် ဂျူးများသည် နာမတော်ကို အသံထွက်ခေါ်ဆိုရန် ငြင်းဆိုကြသည်။ သို့သော် ယေရှုသည် ထိုနာမတော်ကို သူ့ကိုယ်တိုင်တွင် အသုံးပြုခဲ့သည်။

> ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင်၊ ယေရှုပြောသောအရာများတွင် “ငါဖြစ်သည်”
> ဟူသောစကားများ ၂၄ ကြိမ်ခန့်ဖော်ပြပါရှိသည်။ ၎င်းသည် အခြားသော
> ခရစ်ဝင်ကျမ်းများထက် ပိုများပြီး ဓမ္မသစ်ကျမ်းတစ်ခုလုံးတွင်
> ထက်ဝက်ခန့်ရှိသည်။ ပထမနေရာတွင် အရေးကြီးသည်မှာ ၎င်းသည်
> ဓမ္မဟောင်း၏ ဘုရားသခင်နှင့် ယေရှုကို ခွဲခြားသတ်မှတ်ခြင်းနည်းလမ်း

တစ်ခုဖြစ်သည်။ ထို့ကြောင့်၊ ဤဖော်ပြချက် ခုနစ်ချက်သည် "ငါဖြစ်သည်" ဟူသောစကားမျိုးဖြစ်ပြီး၊ ယောဟန် ၈:၅၈၊ ၅၉ တွင် ဓမ္မဟောင်း၏ ဘုရားသခင်ဖြစ်သည်ဟု အခိုင်အမာဆိုသောကြောင့် သူ့ကို ကွပ်မျက်ရန် ကျောက်ခဲများကို ကောက်ယူကြသည်။ ကျန်ဖော်ပြချက်"ငါသည်"သည် "ငါသည်အသက်မုန့်ဖြစ်၏"၊"ငါသည် အလင်းဖြစ်၏"၊ "ငါသည် သမ္မာတရားနှင့် အသက်လည်းဖြစ်၏"စသည့်အရာနှင့် ဆက်စပ်နေသည်။ ဤနေရာများတွင် ယေရှုသည် ဘုရားသခင်ဖြစ်သည်ဟု ပြောနေသော်လည်း၊ ဘုရားသခင်သည် လူ့ဘဝနှင့်သက်ဆိုင်နေသည်။ ထို့ကြောင့်၊ ယောဟန်သည် ကျွန်ုပ်တို့အတွက် သခင်ယေရှုလုပ်ဆောင်ခဲ့သည့်အရာတစ်ခုဖြစ်သော "ဤသူသည် ဘုရားသခင် ဖြစ်တော်မူသောကြောင့် ရှေးကာလကပင် တည်ရှိတော်မူ၏" ဟူသော ဖော်ပြချက်အားလုံးကို ဖတ်ရှုသင့်သည်ဟု ထင်ပါသည်။ ရှင်ယောဟန် ၈:၅၈ တွင် "အာဗြဟံမဖြစ်မီ၊ ငါဖြစ်၏" ဟု အခိုင်အမာဆိုသောအခါ၊ ၎င်းသည် လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ထောင်ကျော် အသက်ရှင်ခဲ့သည်ဟု ဆိုရုံမျှမက၊ အာဗြဟံနှင့် ပေါင်းသင်းဆက်ဆံသော ဘုရားသခင်ဖြစ်ပြီး ထာဝရတည်မြဲသော ဘုရားသခင်ဖြစ်သည်ဟု ဆိုလိုသည်။

**Dr. John E. McKinley**

ရှင်ယောဟန် ၈း၁၂-၅၉ တွင် သခင်ယေရှုနှင့် ဂျူးခေါင်းဆောင်များသည် ပြင်းထန်သော ထိပ်တိုက်ရင်ဆိုင်မှုရှိခဲ့သည်။ အငြင်းပွားမှုသည် ယေရှု၏သားဖြစ်ခြင်းပြောဆိုမှုနှင့် အတိုက်အခံများ၏ အာဗြဟံ၏သားများဖြစ်ခြင်း ပြောဆိုမှုနှင့်သက်ဆိုင်သည်။ အခန်းငယ် ၄၄ တွင် သူတို့၏ဖခင်အစစ် အမှန်သည် မာရ်နတ်ဖြစ်ကြောင်း ယေရှုပြောခဲ့သည်။ တဖန် သူတို့သည်သူ့အား အာဗြဟံထက်သာ၍ ကြီးမြတ်သလောဟု တန်ပြန်မေးကြသည်။ ထို့နောက် ယေရှုသည် ယောဟန် ၈:၅၈ တွင် ဤစကားများ ဖြင့် အငြင်းအခုံကို အဆုံးသတ်ခဲ့သည်–

> ယေရှုကလည်း၊ ငါအမှန်အကန်ဆိုသည်ကား၊ အာဗြဟံမဖြစ်မီ ငါဖြစ်၏ဟု မိန့်တော်မူ၏ (ယော ၈:၅၈)။

အာဗြဟံထက် အသက်ကြီးသည်ဟု ဆိုလိုလျှင် "ငါဖြစ်ခဲ့၏" ဟုဆိုနိုင်သော်လည်း ယေရှု မပြော ခဲ့ပါ။ "ငါဖြစ်၏"ဟုဆိုခြင်းသည် အာဗြဟံထက်သာ၍ကြီးမြတ်သည်သာမက၊ ဣသရေလလူမျိုး၏ ထာဝရဘုရားသခင်ဖြစ်တော်မူသည် ဟုသူဆိုခဲ့သည်။

ယေရှု၏ဘုရားဖြစ်ခြင်းကို စဉ်းစားပြီးနောက်၊ ဘုရားသခင်၏သားတော်အနေဖြင့် ယေရှုသည် လူသားအပြည့်အဝလည်းဖြစ်သည်ဟူသောအချက်နှင့်ပတ်သက်၍ ယောဟန်၏ဖော်ပြပုံကို ကြည့်ကြပါ စို့။

## လူသား

ဒါဝိဒ်လက်ထက်ကတည်းကပင်၊ "ဘုရားသခင်၏သားတော်" ဟူသောအသုံးအနှုန်းကို ဣသရေလရှင်ဘုရင်အဖြစ် ဒါဝိဒ်၏ရာဇပလ္လင်ပေါ်တွင် ထိုင်နေသည့် လူသားဘုရင်ကို ရည်ညွှန်းရန် အသုံးပြုခဲ့သည်။ ဆာလံ ၂:၇ နှင့် ၂ ဓမ္မရာဇဝင် ၇:၁၄ ကဲ့သို့သောနေရာများတွင် ကျွန်ုပ်တို့တွေ့နိုင်ပါသည်။ ရှင်ယောဟန် ၇:၄၂ သည် ဂျူးများသည် ဒါဝိဒ်၏မိသားစုမှ ခရစ်တော်ကြွလာရန် မျှော်လင့်ကြောင်းကိုလည်း ဖော်ပြသည်။ ယောဟန် ၁:၄၉ တွင် "ဘုရားသခင်၏သားတော်" ဟူသော အသုံးအနှုန်းကို "ဣသရေလဘုရင်"နှင့် အဓိပ္ပါယ်တူအဖြစ် အသုံးပြုသည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်းရှိအခြားကျမ်းပိုဒ်အချို့သည်လည်း ယေရှုအား ဂျူးတို့၏ဘုရင်အဖြစ် ဖော်ပြထားသည်၊ ဥပမာ ၁၂:၁၃-၁၅၊ ၁၈:၃၃-၄၀၊ နှင့် ၁၉:၁-၂၂။ အတိုချုပ်အားဖြင့်၊ ယောဟန်သည် ယေရှုအား ဘုရားသခင်၏သားတော်အဖြစ် ဖော်ထုတ်သောအခါ၊ သူဆိုလိုသည့် တစ်စိတ်တစ်ပိုင်းသည် ယေရှုသည် ဣသရေလအမျိုးကို ထာဝစဉ်အုပ်စိုးမည့် ဒါဝိဒ်၏စုံလင်သောလူသားမျိုးနွယ်ဖြစ်သည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် ဘုရားသခင်၏သားတော်အနေဖြင့် ယေရှုသည် မြင့်မြတ်သော ဘုရင်အဖြစ်လည်းကောင်း၊ လူသားအပြည့်အဝဖြစ်သော ဘုရင်အဖြစ်လည်းကောင်းရှိနေကြောင်းကို အလေးပေးဖော်ပြသည်။ စကြဝဠာအပေါ်ဘုရားသခင်၏အုပ်စိုးခြင်းဆိုင်ရာ ဓမ္မဟောင်းကျမ်း၏ မျှော်လင့်ချက်များ၊ ဒါဝိဒ်ဆိုင်ရာမေရှိယ၏ အုပ်ချုပ်မှုအတွက် ဓမ္မဟောင်းတွင်စတင်ခဲ့သည့် မျှော်လင့်ချက်များသည် ယေရှု၏ရှင်ဘုရင်ဖြစ်ခြင်းတွင် ပြည့်စုံသည်။

ယခုအချိန်အထိ၊ ကျွန်ုပ်တို့သည် ယေရှုကိုယုံကြည်ခြင်း၏ အဓိကအကြောင်းအရာများနှင့် ခရစ်တော်နှင့်ဘုရားသခင်၏သားတော်အဖြစ် ယေရှု၏ဝိသေသလက္ခဏာတို့ကို လေ့လာခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်၊ ယခုခရစ်တော်ကို ယုံကြည်သူများထံသို့ ရောက်ရှိလာသော အသက်၏ကောင်းချီးမင်္ဂလာ အကြောင်းကို လေ့လာရန် ကျွန်ုပ်တို့အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

# အသက်

ယောဟန်သည် သူ၏ခရစ်ဝင်ကျမ်းတွင် "အသက်" ဟူသောစကားလုံးကို ၃၆ ကြိမ်အသုံးပြုခဲ့သည်။ အခြားခရစ်ဝင်ကျမ်းရေးသူသုံးဦးသည် ၎င်းကို စုစုပေါင်း ၁၆ ကြိမ် အသုံးပြုခဲ့သည်။ သို့သော် ဤခရစ်ဝင်ကျမ်းတွင် ၎င်းကိုအသုံးပြုသည့်အကြိမ်အရေအတွက်မျှသာမဟုတ်၊ ထို"အသက်"သည် ကြီးမားသောအရေးပါမှုကိုဖော်ပြသည်။ ၎င်း"အသက်"သည် ဇဝံဂေလိသတင်းစကားတွင်ပါဝင်သည့် အခန်းကဏ္ဍလည်းဖြစ်သည်။ ယောဟန် ၁၇:၃ တွင် ယေရှုသည် "အသက်" ကို ဤနည်းဖြင့် အဓိပ္ပါယ်ဖွင့်ဆိုခဲ့သည်_

> ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင် တဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုငင်း၊ စေ လွှတ်တော်မူသော ယေရှုခရစ်ကိုငင်း၊ သိကျွမ်းခြင်းတည်း (ယောဟန် ၁၇:၃)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဟုတ်ပါသည်၊ ဤသိကျွမ်းခြင်းသည် ဘုရားသခင်နှင့်ပတ်သက်၍ နားလည်သဘောပေါက်သည့် အသိဉာဏ်ထက် များစွာပိုပါသည်။ ၎င်းတွင် ဘုရားသခင်နှင့်ပတ်သက်သော ဆင်ခြင်တုံတရားဆိုင်ရာ သိမြင်မှုအတိုင်းအတာတစ်ခုပါဝင်သည်။ သို့သော် ပို၍အရေးကြီးသည်မှာ၊ ၎င်းသည် သူနှင့်ဆက်ဆံရေး တစ်ခုဖြစ်သည်—

သူ၏တည်ရှိမှုနှင့်ကျွန်ုပ်တို့၏ဘဝတွင်ပါဝင်ပတ်သက်မှု၏ပုဂ္ဂိုလ်ရေးအတွေ့အကြုံတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ဖန်ဆင်းရှင်နှင့် ဤမိတ်သဟာယဖွဲ့ခြင်းသည် လူသားဖြစ်တည်ခြင်း၏ အဓိကပန်းတိုင်တစ်ခု ဖြစ်သည်။

ယောဟန် ၃:၁၆ အရ၊ ဤအသက်ကို "ထာဝရ" ဟုလည်းခေါ်ဆိုနိုင်သည်၊ ၎င်းသည် အဆုံးမရှိဟု ဆိုလိုသည်။ သို့သော် ဤထာဝရအသက်ကိုရရှိရန် ကျွန်ုပ်တို့သည်သေရန်မလိုအပ်ကြောင်း ယောဟန် ရှင်းလင်းစွာဆိုသည်။ အမှန်တွင်၊ ယုံကြည်သူများသည် ထာဝရအသက်ကို ပိုင်ဆိုင်ထားပြီးဖြစ်သည်။ ရှင်ယောဟန် ၅း၂၄ တွင် ယေရှုပြောခဲ့သည့်အတိုင်း_

> ငါအမှန်အကန်ဆိုသည်ကား၊ ငါ့စကားကို နားထောင်၍ ငါ့ကိုစေလွှတ်တော်မူသောသူကို ယုံကြည် သောသူသည် ထာဝရအသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကိုမခံရ။ သေခြင်းမှအသက်ရှင်ခြင်းသို့ ကူးမြောက်သော သူဖြစ်၏ (ယောဟန် ၅း၂၄)။

အသက်သည် သခင်ယေရှုကိုယုံကြည်သောသူတို့အတွက် ဘုရားသခင်ပေးသောလက်ဆောင် ဖြစ်ပြီးဖြစ်သည်။

> ထာဝရအသက်နှင့် ယှဉ်တွဲသော စကားလုံးများသည် သမ္မာကျမ်းစာ၌ မကြာခဏ တွေ့မြင်နေရသောကြောင့် ကျွန်ုပ်တို့ထံ အလွယ်တကူ ရောက်ရှိလာသည်။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းဆုကျေးဇူးများထဲမှ တစ်ခုသည် ခရစ်တော်အားဖြင့် ထာဝရအသက်ဖြစ်သည်ကို ကျွန်ုပ်တို့သိပါသည်။ သို့သော် ကျွန်ုပ်တို့သည် အစီအစဉ်အတိုင်းဖြစ်နေသော ဖန်ဆင်းခံများဖြစ်သည်ကိုသင်သိပါသလား။ ၎င်းသည် ကျွန်ုပ်တို့ထင်သည့်အတိုင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် စက္ကန့်နှင့် မိနစ်၊ နာရီ၊ နေ့ရက်၊ လများနှင့် နှစ်များဆိုင်ရာအသုံးအနှုန်းများကိုတွေးတောပြီး၊ ထာဝရအသက်သည် ရှည်လျားသောပြက္ခဒိန်တစ်ခု၊ အဆုံးမရှိသော ပြက္ခဒိန် တစ်ခုဖြင့် ယခု ကျွန်ုပ်တို့သိထားသောအသက်ဖြစ်သည်ကို စဉ်းစားရန် လွယ်ကူပါသည်။ အမှန်တကယ်တွင် ၎င်းသည် ထာဝရအသက်၏ သမ္မာကျမ်းစာ သဘောတရားမဟုတ်ပါ။ သမ္မာကျမ်းစာပါ ထာဝရအသက်၏ ပထမအဓိပ္ပာယ် သည် ဘုရားသခင်၌ရှိသောအသက်ဖြစ်သည်။ ထာဝရဖြစ်သော ဘုရားသခင် ဖြစ်သည်။ ဘုရားသခင်နှင့် ကိုယ်တော်၏လူသားများဖြစ်ကြသော ကျွန်ုပ်တို့ ဖန်ဆင်းခံများအကြား ခြားနားချက်တစ်ခုမှာ ကျွန်ုပ်တို့သည် အလွန်မတည်မြဲ ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် အချိန်ဟူသည်ကိုခံစားရသည်။ သို့သော်

ဘုရားသခင်တွင်အချိန်ဟူ၍မရှိပါ။ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ပေးဆပ်ခဲ့သော အပြစ်ဖြေခြင်းအားဖြင့်၊ ခရစ်တော်၌ရှိသောသူတို့သည် ဘုရားသခင်၏ ထာဝရအသက်ထဲသို့ ဝင်စားရကြသည်။ ထို့ကြောင့်၊ ထာဝရ အသက်ဆိုသည်မှာ ဘုရားသခင်နှင့်အတူ ခရစ်တော်၌ထာဝရအသက်ရှင်နေခြင်း ကို ဆိုလိုသည်။ စာမျက်နှာများမည်သည့်အခါမှမကုန်နိုင်သည့် ပြက္ခဒိန်တစ်ခု မျှသာမဟုတ်ပါ။ ၎င်းသည် ဘုရားသခင်ကိုယ်တော်တိုင်၌ အခြေတည်ကာ၊ ကိုယ်တော်သည်ထာဝရဖြစ်သည်ဟူသောအချက်တွင် တည်ရှိနေခြင်းဖြစ်သည်။ သို့သော်၊ ထိုအတွဲတွင်ရှိသော "အသက်" ဟူသောဒုတိယစကားလုံးသည် အမှန်တကယ်အရေးကြီးသည်၊ အကြောင်းမှာ သမ္မာကျမ်းစာတွင် အသက်ရှင်ခြင်းနှင့် သေခြင်းကြား ခြားနားမှုရှိနေသောကြောင့်ဖြစ်သည်။ တရားစီရင်ပြီးနောက်၊ ထာဝရအသက်နှင့် ဒုတိယသေခြင်းကြား ခြားနားချက်တစ်ခုရှိသည်။ ထို့ကြောင့်၊ ထာဝရအသက်သည် ခရစ်တော်၌ အပြစ်လွှတ်ခြင်းခံရသောသူများကို အတည်ပြုချက်ဖြစ်ပြီး၊ ဘုရားသခင်နှင့် ခရစ်တော်နှင့်အတူရှိသောအသက်သည် ထာဝရဖြစ်သည်ကို ကျွန်ုပ်တို့ သိကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မျက်မှောက်တော်၌ ထာဝရတည်ရှိ နေသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဘုန်းတော်နှင့် နှစ်သိမ့်မှုနှင့် ဝမ်းမြောက် ရွှင်လန်းမှုနှင့် ဘုရားသခင်၏မျက်မှောက်တော်၌ နေရခြင်းအရသာနှင့် ကိုယ်တော်အားထာဝစဉ်ချီးမွမ်းခြင်းအကြောင်းဖြစ်သည့် အချိန်ဟူ၍မရှိသော၊ ထာဝရတည်ရှိနေသည့် အခြေအနေတစ်ခုသို့ ကျွန်ုပ်တို့ ဝင်ရောက်ကြသည်။ ၎င်း၏ ဆန့်ကျင်ဘက်သည်ငရဲဖြစ်ပြီး၊ ဒုတိယသေခြင်းဟု သတ်မှတ်သည်။ ထို့ကြောင့်၊ ဤနေရာတွင် ကျွန်ုပ်တို့ပြောနေသည့် ထာဝရအသက်သည် အဆုံးမရှိသောသက်တမ်းမျှသာမဟုတ်ပါ။ ၎င်းသည် ငရဲ၌ ထာဝရနေရမည့် အစား ခရစ်တော်နှင့်အတူရှိခြင်း၊ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်း၏ ကြွယ်ဝမှုဖြစ်သည်။

**Dr. R. Albert Mohler, Jr.**

ထာဝရအသက်သည် ဘုရားသခင်၏တရားစီရင်ခြင်းမှ အဆုံးမရှိသော ပျော်ရွှင်မှုနှင့် ငြိမ်သက် ခြင်းဆီသို့ လွတ်မြောက်ခြင်းဆုကျေးဇူးတစ်ခုဖြစ်သည်။ ၎င်းကို သားတော်ယေရှုကို ယုံကြည်ခြင်း ဖြင့်သာ ဘုရားသခင်ထံမှ ရရှိနိုင်သည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် ၎င်းအတွက် အနည်းဆုံး အကြောင်းရင်းနှစ်ခုကို အလေးပေးဖော်ပြသည်။ ပထမ၊ ယောဟန် ၁:၁-၅၊ ၅:၂၆၊ ၁၁:၂၅၊ နှင့် ၁၄:၆ တွင် ကျွန်ုပ်တို့ လေ့လာခဲ့သည့်အတိုင်း၊ ယေရှုသည် ဖန်ဆင်းရှင်နှင့် အသက်၏ရင်းမြစ်ဖြစ်သည်။ ထို့ကြောင့်၊ ယေရှုသည် မိမိဆန္ဒရှိသူများကို အသက်ပေးပိုင်ခွင့်ရှိသည်။ အမှန်တကယ်၊ ယေရှုသည် ယောဟန် ၅:၂၁ တွင် ဤအချက်ကို အတိအလင်းဖော်ပြခဲ့သည်။

ဒုတိယအကြောင်းရင်းမှာ၊ ထာဝရအသက်ကို သခင်ယေရှုအားဖြင့်သာရရှိနိုင်ခြင်းသည် ယေရှု တစ်ပါးတည်းသာ အသက်၏နှုတ်ကပတ်တော်များကို ပိုင်ဆိုင်ထားသောကြောင့်ဖြစ်သည်၊ ဆိုလိုသည်မှာ ၎င်းသည် လူတို့အား ဘုရားသခင်အားသိကျွမ်းခြင်းဆိုင်ရာ ကယ်တင်ခြင်းသို့ပို့ဆောင်ပေးသည့် ဧဝံဂေလိ သတင်းစကားဖြစ်သည်။ ယောဟန် ၆:၆၃၊ ၁၂:၄၉-၅၀ တို့တွင် ယေရှုရှင်းပြခဲ့သည်။ ယောဟန် ၆း၆၈ တွင်ယေရှုသည်

"ဘုရားသခင်၏သားတော်"၊ သို့မဟုတ် ယောဟန် ၁:၁၈ တွင် "တစ်ပါးတည်းသောသားတော်" ဟု ပေတရုအတည်ပြုခဲ့သည်။ သခင်ယေရှုကဲ့သို့ ကောင်းကင်ခမည်းတော်အား အခြားမည်သူမျှ ထုတ်ဖော် ပြသခြင်း မရှိသေးပါ။ အကြောင်းမှာ သခင်ယေရှုကဲ့သို့ ကောင်းကင်ခမည်းတော်ထံမှ အခြားမည်သူမျှ ဆင်းကြွမလာပါ။ ဘုရားသခင်ကို ထုတ်ဖော်ပြသသူအဖြစ် ယေရှု၏ထူးခြားသောအခန်းကဏ္ဍသည် ကျွန်ုပ်တို့အားခမည်းတော်အားပြသပြီး ထာဝရအသက်ကိုပေးရန် ကြွလာတော်မူသော "တစ်ပါးတည်း သောသားတော်"အဖြစ် သူ၏ဝိသေသလက္ခဏာတွင် အခြေခံထားသည်။

ထို့ကြောင့်၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်းတစ်လျှောက်လုံး၊ ယေရှုသည် ယုံကြည်သူတိုင်းအတွက် အသက်ကို ပေးသူဖြစ်သည်။ မယုံကြည်သူများသည် သူ၏စကားများကို နားမလည်ကြသောကြောင့် သူပေးသောအသက်ကို ငြင်းပယ်ကြသည်။ သို့သော် ယုံကြည်သူများသည် ထာဝရအသက်ကို ယခုပင် ရရှိကြပြီး၊ အနာဂတ်တွင် မရေတွက်နိုင်သော ကောင်းချီးမင်္ဂလာများကို ရရှိကြမည်ဖြစ်သည်။

# နိဂုံး

---

ဤသင်ခန်းစာတွင်၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်းရေးသူနှင့် ရေးသားသည့်အချိန်အခါအလိုက် ခရစ်ဝင်ကျမ်း၏နောက်ခံသမိုင်းကို ကျွန်ုပ်တို့ ရှာဖွေလေ့လာထားပါသည်။ ကျွန်ုပ်တို့သည် ၎င်း၏ဖွဲ့စည်း ပုံနှင့် အကြောင်းအရာကို ခြုံငုံသုံးသပ်ထားပါသည်။ ယုံကြည်ခြင်း၏အဓိကအကြောင်းအရာများ၊ ခရစ်တော်နှင့်ဘုရားသခင်၏သားတော်အဖြစ် ယေရှု၏ဝိသေသလက္ခဏာနှင့် သူ၏နာမ၌အသက်၏ ကောင်းချီးမင်္ဂလာများအကြောင်းကို ကျွန်ုပ်တို့ထည့်သွင်းလေ့လာထားပါသည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် ယေရှုသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာဆိုင်ရာ ကတိတော်များအားလုံး၏ ပြည့်စုံမှုဖြစ်ကြောင်း ကျွန်ုပ်တို့ကိုပြသသည်။ ယေရှုသည် ခရစ်တော်ဖြစ် သည်။ သခင်ယေရှုသည် ဘုရားသခင်၏ကယ်တင်သောသားတော်ဖြစ်သောကြောင့် ဘုရားသခင် ပေးထားသည့် ဘုန်းကြီးသောကတိတော်တိုင်းကို သူသည်လုပ်ဆောင်နိုင်ပြီး စောင့်ရှောက်မည်ဖြစ်သည်။ ထိုကတိတော်များနှင့် ထိုကယ်တင်ခြင်းတွင် ထာဝရအသက်၏အံ့ဖွယ်ဆုကျေးဇူးလည်း ပါဝင်သည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို ကျွန်ုပ်တို့ဖတ်ရှုနေစဉ် ဤမျှော်လင့်ချက်များကိုစွဲကိုင်ထားမည်ဆိုပါက၊ ၎င်းကို နားလည်ပြီးကျွန်ုပ်တို့၏ဘဝအသက်တာတွင် လိုက်နာကျင့်သုံးရန် ပိုမိုကောင်းမွန်စွာ ပြင်ဆင်နိုင် မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အသက်ရှင်စဉ်တွင်၎င်းတို့ကို စိတ်နှလုံးထဲတွင် သိမ်းဆည်းထားမည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဆိုလျှင်၊ ဘုရားသခင်ကို ချီးမွမ်းရန်နှင့် သားတော်ယေရှုအားဖြင့် ကျွန်ုပ်တို့အားပေးတော်မူသော ထာဝရအသက်ကိုရရှိခံစားရန် ပိုမိုကောင်းမွန်စွာ ပြင်ဆင်ထားနိုင်မည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။